# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက် | ၂၀၁၉ ခုနှစ်၊ ဧပြီ ၁၂ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ် (၁၉၄)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် ဘင်းစတက်ခ်အပါအဝင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ မျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဧပြီ ၁၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တတိယအကြိမ်မြောက် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး တက်ရောက်ရန် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး မစ္စတာ တီလက်မာရာပါနာအား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံဆက်ဆံရေး၊ စီးပွားရေး၊ ခရီးသွားလုပ်ငန်း၊ သာသနာရေး၊ လူမှုယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် ဘင်းစတက်ခ်အပါအဝင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ မျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးနှင့် သီရိလင်္ကာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး မစ္စတာ တီလက်မာရာပါနာ အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

**နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ တတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

## ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီက ရခိုင်ပြည်နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လူမှုအဖွဲ့အစည်းများမှတစ်ဆင့် ထောက်ပံ့ငွေပေးအပ်


စာမျက်နှာ - ၃



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# သင်္ကြန်ခါတော် ရေကစားကြတာ...

မြန်မာလူမျိုးတို့၏ နှစ်သစ်ကူး အခါသမယသို့ တဖြည်းဖြည်းချင်း ချဉ်းနင်းဝင်ရောက်လာနေသောအချိန် ဖြစ်သည်။ စိန်ပန်းနီနီ၊ ငု၊ ပိတောက်၊ ကံ့ကော် အစရှိသည့် အရောင်အသွေးစုံလင် စူးရဲလှပသည့် နွေပန်းတို့၏ သင်းပျံ့မွှေးကြိုင်မှုနှင့်အတူ ဒိုးသံသဲ့သဲ့ သင်္ကြန်သီချင်း မြိုင်မြိုင်တို့က မြန်မာတို့၏ ရင်ကို မြူးကြွလာစေချေပြီ။

ပြည်တွင်းနေသူတို့ မဆိုထားဘိ၊ ပြည်ပနိုင်ငံအသီးသီးရောက်နေကြသော မြန်မာတို့သည် သင်္ကြန်၏ လှုပ်နှိုးခြင်းကို နှလုံးသားထဲရောက်သည်ထိ ခံစားနေကြရပြီ။

ပိတောက်ဝါနှင့် သင်္ကြန်ရေဆိုသည်က တွေးမိရုံမျှဖြင့် လှပ်ခနဲ အေးခနဲ ဖြစ်သွားစေသည်ကိုး။

မူလ သိမီဖူးသမျှ သင်္ကြန်ရေဟူသည် နှစ်သစ်ကူးကာလ အေးစေ၊ မြစေ၊ ငြိမ်းစေ၊ ချမ်းစေ ဟူ၍ စိုရုံ စွတ်ရုံ ဖျန်းပက်ကြသည့် အလေ့။ သည့်နောက်တော့ လောင်းချလိုက်ရမှ အားရတော့သည်။ ဦးခေါင်းဆံဖျားမှသည် ခြေဖမိုးထိ တစ်ကိုယ်လုံးရွှဲရွှဲစိုသွားမှ လောင်းသူ၏ တာဝန်ကျေတော့သည့်ခေတ်သို့ ရွေ့လျားလာ။


သည့်နောက်တော့ စိုရုံမျှမက နာသွား ကျင်သွားမှ ကျေနပ်သွားမှ အားရဝမ်းသာဖြစ်ကြသည့် ခွက်စောင်းခုတ်၊ ပိုက်ကြီး ပိုက်သေး၊ တွန်းအားပြင်းပိုက်၊ စူးရှနာကျင်ပိုက်၊ ရေပူဖောင်း အရှိန်အဟုန်ပြင်းပြင်း စသည်စသည်တို့နှင့် သူ့ထက်ငါ လူစွမ်းကောင်းလုပ်ကြ၊ လောင်းကြ၊ ပက်ကြ၊ ထိုးကြ၊ ပစ်ကြ ဖြစ်လာ။

ယဉ်ကျေးမှုကို အမှီပြုသည့် စီးပွားရေးက လွှမ်းမိုးကျယ်ပြန့်လာသည့်အခါ ပိတောက်အတု၊ ရေဖလား၊ ပလတ်စတစ်ရောင်စုံ သေနတ်၊ မျက်နှာဖုံး အမျိုးမျိုး၊ ခေတ်မီ တယ်လီဖုန်းရေမစိုသည့် အိတ်၊ အရက်စုံ ဘီယာစုံတို့က သင်္ကြန်နှင့်အတူ စည်ဝေလာ။ ငွေပေါများသူတို့ စင်မြင့်ထက်၊ မော်တော်ကားများထက်က ပျော်ရွှင်ကြသည်များကို မတတ်နိုင်သူများက လမ်းပေါ်က ကြည့်မောပျော်ရွှင်ကြရ။ ရေအသုံးများသည့်ဒဏ်၊ ရေရှားလို့ ဒုက္ခရောက်ကြသည့်ဒဏ်များကိုတော့ အတူတူခံကြစို့ရဲ့။

ခုနှစ်အနည်းငယ်တွင်းမတော့၊ မန္တလေးကစလိုက်သည့် လမ်းလျှောက်သင်္ကြန်အစီအစဉ်က ကြမ်းတမ်းရိုင်းပျမှုများကို အတော်အသင့် လျော့ပါးစေနိုင်သည့်ပြင် လူများစုအနေဖြင့် ပိုမိုပူးပေါင်း ပါဝင်ပျော်ရွှင်လာနိုင်သည့်အတွက် ပြည်သူတို့ကြိုက်သည့် နှင်းဆီခိုင် အစီအမံဖြစ်လာသည်။ ရန်ကုန်နှင့် အချို့သော မြို့ကြီးများသို့ပါ ရောက်ရှိလာသည့် လှုပ်ရှားမှုဖြစ်လာသည့်အတွက် သင်္ကြန်၏ တူရူပါ ရွေ့လျားပြောင်းလဲလာခဲ့သည်ဟု ထင်၏။

ပြည်သူတို့၏ ပျော်ရွှင်မှုဟူသည် ငွေကုန်ကြေးကျများမှရသည် မဟုတ်။ သူတစ်ပါးနာကျင်ထိခိုက်မှုရသည်မဟုတ်။ ရေများ အလွန်အကျွံဖြုန်းတီးသွန်ချပြီးမှ ရသည်မဟုတ်။ ရိုးရာဓလေ့ ယဉ်ကျေးမှုနှင့် တွဲဖက်နေသည့် ပျော်ရွှင်မှုကို မည်သို့မည်ပုံ ရရှိကြစေနိုင်မည်နည်း။ မည်သို့မည်ပုံ မြှင့်တင်နိုင်ကြမည်နည်း။ မည်သို့မည်ပုံ ရေရှည်ကောင်းမွန်တည်တံ့အောင် ဖန်တီးနိုင်ကြမည်နည်း။ စသည့် မေးခွန်းများကို ဖြေကြား အဖြေရှာလိုက်နာကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ယဉ်ကျေးမှုဓလေ့ထုံးစံ ရိုးရာအစဉ်အလာတို့ကို မြှင့်တင်ရင်း လူမှုအဖွဲ့အစည်း၏ အနာဂတ်ကိုပါ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြမည်၊ ပိုမိုတိုးတက်လာစေမည်ဟု ယုံကြည်ပါကြောင်း အစီရင်ခံအပ်ပါသည်။ ။

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့် -၂ (Phase-2)တွင် ကဏ္ဍအလိုက် ထုတ်ချေးထားမှုအခြေအနေ(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ)**



# ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် မေ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ရိုးရာပွဲတော်များကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ **"ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားပါမည်။ အဆိုပါပြိုင်ပွဲကို တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ပေါ်လွင်ထင်ဟပ်စေသော ယဉ်ကျေးမှုပွဲတော်များ၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်သော ပွဲတော်များကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

( ခ ) ပြိုင်ပွဲဝင်ဓာတ်ပုံသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံဖြစ်ရမည်။

( ဂ ) ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ × ၁၄ လက်မ အရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ဃ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။

( င ) ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရပါ။

( စ ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများမဖြစ်ရပါ။

(ဆ) ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား၊ ၁၀ လက်မ × ၁၄ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy (CD) တို့ကို ပူးတွဲပေးပို့ရမည်။

( ဇ ) ပြိုင်ပွဲဝင်ဓာတ်ပုံတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသ၊ ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကို ဓာတ်ပုံတိုင်း၏နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်၍ တစ်ပါတည်း ပူးတွဲတင်ပြပါရှိရမည်။

( ဈ ) ပြိုင်ပွဲဝင်ဓာတ်ပုံများအား ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာ ပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား **ပထမဆု** သုံးသိန်းကျပ်၊ **ဒုတိယဆု** နှစ်သိန်းငါးသောင်း၊ **တတိယဆု** နှစ်သိန်းကျပ်နှင့် အထူးဆု တစ်သိန်းကျပ်စီ စုစုပေါင်း ဆုရှစ်ဆု ချီးမြှင့်သွားမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၉ ခုနှစ်၊ မေ ၂၃ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၈) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် မေ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၈) ကို ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။




၁၅-၄-၂၀၁၉ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ် (၈)တွင် "ရာသီဥတု ပြောင်းလဲမှုကို အန်တု၍ သီးနှံစိုက်ပျိုးရန် ကြိုတင်စီမံခြင်း၊ တောင်သူလယ်သမားတို့ တွေ့ကြုံခဲ့ရသော လယ်ယာမြေစနစ်များကို အခြေခံ၍ ဆေးဖက်လည်းဝင် ဝင်ငွေလည်းရ ရုံးပတီပင်ကို စိုက်ပျိုးကြ၊ ကျရိပ်မြင်နေတဲ့ နွေစပါးဈေးကွက်၊ ထိုင်ဝမ်ပြောင်းများ ဈေးကောင်းရသည့်အတွက် နွေသီးနှံအဖြစ် တွင်ကျယ်စွာ စိုက်ပျိုး၊ ချင်းပြည်နယ်ထွက် စတော်ဘယ်ရီသီးများ အရောင်းသွက်၍ ဈေးကောင်းရ" စသည့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများနှင့်သတင်းများ၊ "နို့စားနွားမွေးမြူ ရေးလုပ်ငန်းနှင့် နို့ပေးနွားမများ၏ သက်သာချောင်ချိမှု၊ ငါးသယံဇာတရေရှည်ထိန်းသိမ်းပြီး ပြည်တွင်းဖူလုံရေးသာမက ကမ္ဘာ့ငါးဈေးကွက်ကို ထိုးဖောက်ရန်လိုအပ်၊ ရာသီဥတုပူပြင်းမှုကြောင့် အသားတိုးကြက်များ သေဆုံးမှုမြင့်တက်၊ မိုးသံလေသံကြားရင်ဖြင့်" စသည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများနှင့် သတင်းများ ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အတူ ဆရာကြီး လယ်တွင်းသားစောချစ်၏ "ဒုတိယအရွယ်" အခန်းဆက် ဝတ္ထုရှည်၊ "ဆုတောင်းသုံးခု" ပုံပြင်၊ "အလှူဒါနလွှမ်းခြုံသည့် မြန်မာ့နှစ်ဆန်းချိန်ခါ၊ နွေသင်္ကေတ ရေသယံဇာတနှင့် နည်းမှီဖွယ် ဆိုထုံးစကား၊ အဟောအပြော၊ စိမ်းလန်းဝေဖြာ ကျွန်းသာယာ" စသည့် သုတရသဆောင်းပါးများ၊ "ဆင်ရေယုန်အတွက် ခေတ်သိပ္ပံ ဆေးကုထုံးနှင့် သဘာဝပတ်ဝန်းကျင် ကုထုံးများ၊ အပူလျှပ်ခြင်းနှင့် ခရမ်းလွန်ရောင်ခြည်ကာကွယ်ခြင်း" စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများလည်း ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းနှင့် ဆောင်းပါးများ၊ ဒို့ကျေးရွာပေးစာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်း မျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့်ဗဟုသုတ ရရှိစေမည့်အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြက်ကိုင်း - နတ်စဖို - ဝမ်းတွင်း ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲ ကျင်းပ

**တောင်ကုတ် မေ ၁၁**

ဂျပန်နိုင်ငံအစိုးရ၏ထောက်ပံ့မှု၊ ရခိုင်ပြည်နယ်အစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု (UNDP Myanmar) တို့ ပူးပေါင်းအကောင်အထည်ဖော် ဖောက်လုပ်ခဲ့သည့် တောင်ကုတ်မြို့နယ် ကြက်ကိုင်းအုပ်စု ကြက်ကိုင်း-နတ်စဖို-ဝမ်းတွင်း ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကြက်ကိုင်းကျေးရွာ ကြက်ကိုင်း-နတ်စဖို-ဝမ်းတွင်းလမ်း၌ ကျင်းပသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးလေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း အရှည် ၁ ဒသမ ၇၅ မိုင်ကို အကျယ် ပေ ၂၀၊ ထု ၃ ပေ၊ မြေသားလမ်း ဖောက်လုပ်ခြင်း အကျယ် ၁၄ ပေ၊ ထု ၆ လက်မ၊ ဖြန်းကျောက်စရစ် အမာခံလမ်းထု ၅ ပေ၊ အကျယ် ၁၄ ပေ၊ တံတားငယ် ခုနစ်စင်းဆောက်လုပ်ခြင်းတို့အတွက် ရန်ပုံငွေကျပ်သန်း ၁၇၁ ဒသမ ၃၈ သန်းဖြင့် တက်ဘုန်းရောင်တိုးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကြက်ကိုင်း - နတ်စဖို - ဝမ်းတွင်း ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

**ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်း တွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တ နေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရား ကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့ အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပမိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင် များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက် ပြောပါ ရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီက ရခိုင်ပြည်နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လူမှုအဖွဲ့အစည်းများမှတစ်ဆင့် ထောက်ပံ့ငွေပေးအပ်

စစ်တွေ မေ ၁၁

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် စစ်တွေမြို့ ကုန်တန်းရပ်ကွက်ရှိ သဒ္ဓမ္မဂရုကျောင်းတိုက်သို့ သွားရောက်ကာ စစ်တွေမြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ပြီး ဩဝါဒခံယူသည်။**



ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ရှေးဦးစွာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် အထောက်အကူပြုကော်မတီအနေဖြင့် စစ်တွေမြို့သို့ လာရောက်ရခြင်းဖြစ်ပါကြောင်း၊ ခရီးစဉ်အတွင်း ရခိုင်နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ပညာရှင်များအပါအဝင် တွေ့သင့်တွေ့ထိုက်သည့် လူပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ကော်မတီက ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး ရှင်းလင်းလျှောက်ထားသည်။

### ဩဝါဒခံယူ

ထို့နောက် စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ ဒက္ခိဏာရာမကျောင်းတိုက်၏ ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်နယ်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တစန္ဒထံမှ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ဩဝါဒခံယူကြသည်။

ဆက်လက်၍ သဒ္ဓမ္မဂရုပုသိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ မဏိရတနာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောမ၊ ကြွဖြူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇဝံသ၊ ဓမ္မသုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောမနှင့် ပြည်နယ်သံဃာ့ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဆရာတော်၊ သံဃာတော်များထံမှ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ဩဝါဒခံယူသည်။

ယင်းနောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ကော်မတီဝင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းတို့က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ဆရာတော်၊ သံဃာတော်များကလည်း ပါဝင်ကူညီပေးပါရန် လျှောက်ထားကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီက တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်ပွဲကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြောက်ဦးနှင့် ကျောက်တော်မြို့နယ်တို့မှ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရေတို၊ ရေရှည် လုပ်ငန်းစဉ်များ

ထောက်ပံ့ပေးအပ်ပွဲတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် အခက်အခဲရှိနေသူများ၊ စစ်ဘေးရှောင် ဒုက္ခသည်များနှင့် ပတ်သက်၍ အထောက်အပံ့အကူအညီပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် အဓိက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် တွေ့သင့်တွေ့ထိုက်သူများနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် တင်ပြချက်၊ အကြံပြုချက်များကိုရယူပြီး နိုင်ငံတော်အစိုးရသို့ ရေတို၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အစီရင်ခံစာတင်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စအတွက် ရခိုင်ပြည်နယ်ကို လာရောက်ခြင်းဖြစ်ပါကြောင်း၊ ယခုခရီးစဉ်တွင် ကျောက်တော်မြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများအတွက် လူမှုကူညီရေးအဖွဲ့များမှ တစ်ဆင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မြောက်ဦး၊ ကျောက်တော်မြို့နယ်တို့မှ ရပ်မိရပ်ဖများ၊ လူမှုအဖွဲ့အစည်းများကလည်း ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် အကြံပြုတင်ပြလိုသည့် အချက်အလက်များ ရှိပါက တင်ပြပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကော်မတီဖွဲ့စည်းရခြင်းရည်ရွယ်ချက်နှင့် တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပေးအပ်သွားမည့် အစီအစဉ်များကို ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက မြောက်ဦးမြို့နယ်ရှိ စခန်း ၁၉ ခုမှ တိုက်ပွဲရှောင်ပြည်သူ ၆၂၆၂ ဦးအတွက် ငွေကျပ် ၅၆၃ ဒသမ ၅၈ သိန်းပေးအပ်ရာ မြောက်ဦးမြို့ ရတနပါလ နာရေးကူညီမှုဖောင်ဒေးရှင်းမှ ဦးအောင်သိန်းက လက်ခံရယူသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကျောက်တော်မြို့နယ်ရှိ စခန်းခုနစ်ခုမှ တိုက်ပွဲရှောင်ပြည်သူ ၂၇၂၆ ဦးအတွက် ငွေကျပ် ၂၄၅ ဒသမ ၃၄ သိန်း ပေးအပ်ရာ ကျောက်တော်မြို့ ရပ်မိရပ်ဖ ဦးအောင်ကျော်သိန်းက လက်ခံရယူသည်။

ထို့နောက် ကျောက်တော်မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ဝင်းက တက်ရောက်လာသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

### အကြံပြုတင်ပြ

ဆက်လက်၍ မြောက်ဦးမြို့နယ်နှင့် ကျောက်တော်မြို့နယ်တို့မှ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများက လက်ရှိဖြစ်ပွားနေသည့် တိုက်ပွဲများလျှော့ချရန်၊ ဖြစ်ပေါ်နေသည့် ပဋိပက္ခများအား နိုင်ငံရေးနည်းဖြင့် အဖြေရှာရန်၊ မိုးရာသီကျရောက်တော့မည်ဖြစ်သဖြင့် တိုက်ပွဲရှောင်ပြည်သူများအတွက် စားဝတ်နေရေး၊ ကျန်းမာရေးအတွက် ဆောင်ရွက်ပေးရန် အကြံပြုတင်ပြကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**




ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် မြောက်ဦးမြို့နယ်ရှိ စခန်း ၁၉ ခုမှ တိုက်ပွဲရှောင်ပြည်သူ ၆၂၆၂ ဦးအတွက် ငွေကျပ် ၅၆၃ ဒသမ ၅၈ သိန်း ပေးအပ်စဉ်။

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကျင်းပ

**နေပြည်တော် မေ ၁၁**

ဝန်ထမ်းများချစ်ခင်ရင်းနှီးစွာဖြင့် မြန်မာ့ရိုးရာအတာသင်္ကြန်ကို ပါဝင်ဆင်နွှဲပြီး နှစ်သစ်ကိုပျော်ရွှင်စွာကြိုဆိုနိုင်ရန်နှင့် ဌာနတွင်းဝန်ထမ်းများ စည်းလုံးညီညွတ်မှု တိုးပွားစေရန်ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပထမအကြိမ်မြောက် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁)၌ ကျင်းပသည်။

**ပါဝင်တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ၊ ဝန်ထမ်းများ၊ မိသားစုများ ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဆံတော်ရှင်ကန်ကြီးစေတီတော်မြတ် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်

**မုဒုံ မေ ၁၁**

မွန်ပြည်နယ် မုဒုံမြို့၏ ကျက်သရေဆောင် ဆံတော်ရှင် ကန်ကြီးစေတီတော်မြတ်၏ စိန်ဖူးတော်၊ ရွှေစင်ရွှေသား ငှက်မြတ်နားတော်အသစ်နှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယမန်နေ့က မုဒုံမြို့ကန်ကြီးစေတီတော်မြတ်အတွင်း၌ ကျင်းပသည်။

**ကိုးပါးသီလခံယူ**

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မုဒုံမြို့ ကျောက်ဝိုင်းကျောင်းဆရာတော် ဦးဓမ္မသေနထံမှ ဧည့်ပရိသတ်အပေါင်းတို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆံတော်ရှင်ကန်ကြီးစေတီတော်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်နှင့် ရွှေစင်ရွှေသား ငှက်မြတ်နားတော်အသစ်တို့ကို ကျောက်ဝိုင်းကျောင်းဆရာတော်ထံ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမိုးအောင်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်သီဟနှင့် ဇနီးတို့က ဆက်ကပ်လှူဒါန်းသည်။

**ရေစက်သွန်းချ**

ယင်းနောက် ကြွရောက်ချီးမြှင့်တော်မူကြသော ဩဝါဒဆရာတော်ကြီးများနှင့် သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတီတော်ဂေါပက အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မုဒုံမြို့ ကျောင်းသစ်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် နယ်လှည့်ဓမ္မကထိက အရှင်စန္ဒန (လမင်းဆရာတော်) ထံမှ ဧည့်ပရိသတ်အပေါင်းတို့က အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ဆက်လက်၍ ဆံတော်ရှင်ကန်ကြီးစေတီတော်မြတ်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်နှင့် ရွှေစင်ရွှေသား ငှက်မြတ်နားတော်အသစ်တို့အား စေတီတော်မြတ်၏ လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်ခံပြီး မင်္ဂလာရထားပျံဖြင့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်၏ အထွတ်အထိပ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြသည်။

အဆိုပါ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက တင်လှူပူဇော်ကြသည်။

**မုဒုံ(ပြန်/ဆက်)**

# နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍတွင် သက်ဆိုင်ရာဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို TV Program ရိုက်ကူးနိုင်ရန် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၁**

နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍတွင် သက်ဆိုင်ရာဌာနအသီးသီးမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို TV Program ရိုက်ကူးနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကတို့မှ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်အတွက် စကားဝိုင်းဆွေးနွေးပွဲ ပုံသဏ္ဌာန်ပြုလုပ်၍ နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ရိုက်ကူးထုတ်လွှင့်သွားရန်၊ နည်းပညာနှင့်သက်မွေးပညာရေးနှင့်



**ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍတွင် သက်ဆိုင်ရာ ဌာနအသီးသီးမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို TV Program ရိုက်ကူးနိုင်ရန် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။**

လေ့ကျင့်ရေးကဏ္ဍအား တာဝန်ယူလျက်ရှိသည့် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများရှိ နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိသော ဦးစီးဌာနများနှင့် ညှိနှိုင်းပြီး TV Program ရိုက်ကူးရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲ စကားဝိုင်းများ၊ နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး ဆောင်ရွက်လျက်ရှိသော သိပ္ပံ၊ ကျောင်း၊ သင်တန်းကျောင်းများ၏ ဆောင်ရွက်နေမှု မှတ်တမ်းများ၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းအသီးသီးမှ ပြီးဆုံး၍ လုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်နေမှုများအား အလုပ်ရှင်၊ သင်တန်းသားများနှင့် အင်တာဗျူးပုံစံများကို သက်ဆိုင်ရာဝန်ကြီးဌာနများရှိ နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များဆောင်ရွက်လျက်ရှိသော ဦးစီးဌာနများနှင့် TV Program များ ရိုက်ကူးသွားရန်လျာထားကြောင်း၊ ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသော နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းဆိုင်ရာအချက်အလက်များ ကောက်ယူမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပေးစေလိုကြောင်း၊ ထပ်မံဖြည့်စွက်သင့်သည့် အသေးစိတ်အချက်အလက်များကိုလည်း ဆွေးနွေးပေးစေလိုကြောင်း၊ နိုင်ငံတော်၏မူဝါဒများနှင့်အညီ နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍတွင် သက်ဆိုင်ရာဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ TV Program ရိုက်ကူးဆောင်ရွက်မည့် အစီအစဉ်များ၊ လက်ရှိဆောင်ရွက်နေသော နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းဆိုင်ရာ အချက်အလက်များ ကောက်ယူမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ် မတ်လအတွင်း ပြည်ပသို့ တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၂၂၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၁၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် မေ ၁၁**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့်အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမား လုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့်အလုပ်သမား ရှာဖွေရေးရုံးများတွင် Labour exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၉ခုနှစ် မတ်လအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေမှာ အစိုးရအလုပ်အကိုင် ၇၆၈ ဦးနှင့် ပုဂ္ဂလိက အလုပ်အကိုင် ၂၀၈၃၀ စုစုပေါင်း ၂၁၅၉၈ ဦးကို ခန့်ထားနိုင်ခဲ့ကြောင်း သိရသည်။

ပြည်ပအလုပ်အကိုင်အနေဖြင့် မလေးရှားနိုင်ငံသို့ ၄၃၄၈ ဦး၊ စင်ကာပူနိုင်ငံသို့ ၃၂ ဦး၊ ကိုရီးယားနိုင်ငံသို့ ၈၁၄ ဦး၊ ထိုင်းနိုင်ငံသို့ ၁၆၅၉၃ ဦး၊ ဂျပန်နိုင်ငံသို့ ၅၂၇ ဦး၊ ယူအေအီးသို့ ၁၇ ဦး၊ ကာတာနိုင်ငံသို့ ၁၅ ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၁၈၅ ဦး၊ မကာအိုနိုင်ငံသို့ သုံးဦး စုစုပေါင်း ၂၂၅၃၄ ဦး စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် မြောက်ဦးမြို့ရှိ အမှတ်(၃၁)လုံခြုံရေးရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်နှင့် မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး

**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးသည် ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ အမှတ်(၃၁) လုံခြုံရေးရဲတပ်ဖွဲ့ဌာနချုပ်သို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိပြီး မေ ၉ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည့် AA အဖွဲ့ဝင်ရောက်တိုက်ခိုက်စဉ် ပစ်ခတ်သုံးစွဲကုန်ဆုံးသည့် လက်နက်၊ ခဲယမ်းနှင့် လိုအပ်ချက်များ ထပ်မံဖြည့်တင်း၍ ကျဆုံး၊ ဒဏ်ရာရ တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဌာနချုပ်ရှိ တပ်ဖွဲ့ဝင်မိသားစုများကို တွေ့ဆုံအားပေးကာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ထောက်ပံ့မှုများ ပေးအပ်ခဲ့သည်။

**ဆွေးနွေးမှာကြား**

ဆက်လက်၍ ရဲချုပ်သည် တပ်မတော်စစ်ဆေးရုံသို့သွားရောက်ကာ ဒဏ်ရာရရှိသူများအား တွေ့ဆုံပြီး အားပေးထောက်ပံ့မှုများ ဆောင်ရွက်သည်။ ထို့နောက် လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး ဒဏ်ရာရ တပ်ဖွဲ့ဝင်များအား ထောက်ပံ့မှုများ ပေးအပ်စဉ်။**

ကွပ်ကဲရေးမှူး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ လုံခြုံရေးအခြေအနေ၊ ကာကင်းကုန်းများနှင့်ပတ်သက်၍ ခံစစ်အနေအထားများ၊ နယ်မြေသတင်းရယူရေး၊ တရားဥပဒေစိုးမိုးရေး ဆက်လက်ဆောင်ရွက်သွားရန် ကိစ္စရပ်များအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်၏ တတိယအကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၁**

မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်၏ တတိယအကြိမ်မြောက် အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး မစ္စတာ တီလက်မာရာပါနာတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်များက နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အဆင့်မြင့်ကိုယ်စားလှယ်ခရီးစဉ်များ အပြန်အလှန် စီစဉ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှု၊ သယ်ယူပို့ဆောင်ရေးနှင့် စက်မှုလုပ်ငန်း အပါအဝင် ကဏ္ဍစုံ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးချဲ့သွားနိုင်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များနှင့် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးအတွက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဝန်ကြီးများသည် မြန်မာ-သီရိလင်္ကာ ပူးတွဲကော်မရှင် အစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးကြသည်။

ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ် အဖွဲ့အား ရွှေစံအိမ်ဟိုတယ်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးသည် ပုဂံမြို့နှင့် ရန်ကုန်မြို့တို့ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အထင်ကရ နေရာများသို့လည်း သွားရောက်လည်ပတ်သွားမည်ဖြစ်ပြီး မေ ၁၅ ရက်တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး မစ္စတာတီလက်မာရာပါနာတို့ မြန်မာ-သီရိလင်္ကာ ပူးတွဲကော်မရှင် အစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက ၂၀၁၉ ခုနှစ် သင်္ကြန်ကြိုဆိုပွဲ ကျင်းပ

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက ကြီးမှူး ကျင်းပသည့် ၂၀၁၉ ခုနှစ် သင်္ကြန်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ အဆိုပါသံရုံး ပရဝဏ်၌ ကျင်းပသည်။




ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က နှစ်နိုင်ငံ ယခင်နိုင်ငံ့ ခေါင်းဆောင်များ အတူပြုစုပျိုးထောင်ခဲ့သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို အမွေဆက်ခံပြီးထွန်းကားစေရန်နှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်းနိုင်စေရန် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက တရုတ်-မြန်မာ နယ်ပယ်အသီးသီးမှ မိတ်ဆွေများနှင့်အတူ အတာသင်္ကြန်ကြိုဆိုပွဲ အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း (**ဝဲပုံ**) နှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က မြန်မာ့ရိုးရာအတာသင်္ကြန် နှစ်သစ်ဆုမွန်နှင့် မြန်မာ-တရုတ်နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားကြသည်။

ယင်းနောက် ယိမ်းအဖွဲ့များက သင်္ကြန်မိုး၊ မန်းတောင်ရိပ်ခိုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၏ ဇနီး မစ္စ ဝမ်ရှယ်ဟုန်နှင့် သံရုံးမိသားစုဝင်များက "ပန်းတိုင်းငြိမ်းချမ်းစွာ ပွင့်စေ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ သံရုံးမိသားစုဝင်များ၊ ဧည့်သည်တော်များသည် အတာရေများပက်ဖျန်း၍ ၂၀၁၉ ခုနှစ် သင်္ကြန်ကြိုဆိုပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ယခု ကျင်းပသည့် ၂၀၁၉ ခုနှစ် သင်္ကြန်ကြိုဆိုပွဲ အခမ်းအနားကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပါလီမန်ဒီမိုကရေစီခေတ်ကာလတွင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်းသည် ရန်ကုန်မြို့သို့ နှစ်ကြိမ်လာရောက်လည်ပတ်ခဲ့ပြီး မြန်မာနိုင်ငံ ဝန်ကြီးချုပ် ဦးနုနှင့်အတူ မြန်မာ့ရိုးရာအတာ သင်္ကြန်ပွဲတော်ကို ဆင်နွှဲခဲ့သကဲ့သို့ ဝန်ကြီးချုပ် ဦးနုသည်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဆစ်ဆောင် ပန္နားသို့ သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်းနှင့်အတူ ဒေသခံတိုင်းရင်းသားလူမျိုးများနှင့် အတာသင်္ကြန်ပွဲတော်ကို သွားရောက်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းတိုးတက်စေရေး ဆောင်ရွက်မှုများထုတ်ပြန်

**နေပြည်တော် မေ ၁၁**

တရားစီရင်ရေး မဟာဗျူဟာစီမံကိန်းများအရ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းတိုးတက်စေရေးအတွက် ဥပဒေနှင့် တရားစီရင်ရေးရာ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ယနေ့ ထုတ်ပြန်လိုက်သည်။

**ဥပဒေရေးရာ ဆောင်ရွက်မှုများ**

**ဥပဒေမူကြမ်းများရေးဆွဲခြင်း**

* ပြည်တွင်းနှင့် နိုင်ငံတကာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများအတွက် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (၂၀၁၆ ခုနှစ် ပြည်ထောင်စုဥပဒေအမှတ် ၅) ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေမူကြမ်းရေးဆွဲတင်ပြခြင်း၊
* နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေမူကြမ်းရေးဆွဲ၍ ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်ခြင်း၊

**လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း**

* အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ၊ ပုဒ်မ ၅၇ အရ ခုံသမာဓိခန့်ထားခြင်းနှင့် တရားရုံးစီရင်ပိုင်ခွင့်အပ်နှင်းခြင်းတို့ ဆောင်ရွက်ရန် အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (အမိန့်ကြော်ငြာစာအမှတ် ၆၄၃/၂၀၁၈) ကို ထုတ်ပြန်ခြင်း၊
* ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ ပုဒ်မ ၇၃ အရ မှုခင်းစီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (အမိန့်ကြော်ငြာစာအမှတ် ၆၄၉/၂၀၁၈) ကို ထုတ်ပြန်ခြင်း၊

**တရားစီရင်ရေးရာ ဆောင်ရွက်မှုများ**

**မှုခင်းများကို ဥပဒေနှင့်အညီ တရားမျှတပြီး မြန်ဆန်ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ခြင်း**

* နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ စတင်၍ အဆင့်လိုက် အကောင်အထည်ဖော်ခြင်း၊ အမှုများကို စံသတ်မှတ်သည့် အချိန်ကာလအတွင်း ပြီးပြတ်ရေးနှင့် အမှုရွှေ့ဆိုင်းမှုနှုန်း လျော့ကျရေး ဆောင်ရွက်ခြင်း၊
* တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ စတင်အကောင်အထည်ဖော်ခြင်း၊ အမှုသည်များ၏ သဘောတူညီမှုဖြင့် အမှုများကို လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ခြင်း၊
* တရားသူကြီးများအတွက် အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်နှင့် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးမှုခင်းများ စစ်ဆေးစီရင်မှုဆိုင်ရာ စွမ်းရည်တိုးတက်စေရန် သင်ရိုးစာအုပ်များ ပြုစုထုတ်ဝေခြင်း၊ လေ့ကျင့်သင်ကြားခြင်း၊

**Doing Business အညွှန်းကိန်းများ တိုးတက်ရေးဆောင်ရွက်ခြင်း**

* ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ၏ တရားမမှုများတွင် အမှုပြီးပြတ်နှုန်းနှင့် အမှုစစ်ဆေးရာတွင် ကြာမြင့်သည့်ကာလ အသေးစိတ် အမှုစာရင်းများကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ နှစ်စဉ်အစီရင်ခံစာ (၂၀၁၈) တွင် ဖော်ပြခြင်း၊ အစီရင်ခံစာနှင့် အသေးစိတ်စာရင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website တွင် ဖော်ပြခြင်း၊
* ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၈ ခုနှစ် ကူးသန်းရောင်းဝယ်ရေး မှုခင်းဆိုင်ရာ စီရင်ချက်များနှင့် အဆင့်ဆင့်အယူခံတရားရုံးများ၊ အမှုစစ်တရားရုံးများ၏ စီရင်ချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website တွင် ဖော်ပြခြင်း၊
* မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ အကြိုညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း၊ မှုခင်းအမျိုးအစားနှင့် အချိန်စံနှုန်းသတ်မှတ်ခြင်း၊ အမှုရွှေ့ဆိုင်းမှု မူဝါဒချမှတ်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်း၊

၂၀၁၈ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ၏ တရားမမှုများတွင် အမှု ပြီးပြတ်နှုန်းနှင့် အမှုစစ်ဆေးရာတွင် ကြာမြင့်သည့်ကာလ အသေးစိတ် အမှုစာရင်းများကို မြန်မာဘာသာဖြင့် http://www.unionsupremecourt.gov.mm/?q=my/content/13834 တွင်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် http://www.unionsupremecourt.gov.mm/?q=content/13873 တွင်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၈ခုနှစ် ကူးသန်းရောင်းဝယ်ရေးမှုခင်းဆိုင်ရာ စီရင်ချက်များနှင့် အဆင့်ဆင့်အယူခံတရားရုံးများ၊ အမှုစစ်တရားရုံးများ၏ စီရင်ချက်များကို မြန်မာဘာသာဖြင့် http://www.unionsupremecourt.gov.mm/?q=my/content/13867# တွင်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် http://www.unionsupremecourt.gov.mm/?q=content/13872 တွင်လည်းကောင်း လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# သတိပြုကြကွယ် နွေအပူဒဏ်အန္တရာယ်

ဒေါက်တာ မြင့်သန်း (ညောင်လေးပင်)

**ကမ္ဘာကြီး၏ အပူချိန်သည် တဖြည်းဖြည်းမြင့်တက်လာနေပါသည်။ နေ့ပိုင်းအပူချိန်သည် အန္တရာယ်ဖြစ်လောက်အောင် ပြင်းထန်လွန်းနေပါသည်။ တစ်နှစ်ထက်တစ်နှစ် နွေအပူချိန်များက မြင့်တက်လာနေသည်။ ထိုအပူချိန်ကြောင့် အသက်ကိုအန္တရာယ်ဖြစ်စေနိုင်သည့် heat stroke အပူချိန်များလွန်းမှုကြောင့် ခန္ဓာကိုယ်ထိခိုက်ပျက်စီးခြင်းများ ကြုံတွေ့လာနိုင်ပြီး သွေးတိုး၊ ဆီးချိုရောဂါအခံရှိသူများမှာ ရောဂါပိုမိုပြင်းထန်လာရုံမက၊ လေဖြတ်ခြင်းများ၊ Intracerebral haemorrhage (ICH) ခေါ် ဦးနှောက်အတွင်း သွေးကြောပေါက်ခြင်းများ ဖြစ်လာစေနိုင်ပါသည်။ ပတ်ဝန်းကျင်အပူချိန် မြင့်တက်လာသည်နှင့်အမျှ ခန္ဓာကိုယ်၏ အပူချိန်ကလည်း မြင့်တက်လာပါသည်။ ထိုသို့ ပတ်ဝန်းကျင်အပူချိန်ကိုလိုက်ပြီး ခန္ဓာကိုယ်၏အပူချိန် လိုက်ပါပြောင်းလဲခြင်းကို "real feel temperature" ဟု ခေါ်ပါသည်။ ခန္ဓာကိုယ်ကခံနိုင်သည့် ပတ်ဝန်းကျင်၏ အမြင့်ဆုံးအပူချိန်ဖြစ်သည့် ၅၄ ဒီဂရီစင်တီဂရိတ်(၁၃၀ ဒီဂရီဖာရင်ဟိုက်) ထက်ကျော်သည်နှင့် လူသားများအဖို့ အန္တရာယ်ကြုံရပြီ စသည်ဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က သတိပေးထားပါသည်။**

ထို့ကြောင့် အလွန်မြင့်မားလာနေသော နွေအပူချိန်ကို အထူးသတိပြုသင့်ပါသည်။ ကျွန်တော်တို့နိုင်ငံအနေဖြင့် မတ်၊ ဧပြီ၊ မေလတို့သည် အပူဆုံးလများဖြစ်သဖြင့် ထိုကာလများ၏ နေ့အပူချိန်များကို အထူးသတိပြုနေထိုင်ကြဖို့ လိုအပ်ပါသည်။ ထိုအပူချိန်များသည် လူများ၏ကိုယ်တွင်းရေဓာတ်ဆုံးရှုံးစေခြင်း ခန္ဓာကိုယ်တွင်းရှိ သွေးပျစ်စေးမှုနှင့် ဆားဓာတ်များ၏ အခြေအနေများကို ပြောင်းလဲစေပြီး လူ့အသက်ကိုပင် ထိခိုက်စေနိုင်သည်။ လေ့လာမှုများအရ အပူလှိုင်းများ ဖြစ်ပေါ်လာမှုဖြစ်စဉ်များစွာ ထပ်ကာဖြစ်ပေါ်လာနေပြီး ကမ္ဘာ့မြို့ကြီးများတွင် အအေးဓာတ်များ လျော့နည်းလာနေသည်ကို လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့် ကပင် တွေ့ရှိလာရသည်ဟု သိရသည်။ သာမန်တွေ့ကြုံနေကျ နွေရာသီအပူချိန်ထက် ပိုမိုမြင့်မားပြင်းထန်သော အပူချိန်များကြောင့် Heat stroke, heat exhaustion ခေါ် အပူဒဏ်သင့်မှုများ ကြုံလာနေရပြီး သေဆုံးရမှုများစွာဖြစ်ပေါ်နေသည်ကို တွေ့လာရသဖြင့် အထူးသတိပြုဆင်ခြင်နေထိုင်ကြရန် ပညာရှင်များက သတိပေးတိုက်တွန်းကြသည်။ နေ့စဉ်အပူချိန် တိုးလာနေမှုများကြောင့် ခန္ဓာကိုယ်အတွင်း အပူဓာတ်များ စုပ်ယူဝင်ရောက်ကာ အန္တရာယ်ပေးနိုင်ပါသည်။




**နွေအပူချိန်နှင့် အသက်အန္တရာယ်**

အာရှတောင်ပိုင်းဒေသအများတွင် နွေအပူချိန်များ မြင့်တက်နေပြီး ယင်းကြောင့် သေဆုံးနေရမှုများကို တွေ့ရှိနေပါသည်။ လေ့လာမှုများအရ နွေရာသီ၏ ပျမ်းမျှလေထုအပူချိန်သည် 0.5 ˚C (၀ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ်) မြင့်တက်လာသည်နှင့် အိန္ဒိယနိုင်ငံ သို့မဟုတ် ဖွံ့ဖြိုးဆဲအပူပိုင်းဒေသနိုင်ငံတစ်ခုခုတွင် ထိုအပူဒဏ်ကြောင့် လူသေဆုံးရမှု ၁၄၆ ရာခိုင်နှုန်းခန့် တိုးပွားနေရသည်ဟု သိရပါသည်။ ယခု ဆယ်စုနှစ်ကုန်ခါနီးကာလများကစ၍ အာရှတိုက်တောင်ပိုင်း၊ ကမ္ဘာ့အရှေ့အလယ်ပိုင်းနှင့် အာဖရိကတိုက်ဒေသများတွင် အနည်းဆုံး ပျမ်းမျှ 2.2˚C ခန့် မြင့်တက်လာနေသည်ကို တွေ့ရပြီး ယင်းသည် 5.5˚C အထိ ဖြစ်လာနိုင်သည်ဟု ယူဆကြသည်။ ထိုလေ့လာမှုတို့သည် အိန္ဒိယနိုင်ငံကို ဗဟိုပြုလေ့လာထားသော်လည်း ရာစုနှစ်ဝက်ကျော် လေ့လာခဲ့မှုများကြောင့် ဖြစ်နိုင်ခြေအတော်နီးစပ်ပါသည်။ ထိခိုက်နစ်နာရမှုများ၊ သေဆုံးရမှုများသည် အဆင်းရဲဆုံးသူများသာ ခံစားရလေ့ရှိသည်ကိုလည်း တွေ့ရသည်။ လေ့လာမှုများအရ အိန္ဒိယနိုင်ငံ၏သန်းပေါင်း ၃၀၀ ကျော်သော အဆင်းရဲဆုံးသောပြည်သူတို့သည် လုပ်အားခ တစ်နေ့လျှင် ၁ ဒသမ ၂၅ ဒေါ်လာအောက်သာ ရကြသူများဖြစ်ကြပြီး ထိုသူများသည် နွေအပူဒဏ်ကြောင့် အများဆုံး ထိခိုက်ခံစားကြရသူများဖြစ်ကြသည်။ ကမ္ဘာကြီး ပူနွေးလာမှုကြောင့် နွေအပူချိန်များမြင့်တက်လာပြီး ပြဿနာများ ကြုံတွေ့လာနေရခြင်းများတွင် ကမ္ဘာ့လူသားများ ညီတူစွာ ခံစားကြရသည်မဟုတ်ဘဲ ဝင်ငွေနည်းမိသားစုများသည်သာ ပြင်းထန်စွာ ခံစားနေကြရလျက်ရှိပါသည်။ ဆင်းရဲသူများ၊ လုံခြုံသော အမိုးအကာအောက်တွင် မနေနိုင်ကြသူများ၊ အိမ်ယာမဲ့များ၊ လူမှုရေးအရ ပစ်ပယ်ခံထားရသူများ၊ အရက်ဆေးဝါးသုံးစွဲနေသူများ၊ နေပူထဲတွင် ပင်ပန်းစွာ အလုပ်ကြမ်းလုပ်နေရသည့် ကာယလုပ်သားများ စသည်တို့မှာ နွေအပူဒဏ်ကို ပြင်းစွာခံစားရဖွယ်ရှိသူများ ဖြစ်ကြပါသည်။အာရုံကြောကြွက်သားများထိခိုက်ကာ လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်းတို့သည် ထိုသူများတွင် အဖြစ်များပါသည်။

မိုးလေဝသနှင့် ဇလဗေဒပညာရှင်များက ဧပြီလလယ်မှ မေလအထိကာလသည် မိုးရာသီဦးပိုင်းကာလဟုခေါ်ပြီး လေပူများတိုက်ခြင်း၊ ပတ်ဝန်းကျင်စိုထိုင်းမှုများ မြင့်တက်လာခြင်းတို့ တွေ့ကြုံရနိုင်သည်ဟု ဆိုပါသည်။ လေထု၏အပူချိန်သည် ပူကဲရုံမက စိုထိုင်းမှုပါတွဲလာခြင်းသည် ပိုမိုပြင်းထန်သည့် အပူဒဏ်ကို ခံစားရတတ်ပါသည်။ ပတ်ဝန်းကျင်စိုထိုင်းမှု များလွန်းခြင်းသည် "Silent Killer" အသံတိတ်လူသတ်သမားလည်း ဖြစ်သဖြင့် လေဝင်လေထွက်ကောင်းသောနေရာမျိုးမှာ နေသင့်ပါသည်။ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း နေပူထဲထွက်ခြင်းကို အတတ်နိုင်ဆုံး ရှောင်စေချင်ပါသည်။

၁၉၉၉ မှ ၂၀၀၃ ခုနှစ်များအတွင်း အမေရိကန်နိုင်ငံမှာ ပူပြင်းသည့်အပူချိန်ကို ခံစားမိသဖြင့် လူပေါင်း ၃၄၄၂ ဦး သေဆုံးခဲ့ရပါသည်။ ၆၅ ရာခိုင်နှုန်းဖြစ်သော ၂၂၃၅ ဦးတို့သည် ရောဂါအခံဖြစ်သည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ လေဖြတ်၊ နာတာရှည်ရောဂါတစ်မျိုးမျိုး ခံစားနေရသူများ ဖြစ်ကြပါသည်။ ၃၅ ရာခိုင်နှုန်းဖြစ်သည့် ၁၂၀၃ ဦး တို့သည် အပူဒဏ်ကြောင့် သေဆုံးရခြင်းဖြစ်ပါသည်။ Hyperthermia ခေါ် ကိုယ်အပူချိန်ပါ မြင့်တက်လွန်းပြီး သေဆုံးရခြင်း ဖြစ်သည်။ နှလုံးရောဂါတစ်ခုခုကြောင့် သေဆုံးရသူပေါင်းသည် ၆၈၁ ဦး (၅၇ ရာခိုင်နှုန်း) ဖြစ်ပြီး hyperthermia ဖြစ်မှုကလည်း အဓိကအချက်ဖြစ်ပါသည်။ နှလုံးရောဂါများမှာ ၇၀ ရာခိုင်နှုန်းတို့သည် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နေသူများ ဖြစ်ကြပါသည်။ နာတာရှည်ရောဂါများတွင် လည်ပင်းကြိုတ်ရောဂါများကြောင့်လည်း ဖြစ်တတ်ပါသည်။ Hyperthy-roidism ခေါ် လည်ပင်းသိုင်းရွိုက်အကျိတ်အဆိပ်ဖြစ်နေသူတို့သည် ရောဂါကြောင့် အပူချိန်တက်နေတတ်သဖြင့် အပူဒဏ် ပြင်းနေချိန်တို့မှာ အထူးသတိပြု နေထိုင်သင့်ပါသည်။

**အပူဒဏ်၏အကျိုးဆက်**

နွေအပူချိန်သည် မိုးမရွာမီအထိ တစ်နေ့ပြီးတစ်နေ့ တက်လာတတ်ပါသည်။ အပူချိန်တက်လာသည်နှင့်အမျှ ကိုယ်အပူချိန်လည်း တက်လာပါသည်။ ပတ်ဝန်းကျင်အပူဒဏ်သည် လူ့ခန္ဓာကိုယ်အပေါ် ဖိအားတစ်ခုလို သက်ရောက်လာကာ အပူဖိအား heat stress အဖြစ် အန္တရာယ်သက်ရောက်ပါသည်။ ထိုအခါမှာ heat exhaustion, heat stroke စသည့် ပြင်းထန်သော ကျန်းမာရေးပြဿနာများဖြစ်လာပြီး သေဆုံးသည်အထိ ဖြစ်စေနိုင်ပါသည်။ Heat exhaustion မှာ ကြွက်တက်ခြင်း၊ မောပန်းခြင်း၊ ကိုက်ခဲခြင်း၊ ပျို့အန်ခြင်း၊ ခေါင်းမူးခြင်း၊ မူးလဲခြင်းတို့ ဖြစ်တတ်ပါသည်။ အရေပြားသည် အေးနေ၊ စိုစွတ်နေပြီး သွေးခုန်နှုန်းမြန်နေခြင်း၊ လက်ကောက်ဝတ်သွေးခုန်မှု အားပျော့၊ အသက်ရှူမြန်နေခြင်း စသည်တို့ ဖြစ်နေကာ အချိန်မီမကုသနိုင်ပါက heat stroke အဖြစ် ပြောင်းသွားနိုင်ပါသည်။ heat stroke မှာ ကိုယ်အပူချိန် အလွန်မြင့်မားမှု -(103˚F {39.4˚C}) ထက် မြင့်မားနေခြင်း၊ အသားနီရဲပူလောင်နေခြင်း၊ အရေပြားခြောက်သွေ့နေခြင်း၊ ချွေးမထွက်ခြင်း၊ သွေးခုန်နှုန်းအလွန်မြန်နေခြင်း၊ ခေါင်းတအား ထိုးကိုက်ခြင်း၊ ပျို့အန်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ နောက်ဆုံး သတိမေ့ခြင်းတို့ ဖြစ်တတ်ပါသည်။ ဦးနှောက်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးခြင်း၊ အသည်းနှင့် ကျောက်ကပ်ပျက်စီးခြင်း၊ သွေးယိုစီးခြင်း၊ ကိုယ်တွင်းအင်္ဂါအများစု ထိခိုက်ပျက်စီးခြင်းတို့ ဆက်တိုက်ဖြစ်ကာ အသက်ဆုံးသည်အထိ ဖြစ်တတ်ပါသည်။ နေအပူချိန်ကို တိုက်ရိုက် အချိန်ကြာကြာ ထိတွေ့ခံရသူများ၊ ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာရောဂါ အစရှိသည်တို့ ရှိနေသူတို့သည် ထိုသို့သော အခြေအနေများဖြစ်နိုင်သဖြင့် အထူးသတိပြုသင့်ပါသည်။ အခြားနာတာရှည်ဝေဒနာရှင်များ (ပေါင်ရိုးကျိုး အိပ်ရာထဲလဲနေရသူများ)၊ သက်ကြီးရွယ်အိုများ၊ အရက်စွဲနေသူများ စသည်တို့သည်လည်း heat stroke ဖြစ်နိုင်ခြေများသဖြင့် အထူးသတိပြုသင့်ပါသည်။

**အထူးစောင့်ရှောက်ရန် လိုအပ်သူများ**

အပူချိန်များနေစဉ် သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ၊ နာတာရှည်ရောဂါရှင်များကို အမြဲစောင့်ကြည့် စစ်ဆေးနေသင့်ပါသည်။ ကလေးများကို ကားထဲထားခဲ့ခြင်းမျိုး၊ သက်ကြီးသူများကို အိမ်မှာ သော့ခတ်ထားခဲ့ခြင်းမျိုး မလုပ်သင့်ပါ။ အသက် ၆၅ နှစ်ကျော်သူများ၊ ကိုယ်တိုင်မသွားမလာနိုင်သူများ၊ စိတ်ရောဂါခံစားနေရသူများ၊ စိတ်ကျရောဂါ၊ သွေးတိုးရောဂါ၊ အိပ်မပျော်သည့် ကျန်းမာရေးပြဿနာ စသည်တို့ကို ခံစားနေကြရသူများသည်လည်း အလားတူခံစားရဖွယ် ထိခိုက်နစ်နာပျက်စီးလွယ်ကြသူများ ဖြစ်ကြပါသည်။ အထူးသဖြင့် အသက်တစ်နှစ်အောက်ကလေးငယ်များကို ဂရုစိုက်ကြဖို့ လိုပါသည်။ ကလေးငယ်တို့သည် အပူဒဏ်ကို အရွယ်ရောက်ပြီးသူများလောက် မခံစားနိုင်ကြပါ။ နုနယ်လွန်းသည့် ကလေးငယ်များ ဖျားနာကိုယ်ပူချိန်တက်ပါက ဆေးရုံဆေးခန်းများသို့ အမြန်ပြသရန် လိုအပ်ပါသည်။ ကလေးများနှင့် ပတ်သက်ပြီး သတိပြုရန်မှာ မော်တော်ယာဉ်များပေါ်တွင် ကလေးများကို မထားခဲ့ရန်ဖြစ်သည်။ အချို့က ကားရပ်နားထားခဲ့ရာတွင် ကလေးငယ်များ၊ အိမ်မွေးတိရစ္ဆာန်များကို ကားအတွင်း ထားခဲ့လေ့ရှိပါသည်။ ကားမှန်ကို အလုံပိတ်၊ လေအေးစက်ဖွင့်ပြီး ထားခဲ့တတ်ကြပါသည်။ နေပူထဲတွင် ကားရပ်နားထားသည်နှင့် ကားအတွင်းရှိ အနက်ရောင် dash-board ကားတွင်းသေတ္တာအိမ်၊ ထိုင်ခုံ၊ ယာဉ်မောင်းလက်ကိုင် steering စသည်တို့သည် အပူဓာတ်ကို ပြင်းစွာစုပ်ယူထားတတ်သဖြင့် ယာဉ်အတွင်း အပူချိန်မြင့်တက်လာတတ်ပါသည်။ နေရောင်တွင် ပါဝင်သော short wave radiation လှိုင်းတို ရောင်စဉ်များက ထိုနေရာများကို ကောင်းစွာရိုက်ခတ်လေ့ရှိပါသည်။ ထိုအခါ ကား၏ dashboard များ၊ အတွင်းထိုင်ခုံများ၏ အပူချိန်သည် 180-200 Fahrenheit (၁၈၀ မှ ၂၀၀ ဒီဂရီဖာရင်ဟိုက်ကျော်) အထိ မြင့်တက်သွားလေ့ရှိပါသည်။ ယာဉ်တံခါးကို အနည်းငယ်ဖွင့်ထားသည့်တိုင် ယာဉ်အတွင်းရှိ အပူချိန်က လျော့မသွားနိုင်ပါ။ ယာဉ်အတွင်း အပူချိန်ပြင်းစွာ မြင့်တက်ပြီး ကိုယ်အပူချိန် လွန်ကဲစွာမြင့်တက်ကာ အသက်အန္တရာယ်ပေးနိုင်ပါသည်။ ထို့ကြောင့် ကလေးများ၊ သက်ကြီးသူများအပါအဝင် အများပြည်သူတို့ နေပူပူထဲရှိ ယာဉ်အတွင်း မနေသင့်ပါ။ ကလေးများကို ယာဉ်အနီးတွင်ပင် ဆော့ကစားခြင်း မပြုသင့်ပါ။ ယာဉ်ရပ်နားလိုက်သည်နှင့် ယာဉ်အတွင်း လူကျန်ခဲ့ခြင်း ရှိ မရှိကိုလည်း သတိပြုစစ်ဆေးရန် လိုပါသည်။ ယာဉ်ကြောကျပ်တည်းမှုသည်လည်း အပူဒဏ်ကို ပိုမိုခံစားရစေနိုင်ပါသည်။ ယာဉ်ပေါ်မှာ အချိန်နာရီနှင့်ချီပြီး နေရသည့်အတွက် နေအပူရှိန်ကို အချိန်ကြာကြာခံစားရနိုင်ပါသည်။ မြို့ကြီးများမှာ သစ်ပင်များဆုံးရှုံးသွားခြင်း၊ မြေနေရာလွတ်များမရှိတော့ဘဲ တိုက်တာများသာ ပြည့်နေသဖြင့် Urban Island Effect ခေါ် မြို့ကြီးများသည် ယခင်ကထက်ပိုပြီး ပူလာပါသည်။ မြို့နေလူထုတို့ အပူဒဏ်ကို ပိုမိုခံစားလာနေရပါသည်။

**သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်ပါ**

ကျန်းမာရေးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများအနေဖြင့် အပူဒဏ်ကုသပေးနိုင်သည့် အခြေအနေများကို ကြိုတင်စီမံထားခြင်း၊ အရေးပေါ်လျှင် လက်တွဲဆောင်ရွက်နိုင်ခြင်း စသည်တို့ကို ပြင်ဆင်ထားသင့်ပါသည်။

ယခုလို ပူပြင်းမှု ပိုမိုလာနေခြင်း၏ အဓိကအချက်မှာ ကမ္ဘာကြီးပူနွေးလာနေမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကြောင့် ဖြစ်လာနေခြင်း ဖြစ်သည်။ သဘာဝတောတောင်၊ သစ်တောသစ်ပင်များ၊ အခြား သဘာဝအရင်းအမြစ်များကို လူသားများက လောဘဇောတိုက်ပြီး တူးဖော်ခုတ်လှဲကြသဖြင့် တောင်ပြုန်းတီး၊ တောင်ကတုံးဖြစ်ကာ ကမ္ဘာကြီးသည် မျက်တွင်းဟောက်ပက်နှင့် လူနာကြီးတစ်ယောက်လို ဖြစ်နေပါပြီ။ ကမ္ဘာ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ကြရပါမည်။ မျိုးဆက်သစ်ကလေးများကိုလည်း ပတ်ဝန်းကျင်ကို ချစ်ခင်တတ်အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်တတ်အောင် အမွေကောင်းများ ပေးခဲ့ကြရပါမည်။ လေ့ကျင့်သင်ကြားလက်ဆင့်ကမ်းပေးကြရပါမည်။

**အပူဒဏ်များမှ ကင်းဝေးစေရန် -**

- ရေဆာလျှင် ရေကိုသာသောက်ပါ။ အချိုရည်များ၊ ကဖိန်းဓာတ်ပါအရည်များ၊ အပူအစပ်စားစရာများ ရှောင်သင့်ပါသည်။ ယင်းတို့သည် ကိုယ်တွင်းမှ ရေနှင့် ဆားဓာတ်များ လျော့သွားစေတတ်၍ဖြစ်သည်။ အသားစားများခြင်းကြောင့် Metabolicheat production ခေါ် ဇီဝယန္တရားဖြစ်စဉ်များ ဖြစ်ပွားပြီး၊ အပူဓာတ်ထွက်လာမှု များနိုင်ပါသည်။ အသားလျှော့စားသင့်ချိန်ဖြစ်သည်။
- အရက်သောက်ခြင်းသည် ခန္ဓာကိုယ်က အပူဓာတ်ထုတ်ပေးနိုင်သဖြင့် ကိုယ်အပူချိန် ပိုမိုမြင့်တက်စေနိုင်ပါသည်။ ထို့ကြောင့် အရက်မသောက်သင့်ပါ။
- နေပူချိန်များနေချိန်တွင် အရိပ်ရနေရာများမှာ နေပါ။ နေအိမ်များအတွင်းနေထိုင်လျှင် လေအေးပေးစက် Air con သို့မဟုတ် ပန်ကာဖွင့်နေနိုင်ပါသည်။ လေကောင်းလေသန့် လေဝင်လေထွက်ကောင်းရာ နေရာတွင် နေပါ။
- ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှင်များကို အထူးဂရုစိုက်ပါ။
- ပေါ့ပါးအေးမြသော အဝတ်များကိုသာ ဝတ်ဆင်ပါ။ အဖြူရောင်အထည်များ ဝတ်ဆင်ပါ။ အနက်ရောင်များ ရှောင်သင့်ပါသည်။ အနက်ရောင်သည် အပူဓာတ်ကို စုပ်ယူနိုင်သောကြောင့် ဖြစ်သည်။
- နေပူထဲထွက်လျှင် ထီး၊ ဦးထုပ်၊ နေကာမျက်မှန်များ စသည်တို့ကို အသုံးပြုပါ။ နေရောင်ကာလိမ်းဆေးများ သုံးနိုင်ပါသည်။
- လတ်ဆတ်၍ အရည်ရွှမ်းသော သစ်သီးဝလံများ စားသုံးပါ။ အငန်စာ၊ ဆီကြော်စာများ ရှောင်ပါ။
- ကောင်းစွာအိပ်စက်အနားယူပါ။ နေပူချိန်များတွင် ကိုယ်ပင်ပန်းစေသည့် လှုပ်ရှားမှုများ မလုပ်သင့်ပါ။
- ဘေးပတ်ဝန်းကျင်အပူချိန် အေးသွားချိန်မှသာ ရေချိုးပါ။ ကိုယ်လက်လှုပ်ရှားမှု ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ လုပ်ပါ။
- နေအပူချိန်တက်လာချိန်တို့တွင် လေထုအပူချိန်နှင့်အတူ လေ၏စိုထိုင်းကာ humidity လည်း တက်လာလေ့ရှိပါသည်။ လေထု၏အပူချိန်သည် 96 degrees ဖြစ်ပြီး လေထု၏စိုထိုင်းဆသည် ၆၅ ရာခိုင်နှုန်းဖြစ်ပါက လူအများခံစားရသည့် အပူချိန်မှာ 121 degrees Fahrenheit ဖြစ်သွားပါသည်။ ယင်းကို Heat Index Value အပူဒဏ်အညွှန်းကိန်းဟု ခေါ်ပါသည်။ ထိုအညွှန်းကိန်းသည် 105 degrees ထက် နှစ်ရက်မျှကျော်လာပါက အများပြည်သူတို့အား အပူဒဏ်ကို အထူးသတိပြုကာကွယ်ဆောင်ရွက်ကြရန် အမြန်သတိပေးခြင်း (Alerts) လုပ်ရကြောင်း သိရပါသည်။ အမေရိကန်နိုင်ငံတွင် The National Weather Service အမျိုးသား ရာသီဥတုကာကွယ်စောင့်ရှောက်ရေးအဖွဲ့ကြီးက အမြဲလေ့လာစောင့်ကြည့်ကာ သတိပေးနှိုးဆော်မှုများ လုပ်ရလေ့ရှိကြောင်း သိရပါသည်။

ထို့ကြောင့် ယခုကဲ့သို့ အလွန်ပူပြင်းလာနေသည့် နွေရာသီအပူဒဏ်ကို အများပြည်သူတို့ အထူးသတိပြု ဆင်ခြင်နေထိုင်ကြဖို့ လိုသည်မှာ အမှန်ဖြစ်ပေသည်။ ။

# ဖျာပုံ- ကျုံကဒွန်း-ဒေါ်ညိမ်း- အမာလမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်

**ရန်ကုန် မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ- ကျုံကဒွန်း- ဒေါ်ညိမ်း- အမာလမ်းသည် ဖျာပုံခရိုင် ဖျာပုံမြို့မှ အမာမြို့အထိ ၅၁ မိုင်ရှိပြီး ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသော မြို့နယ်ချင်း၊ ခရိုင်ချင်းဆက်လမ်းကွန်ရက် စီမံကိန်းဝင်လမ်းတစ်လမ်း ဖြစ်သည်။

**၅၁ မိုင် ရှည်လျား**

အဆိုပါလမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဧရာဝတီတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော လမ်းကွန်ရက်ဖြစ်ပြီး ဖျာပုံ-ကျုံကဒွန်းအပိုင်း ၁၄ မိုင် ၆ ဖာလုံနှင့် ကျုံကဒွန်း- အမာအပိုင်း ၃၆ မိုင် ၂ ဖာလုံ စုစုပေါင်း ၅၁ မိုင် ရှည်လျားသည်။

ဖျာပုံမြို့နယ်အပိုင်းနှင့်အမာမြို့နယ်အပိုင်းဟူ၍ နှစ်ပိုင်းဖြစ်သည့်အနက် ဖျာပုံ- ကျုံကဒွန်းအပိုင်းမှာ ယခင် ဒီစတိတ်ကောင်စီလက်ထက်က ဖောက်လုပ်ခဲ့သောလမ်းဖြစ်သော်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ယခင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၁၉၆၈- ၁၉၆၉ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၁၉၆၈- ၁၉၆၉ ခုနှစ်မှ ၁၉၉၈-၁၉၉၉ ခုနှစ်အထိ ထိုအချိန်က မအူပင်ခရိုင်လက်အောက်ရှိ ဖျာပုံဒေသအဖွဲ့ခွဲ၌ တည်ရှိခဲ့သည်။ ၁၉၉၉- ၂၀၀၀ ပြည့်နှစ် ဖျာပုံခရိုင် စတင်ဖွဲ့စည်းခဲ့သည်မှစ၍ ယနေ့အထိ ဖျာပုံခရိုင်က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ကျုံကဒွန်း- အမာအပိုင်းကို ၁၉၉၂ ခုနှစ်တွင် မြေသားတာပေါင်စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၉၅-၁၉၉၆ ခုနှစ်တွင် ယခင်အခေါ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ယခုဖျာပုံခရိုင်လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။ ဖျာပုံ- ကျုံကဒွန်း- ဒေါ်ညိမ်း- အမာလမ်းသည် ကန့်လန့်ဖြတ်ပြည်ထောင်စုလမ်းမကြီး တစ်လမ်းဖြစ်သော်လည်း ပင်လယ်နှင့်နီးသောကြောင့် ဒီရေတက်ခြင်း၊ ကျခြင်းတို့ကို ခံရစမြဲဖြစ်သည်။

လမ်းအစသည် အောက်ကွင်းကျေးရွာနှင့် လမ်းအဆုံးသည် အမာမြို့ဖြစ်ပြီး မှော်ဘီရွာ၊ အောင်သာယာရွာ၊ သမိန် တောရွာ၊ ငုတောကျေးရွာ၊ ကံဆိပ်ရွာ၊ တမာပိုရွာ၊ ကျုံကဒွန်းရွာ၊ ငါးချောင်းရွာ၊ ဒေးပလူရွာ၊ မြို့ကုန်းရွာ၊ ဒေါ်ညိမ်းရွာ၊ အောင်လှိုင်ရွာ၊ ရိုးကုန်းရွာ၊ ဆိပ်မရွာ၊ ဘဝသစ်သုံးရွာတို့ကို ဖြတ်သန်းဖောက်လုပ်ထားသည်။

အဆိုပါ ကတ္တရာလမ်းကို ၂၀၁၀- ၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စုငွေလုံးငွေရင်းနှင့် ပြင်ထိန်းရန်ပုံငွေကျပ် ၈၁၂၆ ဒသမ ၆၂၇ သန်း၊ တိုင်းဒေသကြီးရန်ပုံငွေကျပ် ၃၇၈၉ ဒသမ ၅၂၈ သန်း စုစုပေါင်းငွေကျပ် ၁၁၉၁၆ ဒသမ ၁၅၅ သန်းတို့ဖြင့် ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန၏ ကြီးကြပ်မှုအောက်မှ ဖျာပုံခရိုင်လမ်းဦးစီးဌာနက ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်လျက်ရှိနေသည်။

**ခရမ်းစိုးမြင့်**



ဖျာပုံ- ကျုံကဒွန်း-ဒေါ်ညိမ်း- အမာလမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေစဉ်။




မြန်မာနိုင်ငံ ဆိုက်ဘာလုံခြုံရေးအတွက် Huawei ၊ SAP နှင့် RITZ ကုမ္ပဏီ သုံးခုတို့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု လက်မှတ်ရေးထိုးစဉ်။ ဓာတ်ပုံ-သန်းစိုး

# မြန်မာနိုင်ငံ ဆိုက်ဘာလုံခြုံရေးအတွက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု သဘောတူလက်မှတ်ရေးထိုး

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံတွင် ဆိုက်ဘာလုံခြုံရေးအတွက် Business One Software Solution ဖြင့် ဝန်ဆောင်မှုပေးရန် ဟွာဝေးကုမ္ပဏီ၊ SAP ကုမ္ပဏီနှင့် RITZ ကုမ္ပဏီတို့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု သဘောတူညီမှုလက်မှတ်ရေးထိုးပွဲကို မေ ၁၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ကျင်းပသည်။

ဟွာဝေး၏ အဆင့်မြင့် Cloud နည်းပညာပံ့ပိုးမှုဖြင့် SAP Business One ပလက်ဖောင်းကို မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းပိုင်းဆိုင်ရာများ ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံတော်၏ ပညာရေးဆိုင်ရာ သက်မွေးတက္ကသိုလ်များ ပိုမိုထိရောက်သောလုပ်ငန်းများတွင် ဆောင်ရွက်နိုင်ရန် ဝန်ဆောင်မှုကို အသုံးပြုနိုင်တော့မည်ဖြစ်ရာ မြန်မာနိုင်ငံတွင် ဆိုက်ဘာလုံခြုံရေး ဆောင်ရွက်ချက်များကို အဆင့်မြှင့်တင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် Huawei နှင့် SAP၊ RITZ ကုမ္ပဏီ သုံးခုတို့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအဖြစ် လက်မှတ်ရေးထိုးသည်။

RITZ သည် မြန်မာနိုင်ငံတွင် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းပညာများကို ထောက်ပံ့ပေးနေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ၊ အစိုးရနှင့်ပညာရေးဆိုင်ရာ သက်မွေးတက္ကသိုလ်များအတွက် လုံခြုံရေးဆိုင်ရာအစီအမံများ ရေးဆွဲရေး၊ တည်ဆောက်ရေးနှင့် အောင်မြင်စွာလည်ပတ်နိုင်ရေးအတွက် ဝန်ဆောင်မှုပေးလျက်ရှိရာ လုံခြုံရေးစီမံမှုများနှင့် ပတ်သက်သော ထုတ်ကုန်နှင့် နည်းပညာများကို RITZ က ဝန်ဆောင်မှုပေးလျက်ရှိသည်။

"ကျွန်တော်တို့က ဆိုက်ဘာလုံခြုံရေးနဲ့ ပတ်သက်တဲ့ ဝန်ဆောင်မှုကို ပေးနေတဲ့ ကုမ္ပဏီပါ။ ဒီနေ့မှ ဟွာဝေး၊ SAP နဲ့ ကျွန်တော်တို့ RITZ တို့ ပူးပေါင်းလုပ်ဆောင်တဲ့ပွဲတစ်ခုပါ။ အရင်က SAP ဟာ ဈေးကြီးတဲ့အတွက် ကုမ္ပဏီအများစု မတတ်နိုင်ကြဘူး။ အခု ကုမ္ပဏီ သုံးခု ပူးပေါင်းလိုက်တဲ့အတွက် လစဉ်ဒေါ်လာ ၂၀၀ ၊ ၃၀၀ နှုန်းနဲ့ Software ကို ဝန်ဆောင်မှုပေးနိုင်တာကြောင့် သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေ မြန်ဆန်ပြီး အလေအလွင့်မရှိအောင် အသုံးပြုနိုင်ပါပြီ။ ဘာလို့ Cloud ကို မသုံးလဲဆိုရင် လုံခြုံရေးပိုင်းဆိုင်ရာ စိတ်ပူတဲ့အတွက် ကျွန်တော်တို့က Data Case ကို တာဝန်ယူပေးသလို Huawei ကလည်း သူ့အပိုင်းကို တာဝန်ယူတာကြောင့် အားလုံးဟန်ချက်ညီတဲ့ ဝန်ဆောင်မှုတစ်ခုအဖြစ် တွေ့မြင်ရမှာပါ"ဟု RITZ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးလင်းထွန်းက ပြောသည်။

မြန်မာနိုင်ငံတွင် ကုမ္ပဏီသုံးခုပေါင်း၍ ဆိုက်ဘာလုံခြုံရေးကို ပထမဦးဆုံး စတင်ဝန်ဆောင်မှုပေးခြင်းဖြစ်ပြီး SME များ တိုးတက်ပါက နိုင်ငံ၏ စီးပွားရေးကဏ္ဍလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ နည်းပညာပိုင်းဆိုင်ရာဖြင့် ဆိုက်ဘာလုံခြုံရေးကို ပိုမိုအလေးထားသော ကုမ္ပဏီများနှင့်အစိုးရ၏ လုပ်ငန်းဆောင်တာများဖြစ်သော ပညာရေး၊ ကျန်းမာရေးနှင့် အခြားသောကဏ္ဍတို့အတွက် အထောက်အပံ့ဖြစ်စေလျက် SME လုပ်ငန်းများ တိုးတက်အောင်မြင်မှုသည် ဆိုက်ဘာလုံခြုံရေး၏ အခန်းကဏ္ဍသည် အရေးပါလျက်ရှိကြောင်း သိရသည်။ **သန်းထိုက်**

# မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုခိုင်မြဲရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တာချီလိတ် မေ ၁၁**

မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်နှီးမှု ပိုမိုခိုင်မြဲရေး ရည်ရွယ်ကာ မေ ၁၁ ရက် နံနက်ပိုင်းက တာချီလိတ်မြို့ရှိ ချစ်ကြည်ရေး တံတားအမှတ်(၁)တွင် နှစ်နိုင်ငံ တာဝန်ရှိသူများ စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ဖြစ်သည့် မယ်ဆိုင်ချောင်းဘေးနှစ်ဖက်တွင် အမှိုက်များအား ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ အစိုးရဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်မှုနှင့် မြန်မာနိုင်ငံ တာချီလိတ်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ဝန်ထမ်းများပူးပေါင်းပြီး သန့်ရှင်းရေး ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ နှစ်နိုင်ငံ စုပေါင်းပြီး မယ်ဆိုင်ချောင်းသန့်ရှင်းရေး ပြုလုပ်မှုမှာ ပထမအကြိမ်ဖြစ်ကြောင်း သိရသည်။

**ဖြိုးလေး(တာချီလိတ်)**

❒ ***ကျောဖုံးမှ***

ကျင်းပခြင်းဖြစ်ကာ ပထမအကြိမ်၌ပင် ထည့်သွင်းကုသိုလ်ယူနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်မိကြောင်း၊ စတုဒိသာအစီအစဉ်များ၊ ရိုးရာတေးသီချင်းများဖြင့် ဖျော်ဖြေမည့်အစီအစဉ်များဖြင့် ကျင်းပသွားမည် ဖြစ်ကြောင်း" ကျင်းပရေးကော်မတီမှ ဦးစိုင်းအောင်မိန်းက ပြောသည်။

အဆိုပါ ရိုးရာသင်္ကြန်ပွဲတော်တွင် ရှေးဦးစွာ ရှမ်းတိုင်းရင်းသား မျိုးနွယ်စုများက မြတ်စွာဘုရားကို အခမ်းအနားဖြင့် ပင့်ဆောင်ကာ ရေသပ္ပာယ်ဆုတောင်းကြသည်။ ထို့နောက် တိုင်းရင်းသားများက ရိုးရာတေးသီချင်းများ၊ အကများဖြင့် ဖျော်ဖြေညှော်ခံပြီး တိုင်းရင်းသားအဖွဲ့ ၁၅ ဖွဲ့မှ ရိုးရာအစားအစာများကို စတုဒိသာမဏ္ဍပ်များဖြင့် ညှော်ခံကျွေးမွေးကြကြောင်း သိရသည်။

**ဝေဖြိုးအောင်**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းဖော်ပြသော ဧပြီလ ၅ ရက်နေ့မှ ၁၁ ရက်နေ့အထိ ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | ဒွါရ သာသနာဝင် နှစ်(၂၀၀) သမိုင်းမှတ်တမ်း | ကလောင်စုံ | ဓမ္မသံတော်ဆင့် | ၉၀၀၀ |
| ၂။ | ကိုလေးပြောတဲ့ ကိုလေးအကြောင်း | ပါမောက္ခဒေါက်တာကိုလေး | မျဉ်းပြိုင်စာပေ | ၂၂၀၀၀ |
| ၃။ | မိတ်ဆက်ဖြည့်စွက်စာမှသည် တသက်အစာသို့ | ဂုဏ်ရည်ချို | မှော်ဆရာမစာပေ | ၇၀၀၀ |
| ၄။ | စီးပွားရေး၊ HR မာကတ်တင်းနှင့် အရောင်းမန်နေဂျာများအတွက် အသုံးချစိတ်ပညာ | Dr.ထွန်းဝင်း | သရဖီထွန်းဝင်း | ၂၅၀၀ |
| ၅။ | လူစွန့်စား ရှားလော့ဟုမ်း | လင်းစန် | ဓူဝံ | ၂၀၀၀ |
| ၆။ | ဝေါဟာရပဒေသာ | ဘဝသစ် ဦးအောင်ကျော် | synergy | ၂၀၀၀ |
| ၇။ | ရာဇဝင်ထဲက ကျိုက္ခမီ | မင်းဆက်ပိုင် | မျိုးဆက်သစ် | ၂၀၀၀ |
| ၈။ | ကျူရှင်ဆရာရေးသော စာစုများ | အောင်စိုးမိုး(ပညာမြေ) | မျိုးဆက်သစ် | ၂၀၀၀ |
| ၉။ | ကမ္ဘာ့တန်ဖိုးအကြီးမားဆုံး ပတ္တမြား | မဟာဂန္ဓာရုံ အရှင်ဝိဇယာလင်္ကာရ | မျိုးဆက်သစ် | ၁၂၀၀ |
| ၁၀။ | အာဝါဟ၊ ဝိဝါဟမင်္ဂလာနှင့် သီရိဂေဟာ | မဟာဂန္ဓာရုံ အရှင်ဝိဇယာလင်္ကာရ | မျိုးဆက်သစ် | ၁၂၀၀ |
| ၁၁။ | ကောင်းကင်မရှိလည်း မြေကြီးရှိတယ် | နှင်းဝေငြိမ်း | 7777 စာပေ | ၃၀၀၀ |
| ၁၂။ | ခြေတစ်လှမ်း ကုဋေတစ်သန်း | မဟာဂန္ဓာရုံ အရှင်ဝိဇယာလင်္ကာရ | မျိုးဆက်သစ် | ၁၅၀၀ |
| ၁၃။ | လိုဏ်ဂူအတွင်းမှ ဆက်သွယ်ချက်များ | မောင်မြတ်မိုး(ဘာသာပြန်) | ရန်ကုန်လမ်းမများ | ၃၅၀၀ |
| ၁၄။ | ဖရန့်ကင်စတိုင်း | လင်းသစ်နိုင်(မြန်မာပြန်) | momentum | ၃၅၀၀ |
| ၁၅။ | ရတနာသုံးပါးကို မြတ်နိုးသူ | မဟာဂန္ဓာရုံ အရှင်ဝိဇယာလင်္ကာရ | မျိုးဆက်သစ် | ၂၅၀၀ |
| ၁၆။ | အိုရှိုးတရား ရှုနည်းကျမ်း | အောင်သူရ | Bamboo | ၃၀၀၀ |
| ၁၇။ | မားဆိုးအား စုံစမ်းစစ်ဆေးခြင်း | နေသန် | ဝိုင်းမော်စာပေ | ၃၀၀၀ |
| ၁၈။ | လူမှုဘဝ အထွေထွေနိုင်ငံရေး အပြောင်းလဲနှင့် မြန်မာနိုင်ငံ | ခိုင်နီကျော် | မျိုးဆက်သစ် | ၂၅၀၀ |
| ၁၉။ | ရပ်စောက်သမိုင်း ရပ်စောက်မှတ်တမ်း | ဇော်လွင်ဦး (ဟသ်ာတ) | ရှင်မတောင် | ၂၃၀၀ |
| ၂၀။ | မြန်မာနိုင်ငံရေးရာ အမှတ်(၁၁) | ကလောင်စုံ | ဓူဝံ | ၃၀၀၀ |



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)တို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မေ ၁၁

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလနောက်ပိုင်း KNU နှင့် RCSS အဖွဲ့နှစ်ဖွဲ့၏ တစ်ချိန်တည်း တစ်ပြိုင်တည်း ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ကြေညာချက်များ ထွက်ပေါ်လာပြီးနောက်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ခေတ္တယာယီအားဖြင့် ရပ်ဆိုင်းသွားခဲ့ရပါကြောင်း၊ ခေတ္တယာယီရပ်ဆိုင်းထားချိန်တွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် KNU အကြား အလွတ်သဘောတွေ့ဆုံမှု ခြောက်ကြိမ်ကျော် ပြုလုပ်ခဲ့ပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြပါကြောင်း။

## အပြုသဘောရှုမြင်

အဆိုပါ တွေ့ဆုံမှုများသည် ငြိမ်းချမ်းရေးဖြစ်စဉ် ရပ်တန့်မသွားစေရန်၊ မပြေလည်မှုများမှ တိုက်ပွဲများဆီ ပြန်ရောက်မသွားစေရန်၊ အဓိကဒုက္ခကြုံတွေ့ရမည့် ဒေသခံပြည်သူများ မထိခိုက်စေရန်၊ နှစ်ဖက်ပါဝင်သူများက ကြိုးပမ်းအားထုတ်နေကြခြင်းဖြစ်သည်ဟု အပြုသဘောရှုမြင်ပါကြောင်း၊ ယခုကဲ့သို့ အားထုတ်ခဲ့ကြသည့်အတွက်လည်း ဆွေးနွေးပွဲများ ရပ်ဆိုင်းထားသည့်ကာလတွင် ကြီးကြီးမားမား ပဋိပက္ခများ ဖြစ်ပေါ်ခြင်းမရှိခဲ့မှုအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

## ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေကြ

ငြိမ်းချမ်းရေးခရီးဆိုသည် အစဉ်အမြဲ အနိမ့်-အမြင့်၊ အတက်-အကျများနှင့် ရင်ဆိုင်ရသည်မှာ ဓမ္မတာဖြစ်ပါကြောင်း၊ အဓိကအချက်သည် ပါဝင်သူများ၏ ငြိမ်းချမ်းရေး တည်ဆောက်လိုသည့် နိုင်ငံရေးဆန္ဒနှင့် စိတ်ရင်းစေတနာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများသည် လွတ်လပ်ရေးနှင့်အတူ သက်တမ်းရှည်ကြာခဲ့ခြင်းဖြစ်သည့်အတွက် ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး ပြည်တွင်းစစ်ဟုပင် နိုင်ငံတကာက ခေါ်တွင်နေကြသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခကို မျိုးဆက်များဆက်ပြီး လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့သည့်အတွက် ယနေ့အချိန်ထိ မငြိမ်းသတ်နိုင်ဘဲ ရှိနေဆဲဖြစ်ပါကြောင်း၊ မိမိတို့အားလုံးသည် လက်နက်ကိုင်ပဋိပက္ခကို စတင်ခဲ့ကြသူများ မဟုတ်ပါကြောင်း၊ အဆိုပါ ပဋိပက္ခကို ချုပ်ငြိမ်းနိုင်ပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေကြသူများဖြစ်ပါကြောင်း။

ယခုလက်ရှိ ရရှိထားသည့် ငြိမ်းချမ်းစအခြေအနေကို ပြိုကွဲပျက်စီးအောင် ဖန်တီးရန် အလွန်လွယ်ကူပါကြောင်း၊ ငြိမ်းချမ်းရေးကို တည်ဆောက်ကြသူများသည် အမှန်တကယ် ဆုံးဖြတ်နိုင်သည့်၊ သတ္တိရှိသည့်သူများဟု ဆိုနိုင်ပါကြောင်း၊ KNU ဥက္ကဋ္ဌ ဗထီးမူတူးဆေးဖိုး ပြောသကဲ့သို့ သတ္တိရှိမှ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်သလို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောခဲ့သည့်အတိုင်း စေ့စပ်ညှိနှိုင်းဆွေးနွေးရာတွင်လည်း သတ္တိနှင့် ရဲရင့်မှုတို့ လိုအပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံတကာ အတွေ့အကြုံများအရ နိုင်ငံရေးဆွေးနွေးပွဲများ၌ ဒူးတိုက်ဆွေးနွေးသည့် အခြေအနေများ ရောက်ရှိလာသည့်အချိန်တွင် လုံခြုံရေးကဏ္ဍနှင့် ဆက်စပ်၍ စိုးရိမ်ပူပန်မှုများ ထွက်ပေါ်လာပြီး စိုးရိမ်မှုများကြောင့် ဘက်ပေါင်းစုံမှ နောက်ပြန်ဆွဲမှုများ ကြုံရနိုင်သည်ကို NCA ညှိနှိုင်းစဉ် အချိန်ကတည်းက သတိပြုခဲ့ပါကြောင်း၊ ထို့ကြောင့် ဆွေးနွေးမှုများတွင် မပြေလည်မှုများ ဖြစ်ပေါ်လာပါက ဆွေးနွေးညှိနှိုင်းသည့် နည်းလမ်းကို အခြေခံဖြေရှင်းရန် NCA တွင် ထည့်သွင်းရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း။

## အတူတကွပူးပေါင်းဆောင်ရွက်ကြရန် သန္နိဋ္ဌာန်ချခဲ့

NCA ကို လက်မှတ်ရေးထိုးထားသည့် တပ်မတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် အဆိုပါ သဘောတူစာချုပ်တွင် ပါဝင်သည့်အချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် သန္နိဋ္ဌာန်ချခဲ့ကြပြီးဖြစ်ပါကြောင်း။

ပြီးခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေး၏ ထုတ်ပြန်ကြေညာချက်သည် ညီလာခံကိုယ်စားလှယ်အားလုံး၏ သဘောထားနှင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းမှာ ညီလာခံတစ်ဆင့်ချင်းထားရှိသင့်သည့် ရည်မှန်းချက်များကို အားလုံးစုပေါင်းပြီး ဝိုင်းဝန်းကြိုးပမ်းကြရန် ရည်ရွယ်ချက်ဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုထုတ်ပြန်ကြေညာချက်အပေါ်တွင် အပြင်မှ ကောက်ယူချက်အမျိုးမျိုး၊ ဘာသာပြန်ဆိုချက်အမျိုးမျိုးနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား လိုရာဆွဲ၍ ပြောကြားမှုများ ပေါ်ပေါက်ခဲ့ပါကြောင်း။

NCA ညှိနှိုင်းစဉ်အချိန်ကတည်းက ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ပြည်ပပါဝင်မှု အခန်းကဏ္ဍကို မိမိတို့အကြား အကြိတ်အနယ် ဆွေးနွေးသုံးသပ်ပြီး သတိနှင့် ရေးဆွဲခဲ့ကြသည်ကို ခေါင်းဆောင်များအနေဖြင့် အထူးအလေးအနက်ထားကြစေလိုကြောင်း။

အဖွဲ့အစည်းတစ်ခုချင်းစီတွင် ချမှတ်ထားသည့် မူဝါဒများ၊ ရပ်တည်ချက်များ အသီးသီးရှိကြပါကြောင်း၊ ဆွေးနွေးပွဲများသို့ တက်ရောက်ကြသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ရပ်တည်ချက်များကို လေ့နံ့ခါးထစ် ဆုပ်ကိုင်ထားခြင်းမျိုး မဟုတ်ဘဲ အပေးအယူ၊ အလျှော့အတင်းဖြင့် စေ့စပ်ညှိနှိုင်းဆွေးနွေးနိုင်သည့် အတိုင်းအတာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းလိုက်ရန် အရေးကြီးပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးဆွေးနွေးပွဲများတွင် အစုအဖွဲ့တစ်ခုချင်း၏ လိုလားချက်ရာခိုင်နှုန်းပြည့် ရရှိနိုင်ရန် မည်သို့မျှ မဖြစ်နိုင်ပါကြောင်း။

## စိတ်ရင်းစေတနာနှင့် တွေ့ဆုံညှိနှိုင်း

အပြန်အလှန် နားလည်မှုဖြင့် အပြန်အလှန်ယုံကြည်မှုများ တည်ဆောက်နိုင်မှသာ စေ့စပ်ညှိနှိုင်းခြင်းကို အောင်မြင်စေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်၊ NRPC ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် မည်သူ့ကိုမျှ အပြစ်မတင်ပါကြောင်း၊ မိမိတို့အားလုံးသည် ငြိမ်းချမ်းရေးကို အတူလျှောက်လှမ်းနေသည့် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားနေကြသူများဟု ခံယူပါကြောင်း၊ အဖွဲ့အစည်းအတွင်း မည်သည့် အခက်အခဲများနှင့် တွေ့ကြုံရသည်ဖြစ်စေ ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန် မိမိတို့အားလုံး မည်သို့ ကူညီဖြေရှင်းနိုင်မည်ကို စိတ်ရင်းစေတနာနှင့် တွေ့ဆုံညှိနှိုင်းခြင်းဖြစ်သည်ကို အလေးအနက်ထားပြောကြားလိုပါကြောင်း။

သမိုင်းကြောင်းတစ်လျှောက် ထဲထဲဝင်ဝင် လေ့လာကြည့်ပါက နိုင်ငံရေးဆွေးနွေးပွဲဟူသည်ကို မိမိတို့ခေတ်မှသာ နှစ်ဖက်သဘောတူညီချက်များဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ပါကြောင်း၊ တော်လှန်ရေးကောင်စီခေတ် ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုများဖြင့် ကြိုးပမ်းခဲ့သော်လည်း မဖြစ်ခဲ့ပါကြောင်း၊ တပ်မတော်အစိုးရခေတ်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်များအထိ ရောက်ရှိခဲ့ပြီး နိုင်ငံရေးဆွေးနွေးပွဲများကို နောင်ရွေးကောက်ပွဲများမှ တက်လာမည့် အစိုးရများ လက်ထက်တွင် ဆက်လက်ဆောင်ရွက်ရန် ထားခဲ့ခြင်းဖြစ်ပါကြောင်း။

## နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်လာခဲ့ပြီဖြစ်

ပြီးခဲ့သည့် အစိုးရလက်ထက်တွင် NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့ လက်မှတ်ထိုးသည့်အဆင့်ထိ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို အချိန်ဇယားအရ ကျင်းပပြုလုပ်ရခြင်းဖြစ်၍ နိုင်ငံရေးဆွေးနွေးသည့်အဆင့်ထိ မရောက်ခဲ့ပါကြောင်း၊ ယခုအခါတွင် အမှန်တကယ် စေ့စပ်ညှိနှိုင်းဆွေးနွေးရသည့် နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်လာခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် သမိုင်းကြောင်းတစ်လျှောက် ပေါ်ပေါက်လာသည့် နိုင်ငံရေးဆွေးနွေးပွဲများဟု ပြောဆိုရမည်ဖြစ်ပါကြောင်း။

နိုင်ငံ၏ ပထမဆုံးပေါ်ပေါက်လာသည့် နိုင်ငံရေးဆွေးနွေးပွဲများဖြစ်သည့်အတွက် မည်သူမှ အတွေ့အကြုံမရှိပါကြောင်း၊ မကျေလည်မှုများ၊ အခက်အခဲများ၊ စိန်ခေါ်မှုများသည် မလွဲမသွေကြုံတွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံး၏ အခက်အခဲ၊ စိန်ခေါ်မှုများဟု သိမြင်ခံယူပြီး အတူတကွ ဆွေးနွေးညှိနှိုင်းဖြေရှင်းသွားနိုင်ရန် အထူးအရေးကြီးပါကြောင်း၊ ရှိရင်းစွဲ အခြေအနေတစ်ခုမှ နောက်ထပ်အပြောင်းအလဲကို ဦးတည်လျှောက်လှမ်းသည့်အခါ ခုခံမှုများ၊ ပွတ်တိုက်မှုများ ဖြစ်ပေါ်လာစမြဲဖြစ်ပါကြောင်း၊ အပြောင်းအလဲများကို ဖန်တီးကြသည့်အခါ ကြုံတွေ့ရလေ့ရှိသည့် ခုခံမှုဟု ရှုမြင်ပြီး အစုအဖွဲ့တစ်ခု၏ အခက်အခဲကို အားလုံးက ဝိုင်းဝန်းကူညီဖြေရှင်းပေးနိုင်ရန် ကြိုးစားအားထုတ်နိုင်မှသာ နိုင်ငံရေးဆွေးနွေးပွဲများ ချောမွေ့အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း။

## ပူးပေါင်းဖြေရှင်းရန် အသင့်ရှိနေ

နိုင်ငံတော်အစိုးရအနေဖြင့် တရားဝင်ဆွေးနွေးပွဲများကို အမြန်ဆုံးစတင်လိုပါကြောင်း၊ ထိုသို့ စတင်နိုင်ရန် ရှိနေသည့် အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းရန်၊ ပူးပေါင်းဖြေရှင်းရန် အသင့်ရှိနေသည်ကို အလေးအနက်ပြောကြားလိုပါကြောင်း။

နေပြည်တော်ရှိ NRPC စားပွဲဝိုင်းကို အခက်အခဲအမျိုးမျိုးကြားက ရောက်အောင် လှမ်းခဲ့ကြသည့် KNU ခေါင်းဆောင်များကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင် မိမိတို့၏ အခက်အခဲများ၊ လိုလားချက်များကို ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီးပြောပြပြီး ဝိုင်းဝန်းအဖြေရှာရန် အလေးအနက်ထားတိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရင်အမျိုးသားအစည်းအရုံး (KNU) အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူးက ယခုလို KNU နှင့် NRPC အကြားတွင် တွေ့ဆုံနိုင်ခွင့်တောင်းဆိုသည့်နေရာတွင် အလွတ်သဘော လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းဖြင့် မိမိတို့ကြားထဲတွင်ရှိသည့် မတူညီမှုများအား မည်သို့အဖြေရှာရမည်ကို ဆွေးနွေးရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊

*စာမျက်နှာ ၉ သို့*

■ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို မျိုးဆက်များ ဆက်ပြီးလက်ဆင့်ကမ်းသယ်ဆောင်လာခဲ့သည့်အတွက် ယနေ့အချိန်ထိ မငြိမ်းသတ်နိုင်ဘဲ ရှိနေဆဲဖြစ်၊ မိမိတို့အားလုံးသည် လက်နက်ကိုင်ပဋိပက္ခကို စတင်ခဲ့ကြသူများ မဟုတ်၊ အဆိုပါပဋိပက္ခကို ချုပ်ငြိမ်းနိုင်ပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေကြသူများဖြစ်

■ NCA ကို လက်မှတ်ရေးထိုးထားသည့် တပ်မတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် အဆိုပါ သဘောတူစာချုပ်တွင် ပါဝင်သည့်အချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် သန္နိဋ္ဌာန်ချခဲ့ကြပြီးဖြစ်

*စာမျက်နှာ ၈ မှ*

အလွတ်သဘော ဆွေးနွေးပွဲဆိုသော်လည်း မိမိတို့နိုင်ငံ မိမိတို့၏ အနေအထားဖြင့် နိုင်ငံရေးယဉ်ကျေးမှုအပေါ်တွင် အခြေခံပြီး လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးစေလိုပါကြောင်း။

**သန္နိဋ္ဌာန် ခိုင်ခိုင်မာမာချ**

သို့မှသာ ပေါ့ပေါ့ပါးပါးဖြင့် အဖြေရှာပြီး မည်သို့ရှေ့ဆက်သွားနိုင်မည်ဆိုသည့်အပိုင်းကို သွားရန်ဖြစ်ပါကြောင်း၊ KNU အနေဖြင့် သန္နိဋ္ဌာန် ခိုင်ခိုင်မာမာချ၍ NCA ၏ ပေးထားချက်များအတိုင်း တစိုက်မတ်မတ်သွားနေသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ NCA တန်ဖိုးနှင့် မိမိတို့ကြားတွင်ရှိသည့် နိုင်ငံရေးယဉ်ကျေးမှုအပေါ်အခြေခံပြီး ရရှိလာသည့် တန်ဖိုးများကို မိမိတို့ အလွန်တန်ဖိုးထားသည့်အပြင် ၎င်းတန်ဖိုးအပေါ်တွင် တစ်ဖက်က နားလည်ယုံကြည်သည့် အဓိပ္ပာယ်ဖွင့်ဆိုမှုမျိုးကို ရရှိရန် မိမိတို့မျှော်လင့်ပါကြောင်း၊ အဆိုပါ အခွင့်အရေးကို ယနေ့အထိ မရရှိသေးသည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ယခုကဲ့သို့သော အခက်အခဲများဖြင့် တွေ့ကြုံနေရခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

NCA သည် မတူညီသည့် အခြေအနေနှစ်ခုက ဆင်းသက်ခဲ့သည့် အခြေခံမှုများဖြင့် သွားသည်ဆိုသော်လည်း နှစ်ဖက်လက်ခံနိုင်သည့် အဓိပ္ပာယ်အနေအထားရောက်အောင် မိမိတို့ဆက်လက်ဆွေးနွေးရန် လိုအပ်နေသည့်အတွက် NCA ၏ ပေးထားချက်များအပေါ် ကွဲပြားစွာ အဓိပ္ပာယ်ဖွင့်ဆိုပြီး အကောင်အထည်ဖော်နေမှုများသည် မဖြစ်မနေ ညှိနှိုင်းရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း။

**နားလည်ယုံကြည်မှုများကို ပိုမိုတည်ဆောက်**

မိမိတို့အနေဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြီးပြတ်အောင်မြင်သည်အထိ လုပ်ဆောင်ရန် သန္နိဋ္ဌာန်ချမှတ်ထားသည့်အပြင် တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ နိုင်ငံရေးယဉ်ကျေးမှုအသစ်တစ်ခုဖြစ်သည့် အကျေအလည်ဆွေးနွေးညှိနှိုင်းခြင်း၊ အင်အားအသုံးမပြုခြင်းဆိုသည့် အခြေခံမှုများကို ကိုင်စွဲပြီး သွားမည်ဆိုပါက ရင်ကြားစေ့ရေးနှင့် တစ်ဖက်နှင့်တစ်ဖက် နားလည်ယုံကြည်မှုများကို ပိုမိုတည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ အထောက်အကူပြုအဖွဲ့ဝင် ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့က နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် NCA ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ ဆောင်ရွက်လျက်ရှိသည့် ၂၀၂၀ မတိုင်မီနှင့် ၂၀၂၀ အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး၊ တွေ့ကြုံရသည့် အခက်အခဲများ ကျော်လွှားနိုင်ရေး၊ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကရင်အမျိုးသားအစည်းအရုံး(KNU) အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူးနှင့် ကိုယ်စားလှယ်များက KNU အနေဖြင့် NCA ၏ ပေးထားချက်များအပေါ်တွင် တူညီသည့်နားလည်မှုကို အခြေခံပြီး ပြည်ထောင်စုကြီး တည်ဆောက်ရန်၊ အဖွဲ့အစည်းများအကြားရှိ နက်ရှိုင်းသည့် ကွာဟမှုများ၊ အခြေခံမှုများအပေါ်မူတည်ပြီး ရှေ့ဆက်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ မည်သို့ချမှတ်ဆောင်ရွက်မည်၊ KNU အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို ရောက်ရှိနိုင်ရန် မည်သို့သောလုပ်ငန်းစဉ်များကို ချမှတ်သွားသင့်သည်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အဖွဲ့ဝင်များနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့မှ ကိုယ်စားလှယ်များက ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် စပ်လျဉ်းသည့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်**

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး (KNU) အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူးက မိမိတို့ တက်တက်ကြွကြွ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်သည့် အခွင့်အရေးရခြင်းသည် အလွန်ကောင်းမွန်ကြောင်း၊ ယခုတွေ့ဆုံမှုမှ တစ်ဖက်နှင့် တစ်ဖက်အကြားရှိ ကွာဟမှုများကို အတူတကွ ဆက်လက်ညှိနှိုင်းသွားနိုင်လောက်သည့် အနေအထားတစ်ခု ရရှိမည်ဆိုသည်ကို ယုံကြည်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် မိမိတို့ဘက်က ရှေ့ဆက်ညှိနှိုင်းရန် အခက်အခဲဖြစ်နေသည့် အနေအထားများကို ကျော်လွှားနိုင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် အရောက်သွားနိုင်သည့် တင်ပြချက်များကို ရွေးချယ်ပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့ တက်တက်ကြွကြွဖြင့် ပြင်ဆင်ထားသည့် အဆိုပြုလွှာကိုလည်း ရရှိခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကောင်းမွန်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိအောင် နိုင်ငံရေးယဉ်ကျေးမှုအသစ်ကို အခြေခံပြီး ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက KNU ခေါင်းဆောင်များအနေဖြင့် NCA ကို အလွန်တန်ဖိုးထားကြောင်း၊ ခိုင်ခိုင်မာမာရပ်တည်ကြောင်း၊ NCA ၏ အခြေခံမူများနှင့်အညီ ရေရှည်တည်တံ့စေမည့် ငြိမ်းချမ်းရေးကို မရောက်ရောက်အောင် သွားမည့်ကိစ္စနှင့်ပတ်သက်၍ ယနေ့ ဆွေးနွေးခဲ့ကြသည်ကို ကြားသိရသည့်အတွက် အလွန်ဝမ်းသာပါကြောင်း၊ လေးစားရပါကြောင်း၊ အမှန်တကယ် KNU အဖွဲ့သည် NCA လက်မှတ်မထိုးခင်ကတည်းက သဘောတူညီချက်များနှင့် ငြိမ်းချမ်းရေးကို တန်ဖိုးထားပြီး အပစ်အခတ်ရပ်စဲရေးကို အစောဆုံးနှင့် အရှည်ကြာဆုံး သန္နိဋ္ဌာန်ချဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါကြောင်း။

> ❒ **KNU အဖွဲ့သည် NCA လက်မှတ်မထိုးခင်ကတည်းက သဘောတူညီချက်များနှင့် ငြိမ်းချမ်းရေးကို တန်ဖိုးထားပြီး အပစ်အခတ်ရပ်စဲရေးကို အစောဆုံးနှင့် အရှည်ကြာဆုံး သန္နိဋ္ဌာန်ချဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းတစ်ခုလည်းဖြစ်**
>
> **ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး**
>
> ❒ **ယခုတွေ့ဆုံမှုမှ တစ်ဖက်နှင့် တစ်ဖက်အကြားရှိ ကွာဟမှုများကို အတူတကွ ဆက်လက်ညှိနှိုင်းသွားနိုင်လောက်သည့် အနေအထားတစ်ခု ရရှိမည်ဆိုသည်ကို ယုံကြည်**
>
> **KNU အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူး**

ယနေ့တွင် NCA စာချုပ်နှင့်ပတ်သက်၍ နားလည်မှုများ၊ အမြင်ကွဲလွဲမှုများအပေါ် များစွာဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြပြီး နှစ်ဖက်သဘောထား ညီမျှကြသည်ကိုလည်း ရရှိခဲ့ပါကြောင်း၊ NCA သဘောတူစာချုပ်၌ ပါသည့်အတိုင်း ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆောင်ရွက်နေသည့် ကြားကာလတွင် KNU အဖွဲ့နှင့်သက်ဆိုင်သည့် နယ်မြေများတွင် ကျန်းမာရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်အတွက် အလုပ်သဘောအစည်းအဝေးများကို ပြုလုပ်ရန်လည်း သဘောတူညီချက်များ နှစ်ဖက်လုံးတွင်ရှိပါကြောင်း၊ KNU ၏ ရှေ့လုပ်ငန်းစဉ် အဆိုပြုချက်များကိုလည်း အစိုးရက ဆက်လက်သုံးသပ်ဆွေးနွေးပြီး အကောင်အထည်ဖော်နိုင်ရန် ကြိုးစားဆောင်ရွက်သွားမည်ကိုလည်း ပြောကြားလိုပါကြောင်း။

**နှစ်ဖက်သဘောထားတူညီမှုများရရှိခဲ့**

ဆက်လက်၍ နှစ်ဖက်အလုပ်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန် ကိစ္စများကိုလည်း KNU က ကျန်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးပြီး ပြန်ကြားမည့်ကိစ္စကိုလည်း နှစ်ဖက်သဘောထားတူညီမှုများ ရရှိခဲ့ပါကြောင်း၊ ယနေ့ အစည်းအဝေးသည် နှစ်ဖက်သဘောထားအမြင်များ၊ ယုံကြည်မှုများ၊ နားလည်မှုများ ကွဲလွဲနေသည့် ကိစ္စများနှင့် လိုအပ်နေသည့် ကိစ္စများအတွက် များစွာတည့်မတ်နိုင်ခဲ့ပါကြောင်း၊ ရှေ့ဆက်လက်ပြီး အလုပ်သဘောအစည်းအဝေးများ ပြုလုပ်နိုင်ရန်နှင့် ပုံမှန်အစည်းအဝေးများ ဆက်လက်ကျင်းပနိုင်ရန်အတွက် အားလုံးဝိုင်းဝန်းပြီး ဆက်လက် ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ အထောက်အကူပြုအဖွဲ့ဝင် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ကရင်အမျိုးသားအစည်းအရုံး(KNU) အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူး၊ တွဲဖက်အတွင်းရေးမှူး-၂ ပဒိုစောလှထွန်း၊ ဗဟိုအမြဲတမ်းကော်မတီဝင် ပဒိုစောဆဲဂေ၊ တပ်ပိုင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ဝင်များ ဖြစ်သော စောတာမလာသောနှင့် စောတာမူလာတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ကန့်ဘလူမြို့နယ် လေပြင်းဒဏ်သင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်

**ကန့်ဘလူ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း မေ ၈ ရက်နှင့် ၉ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ထိခိုက်ပျက်စီးသွားသော ကျေးရွာများမှ ပြည်သူများထံ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၁ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ လှိုင်မြင့်ဟန်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဝင်းက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သည့်ပုံစံကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လေပြင်းကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့သည့် သောက္ကန်၊ ညောင်ကုန်း၊ အုတ်ဖို၊ ထိန်တော၊ အောက်တဲ၊ ဝက်တိုး(မြောက်)၊ ညောင်ပင်ကြီး၊ ကြိုးကြာ၊ မိဿလင်ကုန်း၊ ဇင်း၊ ကံကြီးနှင့် အင်းမ ကျေးရွာအုပ်စုများမှ ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ရာတွင် အိမ်ထောင်စု ၁၈၁ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ခြောက်မျိုးစီ၊ ထောက်ပံ့ငွေကျပ် ၇၃၂၀၀၀၀ နှင့် ဘုန်းတော်ကြီးကျောင်း သုံးကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၁၈၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ကလောမြို့နယ် ရှမ်းရိုးမဆင်စခန်း၌ ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေပေး

**ကလော မေ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် UNOPS တို့ပူးပေါင်း၍ အကောင်အထည်ဖော်နေသည့် လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်ရေးစီမံကိန်းအရ ပြည်သူများ ခြင်အန္တရာယ်နှင့် ငှက်ဖျားရောဂါ ကာကွယ်နိုင်ရန် ဆေးစိမ်ခြင်ထောင်များ ပေးအပ်ပွဲနှင့် ငှက်ဖျားရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို မေ ၁၀ ရက်က ဝက်ဖြူရေကျေးရွာအုပ်စု နန်းပန်တက်ကျေးရွာအနီးရှိ ရှမ်းရိုးမဆင်စခန်း၌ ပြုလုပ်ခဲ့သည်။

ငှက်ဖျားရောဂါအကြောင်း ပညာပေးဟောပြောပွဲတွင် ရှမ်းရိုးမဆင်စခန်းတာဝန်ခံ ဦးစိုင်းသန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ် ကြက်ခြေနီအသင်းမှ ကွင်းဆင်းကြီးကြပ်ရေးမှူး ဦးကျော်စောဝေက ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများနှင့် ခြင်အန္တရာယ်အကြောင်းကို ဟောပြောကာ ဆေးစိမ်ခြင်ထောင် အသုံးပြုနည်းများကိုလည်း သရုပ်ပြခဲ့သည်။

ထို့နောက် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးရာ ရှမ်းရိုးမဆင်စခန်းတွင်ရှိသော ဆင်စခန်းရွာမှ မိသားစု ၂၈ စုအပြင် လမ်း၊ တံတားတည်ဆောက်ရေး အလုပ်သမားများအတွက် တာရှည်ခံ ဆေးစိမ်ခြင်ထောင် ၃၂ လုံးကို ရှမ်းရိုးမဆင်စခန်းတာဝန်ခံက အခမဲ့ဖြန့်ဝေပေးခဲ့သည်။ ထို့အပြင် ဆင်စခန်းမှ ဝန်ထမ်းများနှင့် နန်းပန်တက်ကျေးရွာမှ ဒေသခံပြည်သူများအား ငှက်ဖျားပိုးရှိမရှိ သွေးဖောက်စစ်ဆေးခြင်းများလည်း ပြုလုပ်ပေးခဲ့ကာ ငှက်ဖျားရောဂါအကြောင်း အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**



မူဆယ်မြို့ရှိ ကားဂိတ်တစ်ခု၌ နေရပ်ပြန်မည့်သူတချို့ကို တွေ့ရစဉ်။

## မူဆယ်မြို့၌ သင်္ကြန်ကာလ နေရပ်ပြန်ခရီးသည်များကြောင့် ကားဂိတ်တချို့တွင် ကားလက်မှတ်များ ရောင်းအားကောင်းနေ

**မူဆယ် မေ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် သင်္ကြန်ကာလ နေရပ်ပြန်ခရီးသည်များကြောင့် မူဆယ်မြို့ရှိ ကားဂိတ်တချို့တွင် ကားလက်မှတ်များ ရောင်းအားကောင်းနေဆဲဟု သိရသည်။

"အခုဆို ကားဂိတ်တချို့တွေက ပိတ်ကုန်ပါပြီ။ တချို့ခရီးသည်တွေက သင်္ကြန်အတွင်း အိမ်ပြန်တာ နောက်ကျတာတွေ ရှိသေးတယ်။ ခုချိန်ထိခရီးသည်တွေ တော်တော် များသေးတယ်။ ခါတိုင်းဆို တစ်နေ့ကျွန်တော်တို့ကားဂိတ်ကနေ သုံးစီးပဲထွက်တယ်။ ဒီနေ့တော့ ခရီးသည်တွေ အဆင်ပြေအောင်လို့ ငါးစီးထွက်ဖို့ စီစဉ်ပေးထားတယ်" ဟု မူဆယ်မြို့သိန်းသန်းချီကားကြီးကွင်းရှိ ဝင်းနား ကားဂိတ်မှူးက ပြောသည်။

"အိမ်က မိသားစုတွေနဲ့လည်း ပြန်တွေ့ချင်တယ်။ သင်္ကြန်မှာ အလှူလည်း လုပ်ချင်လို့ မြန်မာပြည်ကိုလာခဲ့တာပါ။ အိမ်ကို ပြန်ရမှာမို့ အလုပ်ပိုဆင်းတာကြောင့် သင်္ကြန်အိမ်ပြန်တာ နည်းနည်းနောက်ကျသွားတယ်။ ဒါပေမယ့် ခုအိမ်ပြန်ဖို့ ကားလက်မှတ်မီသေးတယ်ဆိုတော့ တော်တော်ပျော်နေပါတယ်" ဟု တရုတ်နိုင်ငံ ထာခုန်တွင် အလုပ်လုပ်သည့် မကွေးတိုင်းဒေသကြီး ကံမမြို့နေ ကိုအောင်မြင့်သိန်းက ပြောသည်။

မူဆယ်မြို့ရှိ ကားဂိတ်တချို့သည် သင်္ကြန်ပွဲနှင့်နီးကပ်နေပြီဖြစ်သည့်အတွက် ကားဂိတ်များ ရက်နားနေခြင်းဖြစ်ကြောင်း သိရသည်။ သင်္ကြန်ကာလ အိမ်ပြန်သည့် ခရီးသည်အများစုသည် တရုတ်နိုင်ငံတွင် အလုပ်လုပ်သည့် မြန်မာအလုပ်သမားများဖြစ်ပြီး အကြောင်းကြောင်းကြောင့် နေရပ်ပြန် နောက်ကျရခြင်းဖြစ်ကြောင်း သိရသည်။

**ဖန်ရိုးထန်(ပြန်/ဆက်)**

# မဟာသင်္ကြန်ပွဲတော်ကို ဘေးကင်းလုံခြုံပြီး ပျော်ရွှင်စွာဆင်နွှဲနိုင်ရေး အနယ်နယ်အရပ်ရပ်၌ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

## ရန်ကုန်

ယခုနှစ်သင်္ကြန်ကာလမှာ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိဖြစ်ရာ ထိုသင်္ကြန်ပွဲတော်ကာလတွင် တရားစခန်းနှင့်ရိပ်သာများ၊ လမ်းလျှောက်သင်္ကြန်၊ အများပြည်သူအပန်းဖြေရာနေရာ၊ ရေပက်ခံမဏ္ဍပ်များနှင့် ရန်ကုန်မြို့၏ အဓိကလမ်းမကြီးများတွင် လူမှုကယ်ဆယ်ရေးပရဟိတအဖွဲ့များက အချိန်ပြည့်ကျန်းမာရေး စောင့်ရှောက်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ပွဲတော်ကာလ အရှေ့ပိုင်းခရိုင်ရှိမြို့နယ် ၁၄ မြို့နယ်တွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုစခန်း ၁၄ နေရာ၊ အနောက်ပိုင်းခရိုင်ရှိ ၁၃ မြို့နယ်တွင် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုငါးနေရာ၊ တောင်ပိုင်းခရိုင်ရှစ်မြို့နယ်တွင် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုရှစ်နေရာနှင့် မြောက်ပိုင်းခရိုင်မြို့နယ်ရှိ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ၁၃ နေရာ ထားရှိကာ ကယ်ဆယ်ရေးစေတနာ့ဝန်ထမ်း ၁၂၀၀ ခန့်ဖြင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သင်္ကြန်ကာလတွင် ရိပ်သာတရားစခန်းများ အပါအဝင် အတာသင်္ကြန်တွင်ဆင်နွှဲကြမည့် ပြည်သူတို့အနေဖြင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုကူညီရန်လိုအပ်ပါက လူမှုကယ်ဆယ်ရေးရုံးချုပ် ဖုန်းနံပါတ် ၀၉ - ၇၇၂၉ ၈၉၉၈၈ နှင့် ၀၉- ၇၇၄၉ ၈၉၉၈၈ သို့ အချိန်မရွေးဆက်သွယ်နိုင်ပြီး အရှေ့ပိုင်းခရိုင်တွင် ၀၉-၂၅၇၅၇၈၆၇၅ ကိုလည်းကောင်း၊ အနောက်ပိုင်းခရိုင်တွင် ၀၉- ၄၂၁၀ ၈၉၁၂၉ကို လည်းကောင်း၊ တောင်ပိုင်းခရိုင်တွင် ဖုန်း ၀၉- ၇၉၅၀၀၀၁၇၃ နှင့် ၀၉- ၇၉၉၃၇၁၃၄၀ သို့ လည်းကောင်း မြောက်ပိုင်းခရိုင်တွင် ဖုန်း ၀၉-၄၂၀၇၇၉၁၃ သို့လည်းကောင်း ၂၄ နာရီဆက်သွယ်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုကယ်ဆယ်ရေးအဖွဲ့ရုံးချုပ်မှ သိရသည်။

**သန်းထိုက်**

## ခိုင်ကမ်း

ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့စည်ပင်ဧရိယာအတွင်းရှိ လူစည်ကားရာနေရာများဖြစ်သော မွာလ်ဇမ် ( ကွီး ) ချောင်းတံတားအနီး ကျောက်တစ်လုံးအပန်းဖြေစခန်းနှင့် အမှတ် (၄) ရပ်ကွက် စသည့်နေရာ သုံးနေရာတွင် သင်္ကြန်ကာလအတွင်း လုံခြုံရေးချထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနေရာများသည် ခရစ္စမတ်ကာလနှင့် သင်္ကြန်ကာလကဲ့သို့သော ကာလမျိုးတွင် ခိုင်ကမ်းမြို့ပေါ်သာမက ကလေးမြို့မှ ပြည်သူများ ယာဉ်ကြီးယာဉ်ငယ်များဖြင့် မိသားစုလိုက်သော်လည်းကောင်း၊ လူငယ်များ အစုအဖွဲ့လိုက်သော်လည်းကောင်း လာရောက်အပန်းဖြေကြရာ အရက်သေစာသောက်စားသူတချို့ကြောင့် ပြဿနာဖြစ်လေ့ဖြစ်ထရှိသဖြင့် ယခုနှစ်သင်္ကြန်ကာလတွင် အလားတူပြဿနာတစ်စုံတစ်ရာ မဖြစ်ပေါ်စေရေးအတွက်



သင်္ကြန်မတိုင်မီဖွင့်လှစ်မည့် မန္တလေးကျုံးဘေးရှိ လူထုအပန်းဖြေနေရာကို တွေ့ရစဉ်။

ယခုလို လုံခြုံရေးတာဝန်ချထားခြင်းဖြစ်ကြောင်း သိရသည်။

လုံခြုံရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်ကြာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မန္တလေး

မန္တလေးမြို့ကျုံးအရှေ့ဘက်ခြမ်းတွင် လူထုအပန်းဖြေနေရာနှင့် ပလက်ဖောင်းများ တည်ဆောက်နေမှု သင်္ကြန်မတိုင်မီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းကို Eden Group Construction Co.Ltd က တည်ဆောက် လှူဒါန်းခြင်းဖြစ်ပြီး မန္တလေးမြို့ ကျုံးအရှေ့ဘက်ခြမ်း ၆၆လမ်းကို ၁၂ လမ်းမှ ၂၆လမ်းအထိ အရှည်ပေ ၇၃၀၀ ကို ဂရင်းနိုက်ကျောက်ပြားများ ခင်းခြင်း၊ Handrail များတပ်ဆင်ခြင်း၊ အနားယူအပန်းဖြေခုံတန်းများထားရှိခြင်း၊ မျက်စိပသာဒဖြစ်စေနိုင်သည့် အရိပ်ရပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ အလှမီးတိုင်များ၊ ရေပိုက်လိုင်း၊ လျှပ်စစ်မီးလိုင်းများ၊ ထရန်စဖော်မာများ တပ်ဆင်ခြင်း၊ ရေနုတ်မြောင်းများ ဖောက်လုပ်ခြင်း၊ လမ်း Kerb တုံးများ လဲလှယ်တပ်ဆင်ခြင်းနှင့် ကိုယ်လက်ကျန်းမာရေးအတွက် လေ့ကျင့်ခန်းပြုလုပ်နိုင်သည့် အားကစားပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းလုပ်ငန်းသည် ယခင်ပလက်ဖောင်းအဟောင်းပုံစံကို နိုင်ငံခြားသားဒီဇိုင်းပညာရှင်များဖြင့် ပုံစံရေးဆွဲပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြကာ မြို့တော်နေပြည်သူများ ချပြရွေးချယ်ခဲ့သည့် ဒီဇိုင်းပုံစံကို ၂၉.၁၀.၂၀၁၈ ခုနှစ်တွင် စတင်ပြီး လုပ်သားအင်အား ၇၀၀ ကျော်၊ စက်ယန္တရားအင်အားတို့ဖြင့် အသုံးပြုဆောင်ရွက်ခဲ့သည်။ အဆိုပါ ကျုံးအရှေ့ဘက် ဘေးလမ်းတစ်လျှောက်တွင် အရိပ်ရအပင်ကြီး ၁၄၇ ပင်၊ ပုဏ္ဏရိပ်ပင် ၆၀၀၀၀ ကျော်စိုက်ပျိုးခဲ့ကြောင်း သိရပြီး အဆိုပါ စီမံကိန်းလုပ်ငန်းကို ဧပြီ ၁၃ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## အိမ်မဲ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့တွင် မဟာသင်္ကြန်ကို ယခင်နှစ်များနှင့်မတူဘဲ ထူးခြားစွာဖြင့် ဗဟိုမဏ္ဍပ်တစ်ခုထားပြီး ယိမ်းအကများနှင့် အခြားဖျော်ဖြေရေးများပါထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဗဟိုမဏ္ဍပ်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့(၂)လမ်းတွင် ထားရှိမည်ဖြစ်ပြီး ယိမ်းအကများမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပညာရေး၊ ကျန်းမာရေး၊ လယ်/ဆည်၊ စည်ပင်၊ ခလရ(၆၃)၊ လယ်ပေါ်ရပ်ကွက်၊ အိမ်မဲကြီးရပ်ကွက်၊ အထက်ပိုင်းရပ်ကွက်၊ ချောင်းဝပိုင်းရပ်ကွက်၊ တကောကျေးရွာ(၁)(၂)၊ ရေသိုးကျေးရွာ၊ ပါရမီဒေါင့်ကျေးရွာနှင့် ကန်ကြီးဒေါင့်ကုန်းကျေးရွာတို့မှ စုစုပေါင်းယိမ်းအဖွဲ့ ၁၅ ဖွဲ့ ထွက်ပြီး မဟာသင်္ကြန်အကြိုနေ့ညနေ ၆ နာရီတွင် ဖွင့်ပွဲပြုလုပ်၍ ဖွင့်ပွဲတွင် ယိမ်းအဖွဲ့များက 'မြူမှောင်ဝေကင်း'သီချင်းဖြင့် ဖျော်ဖြေကြမည်ဖြစ်ကြောင်းနှင့် အကျနေ့မှစ၍ တစ်ညလျှင်ငါးဖွဲ့စီ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ယိမ်းအကပြိုင်ပွဲများကို အနုပညာတက္ကသိုလ်မှပညာရှင်များက လာရောက်အကဲဖြတ်ပေးမည်ဖြစ်ပြီး မဟာသင်္ကြန်အကြိုနေ့မှစ၍ ဗဟိုမဏ္ဍပ်တွင် ရွှေရင်အေး၊ မုန့်လက်ဆောင်းစတုဒိသာများ ကျွေးမွေးသွားမည်ဖြစ်သည်။

မဟာသင်္ကြန်အတက်နေ့ညတွင် ဆုပေးပွဲကျင်းပသွားမည်ဖြစ်ကြောင်းနှင့် နှစ်ဆန်းတစ်ရက်နေ့တွင် ၈၅ နှစ်အထက် မြို့ပေါ် ၅ ရပ်ကွက်မှအဘိုးအဘွား ၆၇ ဦးကို သက်ကြီးပူဇော်ပွဲပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**အိမ်မဲ (ပြန်/ဆက်)**

## သန်လျင်

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ၁၃၈၀ ပြည့်နှစ်မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ပြည်သူများ မြန်မာ့ရိုးရာအစဉ်အလာမပျက် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် မြို့နယ်စည်ပင်ရုံးအနီးတွင် ဗဟိုမဏ္ဍပ်ဆောက်လုပ် လျက်ရှိပြီး သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ ယိမ်းပြိုင်ပွဲ၊ သံချပ်ပြိုင်ပွဲ၊ နိုင်ငံကျော်ဂီတအနုပညာရှင်များ၏ တေးဂီတ ဖျော်ဖြေပွဲ၊ မြန်မာ့ရိုးရာဆိုင်းဝိုင်းနှင့်အတူ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး လမ်းလျှောက်သင်္ကြန်ဖြစ်မြောက်ရေးအတွက် စီစဉ်လျက်ရှိသည်။ သင်္ကြန်ရက်များအတွင်း စတုဒိသာကျွေးမွေးလှူဒါန်းသွားမည် ဖြစ်သည်။




သန်လျင်မြို့နယ်၌ မဟာသင်္ကြန်ရေကစားမဏ္ဍပ်ဆောက်လုပ်ထားမှုကို တွေ့ရစဉ်။

သန်လျင်မြို့နယ် ၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုမဏ္ဍပ်တွင် သံချပ်ခြောက်ဖွဲ့နှင့် ရပ်ကွက်ကျေးရွာများမှ ပြိုင်ပွဲဝင်ယိမ်း ၁၁ ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

## ရွှေသောင်ယံ

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေတွင် ယနေ့နံနက်ပိုင်းမှစတင်၍ သင်္ကြန်ကာလအတွင်း အပန်းဖြေလာရောက်မည့် ပြည်သူများ အေးချမ်းလုံခြုံမှုရှိရေး၊ လွတ်လပ်ပေါ့ပါးစွာ အပန်းဖြေနိုင်ရေးအတွက် စနစ်ကျသော အစီအစဉ်ကောင်းများ ပြုလုပ်နေကြောင်း သိရသည်။

အဆိုပါလုပ်ငန်းစဉ်များတွင် ကမ်းခြေအပန်းဖြေမည့်ပြည်သူများ အေးချမ်းသာယာစွာ အနားယူအပန်းပြေစေရန် ကမ်းခြေတည်းခိုခန်းများ၏ စည်းရိုးမှပေ ၂၀ခန့်အတွင်းကသာ ကမ်းခြေဈေးသည်များ စနစ်တကျဈေးရောင်းရေးနေရာချပေးခြင်း၊ ခရီးသည်ယာဉ်များ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး၊ ဘေးကင်းလုံခြုံမှုရှိစေရန် အုန်းတောအတွင်းဈေးဆိုင်များအား လမ်းဘေးဝဲယာရှင်းလင်း၍စနစ်တကျနေရာချထားပေးခြင်း၊ သင်္ကြန်ကာလအတွင်း ကားကြီးရပ်နားရန်နေရာ ကားလေးများရပ်နားရန်နေရာများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလုပ်ငန်းစဉ်များကို ချောင်းသာကမ်းခြေမြို့အုပ်ချုပ်ရေးမှူး ဦးကျော်သူ ဦးဆောင်သော စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ၊ ရပ်/ကျေးများ၊ ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မေကြည်(ပြန်/ဆက်)**

## ရန်ကုန်

သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ရှိ အင်းလျားကန် ကန်တော်ကြီးနှင့် သာဓုကန်များတွင် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ရေပြင်ရှာဖွေကယ်ဆယ်ရေး တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ကာလအတွင်း အပူဒဏ်ကာကွယ်ရန်နှင့် ရေပက်ခံထွက်လာသည့် လူငယ်မောင်မယ်များ အနားယူချိန်တွင် အဆိုပါ ရေကန်ကြီးများတွင် ရေစိမ်ခြင်း၊ ရေကူးခြင်းတို့ကိုပြုလုပ်လေ့ရှိရာ ရေနစ်ပျောက်ဆုံးမှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်နိုင်ရန်အတွက် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး သို့မဟုတ် ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်ပါဝင်သည့် တပ်ဖွဲ့ဝင်ခြောက်ဦးတို့ဖြင့် ဧပြီ ၁၃ ရက်သင်္ကြန် အကြိုနေ့မှ ဧပြီ ၁၇ ရက်နှစ်ဆန်း တစ်ရက်နေ့အထိ တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးက "သင်္ကြန်ကာလအတွင်း အင်းလျားကန်တံတားဖြူနဲ့ မြကျွန်းသာတို့မှာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့စီနဲ့ ကန်တော်ကြီးနဲ့ သာဓုကန်တို့မှာ တစ်ဖွဲ့စီရှာဖွေကယ်ဆယ်ရေးကိရိယာ အစုံအလင်ပါရှိတဲ့ စက်တပ်ရော်ဘာလှေ၊ ဖိုက်ဘာလှေတွေနဲ့ ၂၄ နာရီ တာဝန်ထမ်းဆောင်ကြမှာပါ" ဟု ပြောသည်။

ရွှေတိဂုံစေတီတော်အနီးရှိ ဦးဥတ္တမပန်းခြံရှိရေကန်တွင် မီးသတ်တပ်ဖွဲ့များ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ရန်ကုန်မြို့ရှိ ရေကန်ကြီးများတွင် ရေဆင်းကူးခြင်းမပြုလုပ်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တားမြစ်ထားသော်လည်း သင်္ကြန်ကာလရက်များတွင် အပျော်ကျူးပြီး ရေကန်အတွင်းသို့ ဆင်းရာမှမလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်တတ်ကြောင်း သိရသည်။

**အောင်သူရ**
**မြို့နယ်( ပြန် /ဆက် )**

## လွိုင်လင်

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၌ နှစ်ပေါင်း၄၀ ကျော်ကြာမှ ပထမဆုံးအကြိမ်ကျင်းပသည့် လွိုင်လင်မောဝ်မြေ တိုင်းရင်းသားလမ်းလျှောက်သင်္ကြန်အတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ဧပြီ ၁၀ ရက်အထိ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

လွိုင်လင်မောဝ်မြေ လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့)ညနေ ၃နာရီတွင် လမ်းလျှောက်သင်္ကြန်မုခ်ဦးဖွင့်ပွဲကိုလည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် နာရီစင်သစ်ကြီးဖွင့်ပွဲကို လည်းကောင်း၊ ညနေ ၄ နာရီတွင် လွိုင်လင်မောဝ်မြေလမ်းလျှောက်သင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကိုလည်းကောင်းကျင်းပမည်ဖြစ်ပြီး အဆိုပါဖွင့်ပွဲများကို ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ လားဟူ၊ လီဆူ၊ ကိုးကန့်၊ မုန်းဝန်း၊ ယင်းနက်၊ ယင်းကြား၊ တောင်ရိုး စသည့်တိုင်းရင်းသားများ၏ ရိုးရာဝတ်စုံများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

အဆိုပါ ပွဲတော်တွင် စတုဒိသာနှင့် ရေကစားမဏ္ဍပ် ၁၈ ခု ရှိကြောင်း သိရသည်။

**လွိုင်လင်မိုး**

## ညောင်တုန်း

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ယခင်နှစ်များကထက် စည်ကားသိုက်မြိုက်စွာ ရေကစားမဏ္ဍပ်များဖြင့်ကျင်းပရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ညောင်တုန်းမြို့နယ်တွင် မြို့မအမှတ် (၃)ရပ်ကွက်(၂၂) လမ်းမတော်တွင် ဗဟိုမဏ္ဍပ်နှင့် လမ်းမတော် လမ်းတစ်လျှောက်နှင့် လမ်းအသီးသီး၊ ရပ်ကွက်အသီးသီးတွင် ရေကစားမဏ္ဍပ်ကြီးများ၊ မဏ္ဍပ်ငယ်များတည်ဆောက်ကာ စည်ကားစွာကျင်းပရန် စီစဉ်ဆောင်ရွက်ထားပြီး စတုဒိသာ အကျွေးအမွေးများနှင့် သက်ကြီးပူဇော်ပွဲများလည်း လမ်းအသီးသီးတွင် ကျင်းပသွားမည်ဖြစ်သည်။ ထို့ပြင် ရပ်ကွက်အသီးသီးမှ လှပျိုဖြူယိမ်းအဖွဲ့ ၁၀ ဖွဲ့က သင်္ကြန်အကြိုနေ့ညမှ စတင်၍ ဗဟိုမဏ္ဍပ်တွင်အလှည့်ကျ ဖျော်ဖြေရေးယိမ်းအဖွဲ့များ၊ အစီအစဉ်များ၊ တေးဂီတအဖွဲ့များကသင်္ကြန်တေးသံသာများဖြင့် ယှဉ်ပြိုင်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးဝင်းက ပြောသည်။

ထို့ပြင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလအတွင်းမူးယစ်အရက်သေစာသောက်စားမှု မရှိစေရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းလိုက်နာရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆဖြစ်ပွားမှုမရှိစေရေး၊ ခိုက်ရန်ဖြစ်ပွားမှုမဖြစ်ပေါ်စေရေးအတွက် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များဖြင့် လှည့်ကင်းစစ်ဆေးခြင်းများ၊ လုံခြုံရေးအစီအစဉ်များဖြင့် စီစဉ်ဆောင်ရွက်ထားရှိကြောင်း ညောင်တုန်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုမြထံက သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင် (CNG)များ သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလများအတွင်း ဖွင့်လှစ်ရောင်းချမည့်နေ့ရက်နှင့် အချိန်များ

| စဉ် | CNGအရောင်းဆိုင် | ဆိုင်အရေအတွက် | ဖွင့်လှစ်ရောင်းချမည့်ရက် | ဖွင့်လှစ်ရောင်းချမည့်အချိန် | | |
|---|---|---|---|---|---|---|
| | | | | မှ | ထိ | ကြာချိန် |
| ၁ | အင်းစိန်(၀၀၂)၊ အလုံ(၁)(၀၀၃)၊ကျိုက္ကလို့(၀၀၄)၊ သာကေတ(၁)(၀၀၅)၊ ဒဂုံမြို့သစ်(၀၀၆)၊ပုလဲ(၀၀၈)၊ ကြည့်မြင်တိုင်(၀၁၆)၊ ထောက်ကြန့်(၀၄၂)၊ ပလိပ် | ၉ | ဧပြီ ၁၃၊ ၁၄၊ ၁၅ နှင့် ၁၆ ရက် | ၀၀း၀၀ | ၂၄း၀၀ | ၂၄ |
| ၂ | သမိုင်း(၁)(၀၀၁)၊ဘုရင့်နောင်(၀၀၇)၊လှိုင်သာယာ(၁)(၀၀၉)၊ မြောက်ဥက္ကလာ(၁)(၀၁၁)၊ ဒညင်းကုန်း(၁)(၀၁၂)၊ရွှေပြည်သာ(၁)(၀၁၄)၊တောင်ဥက္ကလာ(၁)(၀၁၇)၊သန်လျင်(၁)(၀၁၈)၊ စော်ဘွားကြီးကုန်း(၀၁၉)၊ မင်္ဂလာတောင်ညွန့်(၀၂၀)၊ ဒဂုံဆိပ်ကမ်း(၀၂၁)၊ သာကေတ(၂)(၀၂၂)၊ ဒဂုံအရှေ့(၂)(၀၂၃)၊ လှော်ကား(၀၂၅)၊ လှိုင်သာယာ(၂)(၀၂၆)၊ ရွှေပြည်သာ(၂)(၀၂၇)၊ သုဝဏ္ဏ(၀၂၈)၊ တောင်ဥက္ကလာပ(၂)(၀၃၇)၊ လှိုင်သာယာ(၃)(၀၃၉) | ၁၉ | ဧပြီ ၁၃၊ ၁၄၊ ၁၅ နှင့် ၁၆ ရက် | ၀၆း၀၀ | ၂၂း၀၀ | ၁၈ |
| ၃ | အလုံ(၂)(၀၁၃)၊ ဒဂုံအရှေ့(၁)(၀၁၅)၊ ပါရမီ(၀၂၄)၊ အလုံ(၃)(၀၂၉)၊ ရွှေညောင်ပင်(၀၃၀)၊ သန်လျင်(၂)(၀၃၁)၊ မောင်းမကန်(၀၃၈)၊ ရေနံချောင်း(၂)၊ ချောက် | ၉ | ဧပြီ ၁၃၊ ၁၄၊ ၁၅ နှင့် ၁၆ ရက် | ၀၆း၀၀ | ၁၈း၀၀ | ၁၂ |
| ၄ | ရွာမ(၀၃၂)၊ ဒညင်းကုန်း(၂)(၀၃၃)၊ ကျိုက္ကဆံ(၀၃၄)၊ ဗိုလ်တထောင်(၀၃၅)၊ မြောက်ဥက္ကလာ(၂)(၀၃၆)၊ မင်းဓမ္မ(၀၄၀)၊ သမိုင်း(၂)(၀၄၁)၊ ရေနံချောင်း(၁)၊ မန္တလေး | ၉ | ဧပြီ ၁၃၊ ၁၄၊ ၁၅ နှင့် ၁၆ ရက် | အရောင်းပိတ်ပါမည် | | |
| | **စုစုပေါင်း** | ၄၆ | | | | |

## သတင်းစာဆရာကြီး ချစ်ကြည်ရေးကြည်ညွန့်မိသားစု မြန်မာ့အလင်းသတင်းစာလူမှုကူညီရေးအဖွဲ့သို့ ငွေလှူဒါန်း

**ရန်ကုန် ဧပြီ ၁၁**

ကွယ်လွန်သူသတင်းစာဆရာကြီး ဦးကြည်ညွန့် (ချစ်ကြည်ရေး ကြည်ညွန့်)အား ရည်စူး၍ ကွယ်လွန်ခြင်း ၁၅ နှစ်ပြည့်အဖြစ် ဇနီးဒေါ်ခင်ခင်နုနှင့် သားသမီးမြေးများက မြန်မာ့အလင်း သတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ ငွေကျပ် ၁၅ သိန်း လှူဒါန်းပွဲကို ဧပြီ ၁၁ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ရှိ မြန်မာ့အလင်းသတင်းစာတိုက် အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဆရာကြီး၏တပည့်များဖြစ်ကြသော ဦးသန်းအောင်(သန်းအောင်နိုင်)၊ ကြေးမုံသတင်းစာ စာတည်းမှူးချုပ်(ငြိမ်း)ဦးမြင့်ဆွေ၊ မြန်မာ့အလင်းသတင်းစာ စာတည်းမှူးချုပ်(ငြိမ်း) ဦးရဲမြင့်ဖေ၊ ကြေးမုံသတင်းစာ စာတည်းမှူးချုပ်(ငြိမ်း) ဦးခင်မောင်ကျော်ဒင်တို့က မုဒိတာစကားများပြောကြားကြသည်။

ဆက်လက်၍အလှူရှင်များကိုယ်စား သားဖြစ်သူဦးကျော်ဇောက လှူဒါန်းရခြင်းအကြောင်းကိုပြောကြားပြီး အဖွဲ့ကိုယ်စား ဦးတင်ဝင်းလေး(တင်ဝင်းလေး- ကြည့်မြင်တိုင်)က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် သတင်းစာဆရာကြီး ဦးကြည်ညွန့်(ချစ်ကြည်ရေး ကြည်ညွန့်)မိသားစုက ငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းရာ အဖွဲ့မှတာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **ကိုကြီးတင်**



သတင်းစာဆရာကြီး ချစ်ကြည်ရေးကြည်ညွန့်မိသားစုက အလှူငွေပေးအပ်စဉ်။ ဓာတ်ပုံ- တင်ကြည်(သဃ်န်းကျွန်း)

## ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ နှစ်သစ်ကူးမဟာသင်္ကြန်ကို ပျော်ရွှင်စွာကြိုဆို



**နေပြည်တော် ဧပြီ ၁၁**

၂၀၁၉ ခုနှစ် မဟာသင်္ကြန်ကို ကြိုဆိုပွဲနှင့် ဝန်ထမ်းမိသားစုများ စုပေါင်းစတုဒိသာ ကျွေးမွေးလှူဒါန်းပွဲကို ဧပြီ ၁၁ ရက် ညနေ ၄ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။

အဆိုပါမဟာသင်္ကြန် ကြိုဆိုပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ခါသင်္ကြန်တေးသီချင်းများဖြင့် သီဆိုကခုန်ကြခြင်း၊ မြန်မာ့ရိုးရာမုန့်များဖြင့် စုပေါင်းစတုဒိသာကျွေးမွေးကြခြင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာရေပက်ကစားကြခြင်းတို့ကို ပြုလုပ်၍ နှစ်သစ်မင်္ဂလာကို ကြိုဆိုခဲ့ကြသည်။ **သတင်းစဉ်**

## သင်္ကြန်ကာလတွင် အရေးပေါ်မတော်တဆမှုများကို ၂၄ နာရီ အခမဲ့ကူညီပေးမည်

**စစ်ကိုင်း ဧပြီ ၁၁**

မကြာမီ ကျရောက်တော့မည် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်တွင် စစ်ကိုင်းမြို့၌ အရေးပေါ်မတော်တဆမှုများကို ၂၄ နာရီ အခမဲ့ကူညီပေးသွားမည်ဖြစ်ကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း)မှ သိရသည်။

အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း)သည် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်တစ်လျှောက်တွင် စစ်ကိုင်းမြို့ ခုတင်၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် အခြေပြုကာ စစ်ကိုင်းမြို့တွင်းတွင် ဖြစ်ပေါ်လာသော မတော်တဆထိခိုက်ဒဏ်ရာရသူများ၊ ယာဉ်မတော်တဆမှုဖြစ်ရာမှ ထိခိုက်ဒဏ်ရာရသူများကို အရေးပေါ်ကယ်ဆယ်ရေး လူနာတင်ယာဉ်တစ်စီး၊ လူအင်အား၂၀ ဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုကို အချိန်နှင့်တစ်ပြေးညီ ကူညီပေးသွားမည်ဖြစ်ကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း) မှ သိရသည်။

ထို့အပြင် စစ်ကိုင်းမြို့ ရေဝတီမြစ်ဘေးတွင် ခရိုင်မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်း၍ ရေပြင်ရှာဖွေကယ်ဆယ်အဖွဲ့တို့ဖြင့် အရေးပေါ်ကူညီပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင်လည်း သင်္ကြန်ကာလ မတော်တဆမှုများကြုံတွေ့ရပါက ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် စစ်ကိုင်းမြို့ရှိ အချက်အချာကျသောနေရာများတွင် အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်ပါ ဗီနိုင်းများကို ကပ်ထားပေးလျက်ရှိသည်။

စစ်ကိုင်းမြို့တွင် သင်္ကြန်ကာလ၌ မတော်တဆမှုများ ကြုံတွေ့ရပါက အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း) ဖုန်း ၀၉ - ၇၇၉၉၀၀၁၀၀၊ ၀၉ - ၇၉၂၁၁၉၁၁၉ တို့ထံ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း) မှ သိရသည်။ **ကိုမင်း(အင်းတော်)**

## ရွှေပြည်သာ မြို့သူမြို့သားများ နီးစပ်ရာမဏ္ဍပ်များတွင်ရေကစားနိုင်ရန် သင်္ကြန်မဏ္ဍပ် သုံးခု စီစဉ်ထား

**ရန်ကုန် ဧပြီ ၁၁**

ရွှေပြည်သာ မြို့သူမြို့သားများ နီးစပ်ရာမဏ္ဍပ်များတွင် ရေကစားနိုင်ရန် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်သုံးခုစီစဉ်ထားကြောင်း ပွဲစီစဉ်သူများထံမှ သိရသည်။

မဟာသင်္ကြန်ရက်အတွင်း ရွှေပြည်သာ မြို့သူမြို့သားများ ပျော်ရွှင်ချမ်းမြေ့စေရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကြီးကြပ်မှုဖြင့် ကျောင်းကုန်း(၂၆) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိန်ဝင်းနိုင် ဦးစီးသော ရွှေပြည်သာအမှတ်(၄) လမ်းမကြီး ကွန်ပျူတာတက္ကသိုလ်အနီးရှိ 'မဟာသင်္ကြန်ဗဟိုမဏ္ဍပ်'၊ LCD ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ရောင်းဝယ်ရေး(မိဘမေတ္တာ)၊ ကျယ်ဝေါ်စာပေမှ အယ်ဒီတာချုပ် ကိုထွန်း(ကျယ်ဝေါ်)နှင့် ရပ်မိရပ်ဖဦးသန်းအောင်တို့ ဦးစီးသော ပုလဲလမ်းမကြီး ပျော်ဘွယ်မှတ်တိုင်နှင့် ၈၁ မှတ်တိုင်ကြားရှိ 'ပြည်သူချစ်သူများမဏ္ဍပ်'၊ အမှတ်(၉)ရပ်ကွက် ၃ လမ်းဆုံ၌'အမေစုချစ်သူများမဏ္ဍပ်' စုစုပေါင်း ဖျော်ဖြေရေးမဏ္ဍပ်ကြီးသုံးခုမှ ရွှေပြည်သာ မြို့သူလုပ်ပျိုဖြူများက သင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေပြည်သာမြို့နယ်တွင် နေထိုင်သည့် ရွှေပြည်သာ မော်ကွန်းမဂ္ဂဇင်း အယ်ဒီတာချုပ်ကိုထွန်း (ကျယ်ဝေါ် ) က "မဏ္ဍပ်သုံးခုဖြစ်သွားပုံက ပထမ အမှတ် ၄ လမ်းမမှာထွေ/အုပ်က စီစဉ်တဲ့ မဏ္ဍပ်က ဗဟိုမဏ္ဍပ်ဖြစ်သွားတယ်။ နောက်ဒုတိယက အမေစုချစ်သူများအဖွဲ့က ၉ ရပ်ကွက် ၃ ထိပ်လမ်းဆုံမှာ လုပ်ကြတယ်ဆိုတော့ ရွှေပြည်သာမြို့ရဲ့ တောင်ဘက်ခြမ်းမှာ မဏ္ဍပ်မရှိဘူး။ ဒါနဲ့ နေရာစုံမှာ ဖြစ်သွားအောင်လို့ ကျွန်တော်တို့ ရွှေပြည်သာရဲ့တောင်ဘက်ခြမ်း ပုလဲလမ်းမပေါ်မှာ ပြည်သူချစ်သူများ အမည်နဲ့ဆောက်ဖြစ်သွားတာပါ"ဟု ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**



ရွှေပြည်သာ အမှတ်(၄)လမ်းမကြီး ကွန်ပျူတာတက္ကသိုလ်အနီး(ဗဟို)မဏ္ဍပ်ကို တွေ့ရစဉ်။

## ကြည့်မြင်တိုင်- သာရဝေါ အမြန်နှင့် လက်ပံတန်း- သာရဝေါ လော်ကယ်ရထားခရီးစဉ်များ သင်္ကြန်ကာလအတွင်း ပြေးဆွဲမည်

**လက်ပံတန်း ဧပြီ ၁၁**

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ဒေသခံပြည်သူများ ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရန်နှင့် အရောင်းအဝယ်ပြုလုပ်သူများ အဆင်ပြေစေရန် ကြည့်မြင်တိုင်- သာရဝေါအမြန်နှင့် လက်ပံတန်း- သာရဝေါလော်ကယ်ရထားခရီးစဉ်များ ပုံမှန်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ကြည့်မြင်တိုင်-သာရဝေါ (၆၉) အဆန်အမြန်ရထားသည် လက်ပံတန်းသို့ နံနက် ၉ နာရီ ၅၆ မိနစ်တွင် ဆိုက်ရောက်ကာ သာရဝေါ- ကြည့်မြင်တိုင်(၇၀)အစုန်အမြန်ရထားသည် လက်ပံတန်းသို့ ညနေ ၅ နာရီ ၁၄ မိနစ်တွင် ရောက်ရှိပြီး ကြည့်မြင်တိုင်- သာရဝေါအမြန်ရထားတွင် နေ့စဉ်ခရီးသည် ပျမ်းမျှစုစုပေါင်း ၃၅၀ ခန့် လိုက်ပါစီးနင်း၍ ကုန်ပိဿာချိန် ၁၁၂၅ ပိဿာခန့် တင်ဆောင်ပေးလျက်ရှိသည်။

လက်ပံတန်း- သာရဝေါ (၁၉၅)အဆန်ရထားသည် လက်ပံတန်းမှ ညနေ ၃ နာရီတွင် ထွက်ခွာပြီး သာရဝေါ - လက်ပံတန်း (၁၉၆) အစုန်ရထားသည် လက်ပံတန်းသို့ နံနက် ၈ နာရီခွဲတွင် ရောက်ရှိသည်။ လက်ပံတန်း- သာရဝေါရထားလမ်းပိုင်းတွင် ဘူတာကိုးဘူတာရှိပြီး နေ့စဉ်ခရီးသည် ပျမ်းမျှစုစုပေါင်း ၁၅၀ ခန့် စီးနင်းလိုက်ပါ၍ ကုန်ပိဿာချိန် ၃၉၇၅ ပိဿာခန့် တင်ဆောင်ပေးနိုင်ကြောင်း လက်ပံတန်းဘူတာရုံပိုင်ကြီး ဦးသောင်းလွင်ထံမှ သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# AFC Cup ပြိုင်ပွဲ အုပ်စု စတုတ္ထပွဲများ မေ ၁၆၊ ၁၇ ရက်တို့၌ ကျင်းပမည်

**ရန်ကုန် မေ ၁၁**

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲအုပ်စု စတုတ္ထနေ့ကို မေ ၁၆၊ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းက အိမ်ကွင်း၊ ရှမ်းယူနိုက်တက်အသင်းက အဝေးကွင်းယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယင်းပွဲများမှာ မြန်မာကလပ်အသင်းများအတွက် အရေးပါနေပြီး နိုင်ပွဲရယူနိုင်မှသာ နောက်တစ်ဆင့်တက် ရေး မျှော်လင့်ချက် ရှင်သန်လာမည် ဖြစ်သည်။ ရန်ကုန်အသင်းသည် သုံးပွဲကစား သုံးမှတ်ရထားပြီး ယင်းပွဲတွင် အနိုင်ရပါက အုပ်စုဒုတိယနေရာအထိ တက်လှမ်းနိုင်ရန် မျှော်လင့်ချက် ရှိမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အုပ်စုအဖွင့် နှစ်ပွဲဆက်တိုက် ရှုံးနိမ့်ခဲ့သော်လည်း ဗီယက်နမ်ကလပ် ဟနွိုင်းအသင်းကို တတိယပွဲတွင် အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် နောက်တစ်ဆင့်တက်ခွင့် မျှော်လင့်ချက် ဆက်လက်ရှင်သန်လာခြင်းဖြစ်သည်။ ရန်ကုန်အသင်းပါဝင်သော အုပ်စု (F) တွင် တမ်ပနိစ်ရိုဗာ (စင်ကာပူ) အသင်းက ခုနစ်မှတ်၊ ဟနွိုင်း (ဗီယက်နမ်)က လေးမှတ်၊ ရန်ကုန် (မြန်မာ)နှင့် နာဂါဝေါ (ကမ္ဘောဒီးယား) က သုံးမှတ်စီရထားသည်။ ပထမအကျော့ပွဲအားလုံး ရှုံးထားသည့် ရှမ်းယူနိုက်တက်အသင်းသည် နောက်တစ်ဆင့်တက်ရန် ယခုပွဲမှာ အဆုံးအဖြတ်ဖြစ်နေပြီး အနိုင်ရမှသာ ဆက်လက် မျှော်လင့်နိုင်မည်ဖြစ်ကာ ရှုံးနိမ့်ခဲ့ပါက အုပ်စုအဆင့်မှ စောစီးစွာ ထွက်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက် အသင်းပါဝင်သော အုပ်စု (G) တွင် ဆီရက်စ် (ဖိလစ်ပိုင်) အသင်းက ကိုးမှတ်၊ ပါဆီဂျာဂျကာတာ (အင်ဒိုနီးရှား)နှင့် ဘင်ဒေါင်း (ဗီယက်နမ်) တို့က လေးမှတ်စီရထားကာ ရှမ်းယူနိုက်တက်အသင်းမှာမူ အမှတ်မရသေးပေ။

အုပ်စုစတုတ္ထပွဲအဖြစ် မေ ၁၆ ရက် တွင် ဗီယက်နမ်နိုင်ငံ၌ ဘင်ဒေါင်း (ဗီယက်နမ်) နှင့် ရှမ်းယူနိုက်တက် (မြန်မာ)၊ မေ ၁၇ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ရန်ကုန် (မြန်မာ)နှင့် ဟနွိုင်း (ဗီယက်နမ်) တို့ ယှဉ်ပြိုင်ကစား မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မေ ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် 8th SEAKF KARATE Championship-2019 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ကျော်မိုး၊ အုပ်ချုပ်၊ နည်းပြများ၊ စခန်းသွင်းလေ့ကျင့်ပေးထားသည့် ထူးချွန်အမျိုးသား၊ အမျိုးသမီး ၁၀ ဦးတို့သည် မေ ၁၀ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာသွားရာ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါပို့ဆောင်စဉ်။

ဇလစိုး



# ယူအီးအက်ဖ်အေချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ မန်ယူတို့ ဘာစီလိုနာကို ရှုံးနိမ့်ပြီး အေဂျက်စ်နှင့် ဂျူဗင်တပ်စ်တို့ သရေကျ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ မေ ၁၁ ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတွင် အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် မန်ယူနှင့် ဘာစီလိုနာပွဲတွင် ဧည့်သည် ဘာစီလိုနာအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အင်္ဂလန် ထိပ်သီးကလပ်အသင်းနှင့် စပိန်ထိပ်သီးကလပ်အသင်းတို့ တွေ့ဆုံပွဲ၌ အိမ်ရှင်မန်ယူအသင်းသည် ၃-၅-၂ ပုံစံဖြင့် တိုက်စစ်ပိုင်းတွင် လူကာကူနှင့် ရက်ရှ်ဖို့ဒ်တို့ ပါဝင်ခဲ့ပြီး ဘာစီလိုနာအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်တွင် မက်ဆီ၊ ဆွာရက်ဇ်နှင့် ကော်တင်ဟိုတို့ ပွဲထွက်လာသည်။ ယင်းပွဲတွင် ဘာစီလိုနာသည် ကွင်းလယ် အားသာချက်ဖြင့် ကစားခဲ့ပြီး ဘာစီလိုနာအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၁၂ မိနစ်တွင် ဆွာရက်ဇ် ခေါင်းတိုက်သွင်းခဲ့ရာ မန်ယူနောက်တန်းကစားသမား လုခ်ရှော ဖျက်ထုတ်ခဲ့ရာမှ ဂိုးဝင်ခဲ့သည်။ ယင်းသွင်းဂိုးတစ်ဂိုးဖြင့် ဘာစီလိုနာအသင်း အဝေးကွင်းနိုင်ပွဲရခဲ့သည်။ အိုးထရက်ဖို့ဒ်ကွင်းတွင် ယှဉ်ပြိုင်ခဲ့သည့် ယနေ့ပွဲတွင် ဘာစီလိုနာအသင်း ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့ကာ သုံးကြိမ် ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင်မန်ယူအသင်းသည် ဂိုးကန်သွင်းခွင့် ၁၀ကြိမ်ထိရရှိခဲ့ပြီး ဂိုးပေါက် ခြိမ်းခြောက်မှု တစ်ကြိမ်မျှ မပြုလုပ်နိုင်ခဲ့ပေ။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပွဲစဉ်ကို နယ်သာလန်မြေတွင် တစ်ချိန်တည်း ယှဉ်ပြိုင်နေသည့် အေဂျက်စ်နှင့် ဂျူဗင်တပ်စ်ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ယင်းပွဲတွင် ဂျူဗင်တပ်စ်အသင်းသည် ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၅မိနစ်တွင် စီရော်နယ်ဒို၏ ခေါင်းတိုက်သွင်းဂိုးဖြင့် ဦးဆောင်ခဲ့ပြီး ဒုတိယပိုင်းပွဲအစ ပွဲချိန် ၄၆မိနစ်တွင် ဒေးဗစ်နီရက်စ်က အေဂျက်စ်အတွက် ချေပဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယမန်နေ့က ယှဉ်ပြိုင်ခဲ့သည့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ ပွဲစဉ်နှစ်ပွဲ ရလဒ်များဖြင့် အင်္ဂလန်ကလပ်နှစ်သင်းတွေ့ဆုံသည့် စပါးနှင့် မန်စီးတီးပွဲတွင် အိမ်ရှင်စပါးအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး လီဗာပူးက နှစ်ဂိုး-ဂိုးမရှိဖြင့် ပေါ်တိုကို အနိုင်ရရှိခဲ့သည်။ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို မေ ၁၇ ရက်နှင့် ၁၈ ရက် နံနက်ပိုင်းတွင် ပြန်လည်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

**သီဟ**

# ကမ်းလွန်လုပ်ကွက်အမှတ် M-9 Geophysical Site Investigation(GSI) and Pipeline Survey လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် မေ ၁၁**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 Geophysical Site Investigation (GSI) and Pipeline Survey လုပ်ငန်းများကို R/V PTSC Researcher (Call Sign: 3WJZ) ရေယာဉ်ဖြင့် M9 west well#1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၀ မိနစ် ၁၄ ဒသမ ၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၆ မိနစ် ၁၃ ဒသမ ၇၄ စက္ကန့်၊ M9 west well#2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၉ မိနစ် ၅၅ ဒသမ ၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၇ မိနစ် ၅၃ ဒသမ ၇၇ စက္ကန့်၊ M9 west well#3 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၃ မိနစ် ၀၈ ဒသမ ၁၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၁ မိနစ် ၅၄ ဒသမ ၂၂ စက္ကန့်၊ M9 west well#4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၀ မိနစ် ၂၆ ဒသမ ၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၃ မိနစ် ၅၅ ဒသမ ၉၆ စက္ကန့်၊ Zawtika-14 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၇ မိနစ် ၀၀ ဒသမ ၁၆ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၀၅ ဒသမ ၅၂ စက္ကန့်၊ Zawtika-15 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၄ ဒသမ ၃၀ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၅ ဒသမ ၄၀ စက္ကန့်၊ Zawtika-17 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၅၂ ဒသမ ၇၉ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၄၃ ဒသမ ၅၈ စက္ကန့်၊ Zawtika-20A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၂၇ ဒသမ ၀၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၅ မိနစ် ၁၂ ဒသမ ၉၅ စက္ကန့်တွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးအပတ်မှ ၂၀၁၉ ခုနှစ် မေလ ပထမအပတ်အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း (၁၉.၂.၂၀၁၉) ရက်စွဲဖြင့် ရေကြောင်းသတိပေးချက်အား သတင်းစာတွင် ကြော်ငြာထားပြီး ဖြစ်ပါသည်။ ယခုအခါ အဆိုပါလုပ်ငန်းများ မပြီးပြတ်သေးပါသဖြင့် ၁၂.၄.၂၀၁၉ ရက်မှ ၁၅.၆.၂၀၁၉ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင် ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန် များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**စီရော်နယ်ဒို ချန်ပီယံလိဂ်၌ သွင်းဂိုး ၁၂၅ ဂိုး ပြည့်မြောက်**

မေ ၁၁ ရက် နံနက်ပိုင်းက ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် အိုင်းယက်စ်နှင့် ဂျူဗင်တပ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီသရေကျခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထိုပွဲတွင် ဂျူဗင်တပ်စ်အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သော စီရော်နယ်ဒိုသည် ချန်ပီယံလိဂ်၌ သွင်းဂိုး ၁၂၅ ဂိုး ပြည့်မြောက်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။

**ပေါ့ဂ်ဘာနှင့် မန်ယူနည်းပြ ဆိုးလ်ရှားတို့၏ ဆက်ဆံရေး ဆိုးရွားလာ**

ပေါ့ဂ်ဘာနှင့် မန်ယူနည်းပြ ဆိုးလ်ရှားတို့၏ ဆက်ဆံရေးသည် ဆိုးရွားလာခဲ့ပြီး အဆိုပါ ပြင်သစ်ကွင်းလယ်ကစားသမားက ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒပြင်းပြနေကြောင်း အေအက်စ်ဒေ့ါကွန်းတွင် ဖော်ပြထားသည်။

**မန်ယူ ဗာနန်ဒက်စ်အား ခေါ်ယူရန် စိတ်ဝင်စားနေ**

မန်ယူအသင်းသည် စပို့တင်းလစ္စဘွန်းအသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား ဘရူနို ဖာနန်ဒက်စ် (၂၄နှစ်) အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ပေါ်တူဂီသတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**ဂါးရက်ဘေးလ်အား မန်ယူနှင့် ဘိုင်ယန်မြူးနစ်တို့က ခေါ်ယူရန် စိတ်ဝင်စား**

ဝေးလ်တိုက်စစ်ကစားသမား ဂါးရက်ဘေးလ် (၂၉နှစ်) သည် လာမည့်ရာသီ ရီးရဲမက်ဒရစ်အသင်း၏ အစီအစဉ်များထဲတွင် မပါဝင်ကြောင်း၊ ရီးရဲမက်ဒရစ်အသင်းက အဆိုပါ ကစားသမားကို အသင်းသစ်အား ရွေးချယ်ခွင့်ပြုပေးသွားဖွယ်ရှိကြောင်း၊ မန်ယူနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က ဘေးလ်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း အေအက်စ်ဒေ့ါကွန်းတွင် ဖော်ပြထားသည်။

**မန်စီးတီး၊ မန်ယူနှင့် ဘာစီလိုနာ ဆောနီဂွက်ဇ်အား ခေါ်ယူရန် စိတ်ဝင်စား**

မန်စီးတီး၊ မန်ယူနှင့် ဘာစီလိုနာအသင်းတို့သည် အက်သလက်တီကို မက်ဒရစ်အသင်းမှ စပိန်ကစားသမား ဆောနီဂွက်ဇ် (၂၄နှစ်) အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း မေရာတွင် ဖော်ပြထားသည်။

**လီဗာပူးနှင့် အဲဗာတန် နီရက်ဇ်အား ခေါ်ယူရန် စဉ်းစားနေ**

လီဗာပူးအသင်းသည် အိုင်းယက်စ်အသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား နီရက်ဇ် (၂၂နှစ်) အား ခေါ်ယူရန် စဉ်းစားနေကြောင်း၊ အဆိုပါ ကစားသမားအား မာဆေးဆိုက်ပြိုင်ဘက် အဲဗာတန်အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း မေရာတွင် ဖော်ပြထားသည်။


**ဝက်စ်ဟမ်း ကလိုင်းအား ခေါ်ယူရေးတွင် ဦးဆောင်လျက်ရှိ**


ဝက်စ်ဟမ်းအသင်းသည် ဘုန်းမောက်အသင်းတွင် အငှားဖြင့် ကစားလျက်ရှိသော လီဗာပူးအသင်းမှ ညာခံစစ်ကစားသမား နသန်နီရယ် ကလိုင်း (၂၈နှစ်) အား ခေါ်ယူရေးတွင် ဦးဆောင်လျက်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**နယူးကာဆယ် အာရက်စ်အား ခေါ်ယူနိုင်ရေး နုရင်ဘတ်အသင်းအား ချဉ်းကပ်**

နယူးကာဆယ်အသင်းသည် ဂျာမန်ကွင်းလယ်ကစားသမား ပတ်ထရစ် အာရက်စ် (၂၄နှစ်) အား ခေါ်ယူနိုင်ရေးနှင့်ပတ်သက်ပြီး နုရင်ဘတ်အသင်းအား ချဉ်းကပ်မှုပြုလုပ်လိုက်ကြောင်း ဗြိတိန်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**အောင်ဇော်**



# တပ်မတော်စစ်ကြောင်းက AA အဖွဲ့သိုဝှက်ထားသော ရိက္ခာပစ္စည်းများ ရှာဖွေတွေ့ရှိ

**နေပြည်တော် မေ ၁၁**

မြောက်ဦးမြို့အနီး ရဲတပ်ရင်းဌာနချုပ်ကို မေ ၉ ရက်နှင့် ၁၀ ရက်က AA အဖွဲ့များ ဝင်ရောက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် AA အဖွဲ့များ ခိုအောင်းနိုင်သော နေရာများနှင့် ပတ်ဝန်းကျင်နေရာများအား တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေး အာမခံချက်ရှိစေရန် ရှင်းလင်းဆောင်ရွက်စဉ် သိုဝှက်ထားသော ရိက္ခာပစ္စည်းများ ရှာဖွေတွေ့ရှိရကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် မြောက်ဦးမြို့၏ အရှေ့မြောက်ဘက် လေးမြို့မြစ်၏ အရှေ့ဘက်ကမ်း တောတွင်း၌ AA အဖွဲ့၏ စခန်းနေရာတစ်ခုကို တွေ့ရှိရသဖြင့် အသေးစိတ်ရှာဖွေခဲ့ရာ သိုဝှက်ထားသော အဝတ်အစားနှင့် ရိက္ခာပစ္စည်းများအား ရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါပစ္စည်းများတွင် USAID အမှတ်တံဆိပ်ပါ စားနပ်ရိက္ခာထုပ်များ၊ WFP အမှတ်တံဆိပ်ပါ ဘီစကစ်၊ ဝေဖာ၊ နို့ရိက္ခာထုပ်များ၊ အားကစားဝတ်စုံနှင့် ခြေအိတ်များ၊ ငါးခြောက်ထုပ်များ၊ ထမင်းခြောက်ထုပ်များ၊ ငရုတ်သီးကြော်ထုပ်များ၊ ဓာတ်ဆားထုပ်များ၊ သကြားထုပ်များ ပါဝင်ကြောင်း သိရသည်။

အဆိုပါ အဝတ်အစားနှင့် ရိက္ခာထုပ်များသည် စစ်ဘေးရှောင်စခန်းများအတွက် အလှူရှင်များက လှူဒါန်းထားသော ထောက်ပံ့ရေးပစ္စည်းများဖြစ်ပြီး မြောက်ဦးမြို့နယ်အတွင်း စစ်ရှောင်စခန်းများမရှိဘဲ AA အဖွဲ့က ယင်းထောက်ပံ့ရေးပစ္စည်းများကို နည်းလမ်းမျိုးစုံဖြင့် ရရှိသုံးစွဲနေခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**







AA အဖွဲ့၏ စခန်းနေရာတစ်ခုမှ သိမ်းဆည်းရမိသည့် ရိက္ခာပစ္စည်းများကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၁၂-၄-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ “တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန”**
- ၁၁း၀၀ - "STAR AWARDS 2018"
- ၁၁း၂၅ - “ပန်းတွေနဲ့ဝေ တန်ခူးအလှနှင့်နွေ”
- ၁၁း၃၅ - အလုပ်သမားရေးရာ အစီအစဉ်
- ၁၂း၃၅ - “သင်္ကြန်ဒိုင်ယာရီ”
- ၁၄း၅၀ - “ရိုးရာမပျက်ယဉ်ကျေးစွာ ဆင်နွှဲ မြန်မာတို့ရဲ့မဟာ သင်္ကြန်ပွဲ”
- ၁၅း၃၀ - ကျန်းမာရေးမဂ္ဂဇင်း “အပူဒဏ်အန္တရာယ် သိကောင်းစရာ”

**ညပိုင်း**

- ၁၆း၃၅ - “မြင်းမွေးမြူရေးစခန်း” (မှော်ဘီ)
- ၁၉း၃၅ - “လက်ဆင့်ကမ်း ထိန်းသိမ်းရာ ပေါက်ကုန်းရွာမှ တောင်းပညာ”
- ၁၉း၄၅ - “ငြိမ်းချမ်းဂီတအတာသင်္ကြန်ပွဲနွှဲပျော်ကြ”(အပိုင်း-၃)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်တတိယတစ်နှစ်တာ “နေပြည်တော်ကောင်စီ”**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၄-၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃ ပါ ထားဝယ်တွင် လိုင်စင်မဲ့အရက်ဆီ၊ ဘီယာနှင့် အရက်ဖာများ ဖမ်းဆီးရမိ သတင်းတွင် ပါရှိသော လိုင်စင်မဲ့ အရက်ဖြူတစ်ပီပါအစား လိုင်စင်မဲ့ အရက်ဖြူ ပီပါ ၁၂ လုံး ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(မြန်မာ့အလင်း)**

# ရန်ကုန်၊ နေပြည်တော်၊ ကန်ကြီးထောင့်၊ ပေါက်နှင့် ကသာမြို့နယ်တို့၌ မီးလောင်မှုဖြစ်ကာ နေအိမ်အဆောက်အအုံနှင့် ယာဉ်အချို့ ပျက်စီးဆုံးရှုံး

**ရန်ကုန်**

ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်အနောက်ဘက်ကမ်းရှိ အလတ်ချောင်းရပ်ကွက်အတွင်း၌ မေ ၁၁ ရက် နံနက် ၃ နာရီ ၁၀ မိနစ်ခန့်က မီးလောင်မှုဖြစ်ကာ နေအိမ် ၁၉လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အလတ်ချောင်းရပ်ကွက်နေ ဦးလှဆောင်၏ နေအိမ်အတွင်းရှိ ရေခဲသေတ္တာတွင် တပ်ဆင်ထားသော ဝိုင်ယာကြိုးအပူလွန်ကဲရာမှ မီးစတင်လောင်ခြင်းဖြစ်သည်။ ယနေ့ နံနက် ၃ နာရီ ၁၅ မိနစ်ခန့် မီးသတင်းရရှိချိန်တွင် မီးငြိမ်းသတ်ယာဉ်များရောက်ရှိလာသော်လည်း လှိုင်မြစ်ခြားနေသည့်အတွက် မီးငြိမ်းသတ်ရေးယာဉ်ကြီးများကို ဗားကရာဆိပ်တွင် ရပ်ထားခဲ့ရပြီး သန္နွေအရန်မီးသတ်အင်အား ၁၂၀ ကျော်တို့က အပေါ့စားမီးသတ်စက်ငယ်များကို သယ်ဆောင်ကြပြီး မြစ်ပြင်ကို သမ္ပန်ငယ်များဖြင့် ဖြတ်သန်းသွားရောက်၍ ငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီတွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် ပတ်ဝန်းကျင်ရှိ နေအိမ် ၁၉ လုံး မီးလောင်ဆုံးရှုံးခဲ့ရပြီး အိမ်ရှင် ဦးလှဆောင် (၅၉)နှစ်အား အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

**နေပြည်တော်**

နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ကျောင်းကြို၊ ပို့ယာဉ်တစ်စီး ယနေ့ နံနက် ၇ နာရီခွဲက ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဥတ္တရသီရိမြို့နယ် NICA ကျောင်းမှ ဇေယျာသီရိမြို့နယ် စစ်ရုံးဘက်သို့ ကျောင်းသား ကျောင်းသူများကြိုရန် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ရပ်ကွက်တွင် နေထိုင်သူ ယာဉ်မောင်း ဦးမောင်ဆန်း (၃၂)နှစ် မောင်းနှင်လာသော 3P/---- ဟိုက်အေ့ယာဉ်သည် ပုဗ္ဗသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ရေဝတီဘဏ် ရှေ့အရောက်တွင် ဝိုင်ယာကြိုးရှော့ဖြစ်ကာ မီးလောင်ခဲ့သည်။

အဆိုပါ မီးလောင်ရာနေရာသို့ ဥတ္တရသီရိမြို့နယ် မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးလှညွန့်နှင့်တပ်ဖွဲ့ဝင်များရောက်ရှိပြီး မီးငြိမ်းသတ်ရာ နံနက် ၈ နာရီတွင် ငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုကြောင့် လူ၊ တစ်စုံတစ်ရာထိခိုက်မှုမရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ကန်ကြီးထောင့်**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာတွင် မေ ၁၀ ရက် ည ၈ နာရီခန့်က နေအိမ်တစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက် ည ၈ နာရီခန့်က ဒါးကကျေးရွာနေ ဦးသန့်ဇင် ငှားရမ်းနေထိုင်လျက်ရှိသည့် နှစ်ထပ်တိုက် အိမ်အပေါ်အထပ်ရှိ အင်ဗာတာ အပူလွန်ကဲရာမှ မီးစတင်လောင်ခဲ့ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး ဦးဆောင်သော ဒါးကနယ်မြေမီးသတ်စခန်းနှင့် မြို့နယ်မီးသတ်စခန်းမှ သန္နွေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက မီးငြိမ်းသတ်ယာဉ် သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ ည ၈ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားသည်။

အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ နေအိမ်ငှားရမ်းနေထိုင်သူ အိမ်ငှား ဦးသန့်ဇင်အား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း မြို့မရဲစခန်းမှ သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

**ပေါက်**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ရေနီကျေးရွာ၌ မေ ၁၁ ရက်နံနက် ၁နာရီ ၄၅ မိနစ်ခန့်က အဆိုပါ ကျေးရွာနေ အိမ်ရှင် ဦးသန်းမြင့်၏ နေအိမ် မီးဖိုချောင်အတွင်း ဝက်စာအိုးကျိုထားသည့် မီးကြွင်းမီးကျန်မှ နေအိမ်မီးစတင်လောင်ခဲ့ရာ စုစုပေါင်းနေအိမ် ခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ ပေါက်မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးကျော်မင်းသူနှင့် သန္နွေမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်တစ်စီး၊ ရေနီကျေးရွာမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၃နာရီခန့်တွင် မီးလုံးဝငြိမ်းသွားသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးသန်းမြင့် (၇၄နှစ်)အား ပေါက်မြို့နယ် ရေပြာနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ညဏ်တိုး (ပေါက်)**

**ကသာ**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အောင်ချမ်းသာကျေးရွာရှိ ဘီအိုစီကုမ္ပဏီဆီခြံတွင် မီးလောင်မှုဖြစ်ကာ လေးဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက်၁၁နာရီ မိနစ် ၅၀ ခန့်က ကသာမြို့နယ် အောင်ချမ်းသာကျေးရွာရှိ ဘီအိုစီကုမ္ပဏီပိုင်ဝင်း အတွင်းရှိ ယာဉ်အမှတ် 9F/----- ဂါလန် ၄၀၀၀ဆံ့ ၁၂ဘီး ယာဉ်အတွင်းသို့ ဧရာဝတီမြစ်အတွင်းရှိ ဆီတင်ရေယာဉ်ပေါ်မှ လောင်စာဆီများကို ကိုကိုမောင် ဦးစီးသော ဆီခြံလုပ်သားများက ဆီဖြည့်နေစဉ် ရုတ်တရက် မီးလောင်သဖြင့် ဆီခြံလုပ်သားများဖြစ်သော ကသာမြို့နယ် ရေဘုတ်ကျေးရွာနေသူ ကိုကိုမောင်၊ ခင်ဦးမြို့နယ် ဆီဆုံလေး ကျေးရွာနေ ထွန်းဝေ၊ တင်ဖြိုးအောင်နှင့် ဟိုပင်မြို့နေသူ အောင်ကိုထွေးတို့ လေးဦးမှာ မီးလောင်ခံရသဖြင့် ကသာမြို့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူနေကြောင်း သိရသည်။

**လူအောင်(ကသာ)**

**မောင်တော**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရွှေရင်အေးကျေးရွာအနီး၌ မေ ၁၀ ရက် ည ၉ နာရီ ၁၅ မိနစ်က လယ်ကွင်းမီးလောင်မှုဖြစ်ရာ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးထွန်းရွှေခိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်နှစ်စီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီတွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



**ပေါက်မြို့နယ်၌ မီးလောင်ပျက်စီးသွားသည့် နေအိမ်အချို့ကို တွေ့ရစဉ်။** ဓာတ်ပုံ - ညဏ်တိုး (ပေါက်)

## သုဝဏ္ဏဝတီမြို့သစ်၌ ယာဉ်တိုက်မှု နှစ်ဦးသေဆုံး

**သထုံ မေ ၁၁** - မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့သစ် ဘုရားလမ်းထိပ် သထုံ-ဘားအံ ကားလမ်းပေါ်တွင် မေ ၁၀ ရက် ည ၁၀ နာရီခန့်က မြဝတီမြို့နေသူ ပိစိ (ခ) မင်းသူ(၃၄နှစ်) မောင်းနှင်လာသော MDY 1N/----- အီစူးဇူး ခြောက်ဘီးယာဉ်သည် သုံးဘီးယာဉ်ကို ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောရှိ ဇရစ်ချောင်ကျေးရွာနေသူများဖြစ်သည့် အောင်ကျော်ကျော်(၂၀နှစ်)နှင့် မဖူးငုံ(၁၅နှစ်)တို့ စီးနင်းလာသော ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် အောင်ကျော်ကျော်နှင့် မဖူးငုံတို့မှာ ဒဏ်ရာများ ပြင်းထန်စွာရရှိကာ သေဆုံးသွားပြီး ယာဉ်မောင်း ပိစိ (ခ) မင်းသူမှာ ထွက်ပြေးသွားသဖြင့် သုဝဏ္ဏဝတီနယ်မြေရဲစခန်းက ၎င်းအား ဖမ်းဆီးရမိရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သက်ဦး(သထုံ)**

# အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ရွေးကောက်ပွဲ၌ ငါးကြိမ်မြောက် ထပ်မံအနိုင်ရရှိ

**ဂျေရုဆလင် ဧပြီ ၁၁**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် ပြိုင်ဘက်ကို အနိုင်ရရှိခဲ့ပြီးနောက်တွင် အစ္စရေးနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ငါးကြိမ်မြောက် ပြန်လည်ထမ်းဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မဲရလဒ်များ၏ ၉၇ ရာခိုင်နှုန်းကို ရေတွက်ပြီးနောက်တွင် မစ္စတာနေတန်ယာဟု၏ လီကွတ်ပါတီနှင့် ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဘန်နီဂန့်စ်ဦးဆောင်သည့် Blue and White ပါတီတို့သည် လွှတ်တော်၏ ရာထူးနေရာ ၁၂၀ အနက် ၃၅ နေရာကို ကိုယ်စီရရှိခဲ့သည်။ သို့သော်လည်း မဲရလဒ်အားလုံးရေတွက်ပြီးနောက်တွင် လက်ယာယိမ်းအစိုးရအဖွဲ့ဖြစ်သည့် မစ္စတာနေတန်ယာဟု၏ ပါတီသည် ခိုင်လုံသည့်မဲအရေအတွက်ဖြင့် လွှတ်တော်၏ ရာထူးနေရာ စုစုပေါင်း ၆၅ နေရာကိုရရှိကာ အနိုင်ရခဲ့သည်။

ပြည်သူများ၏ ဆုံးဖြတ်ချက်ကို လေးစားကြောင်း အတိုက်အခံ Blue and White ပါတီခေါင်းဆောင် မစ္စတာဂန့်စ်က ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားခဲ့သည်။ အကျင့်ပျက်ခြစားမှု စွပ်စွဲချက်များဖြင့် ရင်ဆိုင်နေရသော်လည်း ဝန်ကြီးချုပ်နေတန်ယာဟုသည် ပြင်းထန်သည့် ရွေးကောက်ပွဲယှဉ်ပြိုင်မှုတစ်ခုအတွင်း အနိုင်ရရှိကာ အချိန်ကြာမြင့်စွာ အုပ်ချုပ်လာခဲ့သည့် ၎င်း၏ဝန်ကြီးချုပ်သက်တမ်းကို ဆက်လက် ဆွဲဆန့်ထားနိုင်တော့မည်ဖြစ်သည်။ ဝန်ကြီးချုပ်နေတန်ယာဟုသည် အစ္စရေးနိုင်ငံ၏ လာမည့်အစိုးရတစ်ရပ်ကို ဖွဲ့စည်းနိုင်ရန်အတွက် ဘာသာရေးပါတီများနှင့် လက်ယာစွန်းရောက်ပါတီများနှင့် သဘောတူညီမှုရရှိရန် စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ၁၉၉၆ ခုနှစ်တွင်စတင်ကာ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည့် ဝန်ကြီးချုပ် နေတန်ယာဟုသည် အသက် ၆၉ နှစ်ရှိပြီ ဖြစ်ပြီး အစ္စရေး၏ သက်တမ်းအကြာဆုံး ခေါင်းဆောင်တစ်ဦးဖြစ် လာတော့မည်ဖြစ်ကြောင်း သိရသည်။ နေတန်ယာဟု၏ အောင်ပွဲရရှိမှုအတွက် ကမ္ဘာ့ခေါင်းဆောင် အများအပြားက ချီးကျူးဂုဏ်ပြုခဲ့ကြ သည်။ **ဆင်ဟွာ**



ရွေးကောက်ပွဲတွင် အနိုင်ရရှိသွားသည့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု။

## မြောက်ကိုရီးယားနျူကလီးယားအရေး ထရမ့်နှင့် ဆွေးနွေးရန် ဝါရှင်တန်သို့ မွန်ဂျယ်အင်း ရောက်ရှိ

**ဆိုးလ် ဧပြီ ၁၁**

မြောက်ကိုရီးယားနှင့် အမေရိကန်တို့အကြား နျူကလီးယားလက်နက်ဖျက်သိမ်းရေးဆွေးနွေးမှုများ ရပ်တန့်သွားမှုကို ပြန်လည်စတင်နိုင်စေရေး အကူအညီပေးရန်အတွက် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဆွေးနွေးရန်အတွက် ဝါရှင်တန်သို့ ရောက်ရှိနေကြောင်း သိရသည်။




အမေရိကန်သမ္မတဒေါ်နယ်ထရမ့် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်း(ယာ)။

ဝါရှင်တန်၌ ပြုလုပ်မည့် ထိပ်သီးဆွေးနွေးမှုသည် ပြီးခဲ့သည့် နိုဝင်ဘာလမှစတင်ကာ အမေရိကန်နှင့် တောင်ကိုရီးယားခေါင်းဆောင်နှစ်ဦးတို့အကြား ပထမဆုံး ဆွေးနွေးပွဲဖြစ်လာနိုင်သည်။ ပြီးခဲ့သည့်အင်္ဂါနေ့က တောင်ကိုရီးယားသမ္မတရုံးမှ အကြီးတန်းအာဏာပိုင်တစ်ဦးသည် ကိုရီးယားကျွန်းဆွယ်အရေး သံခင်းတမန်ခင်း ကိစ္စရပ်များတွင် တောင်ကိုရီးယားနိုင်ငံက အဓိကကျသည့်နေရာမှ ပါဝင်နေကြောင်း အလေးအနက် ပြောကြားခဲ့သည်။

သမ္မတ မွန်ဂျယ်အင်းသည် မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စု နှစ်နိုင်ငံလုံး၏ ယုံကြည်အားထားမှုကို ရရှိထားသူဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

အမေရိကန် ပြည်ထောင်စုနှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား ပြီးခဲ့သည့် ဖေဖော်ဝါရီလက ဗီယက်နမ် နိုင်ငံ ဟနွိုင်းမြို့၌ ပြုလုပ်ခဲ့သည့် ထိပ်သီးဆွေးနွေးခဲ့မှုများသည် မတင်မကျ အခြေအနေရောက်ရှိခဲ့ပြီး သဘောတူညီမှုတစ်စုံတစ်ရာ မရရှိလိုက်ဘဲ ပြီးဆုံးသွားခဲ့သည်။ ပြီးခဲ့သည့်လအတွင်း သမ္မတမွန်ဂျယ်အင်းက မြောက်ကိုရီးယားနှင့် တောင်ကိုရီးယား ပူးတွဲစီမံကိန်းနှစ်ခုကို ဝါရှင်တန်နှင့်အတူ ပြန်လည်ဖွင့်လှစ်ရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းစီမံကိန်းနှစ်ခုမှာ ခယ်ဆောင်းစက်မှုအဆောက်အအုံနှင့် မောင့်ကမ်ဂန် အပန်းဖြေစခန်း စီမံကိန်းတို့ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ဗင်နီဇွဲလားသို့ အကူအညီအထောက်အပံ့များပေးပို့ရန် ကြက်ခြေနီအဖွဲ့နှင့် သဘောတူထားကြောင်း မာဒူရိုပြော

**ကရာကတ်စ် ဧပြီ ၁၁**

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုသည် နိုင်ငံအတွင်းသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့များ ယူဆောင်လာရန် နိုင်ငံတကာ ကြက်ခြေနီကော်မတီနှင့် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတနီကိုးလပ်စ်မာဒူရိုက ဧပြီ ၁၁ ရက်တွင် ကြေညာခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံအတွင်း ယခုအခါ အစားအသောက်၊ ဆေးဝါး၊ ဆပ်ပြာနှင့် ရေအိမ်သုံးစက္ကူ အစရှိသည့် အခြေခံပစ္စည်းများ ပြတ်လပ်မှုကို ရင်ဆိုင်နေရသည်။ ရေနံကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်ခဲ့သည့် ဗင်နီဇွဲလားနိုင်ငံ၏ စီးပွားရေးမှာ အကြီးအကျယ်ပြိုလဲနေပြီး မာဒူရိုသည် နာမည်ရလာသည့် အတိုက်အခံခေါင်းဆောင် အောက်လွှတ်တော် ဥက္ကဋ္ဌ ဂျူအန်ဂွိုက်ဒိုနှင့် အာဏာယှဉ်ပြိုင်မှုအတွင်း ကျရောက်လျက်ရှိသည်။



ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရို။

မာဒူရိုက ၎င်း၏ အစိုးရအဖွဲ့နှင့် ကြက်ခြေနီအဖွဲ့အစည်းတို့သည် လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့များအားလုံးကို နိုင်ငံအတွင်းသို့ ယူဆောင်လာနိုင်စေရေးအတွက် ကုလသမဂ္ဂအေဂျင်စီများနှင့် အတူတကွ လက်တွဲလုပ်ဆောင်သွားကြရန် သဘောတူလိုက်ပြီဖြစ်ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ တစ်ဆင့်ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ခံစားနေရခြင်းမရှိဟု မာဒူရိုက ငြင်းဆန်ခဲ့သည့်အပြင် နိုင်ငံ၏ စီးပွားရေးထိခိုက်ခဲ့မှုမှာ အမေရိကန်၏ အရေးယူပိတ်ဆို့မှုများကြောင့် ဖြစ်ကြောင်း အပြစ်ဆိုခဲ့သည်။

ယခုအခါ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ဗင်နီဇွဲလားနိုင်ငံ၏ ယာယီသမ္မတအဖြစ် နိုင်ငံပေါင်း ၅၀ ကျော်တို့က အသိအမှတ် ပြုထားကြသည်။ **အေအက်ဖ်ပီ**

## သန္ဓေသားဖျက်ချမှုကို ပိတ်ပင်သည့် ဥပဒေကို ရုပ်သိမ်းကြောင်း တောင်ကိုရီးယား တရားရုံးက အမိန့်ထုတ်ပြန်

**ဆိုးလ် ဧပြီ ၁၁**

တောင်ကိုရီးယားနိုင်ငံတွင် ဆယ်စုနှစ်များစွာကြာအောင် ကျင့်သုံးခဲ့သည့် သန္ဓေသားဖျက်ချမှုကို ပိတ်ပင်တားဆီးသည့် ဥပဒေကို ဖယ်ရှားလိုက်ကြောင်း တောင်ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဧပြီ ၁၁ ရက်တွင် အမိန့်ထုတ်ပြန်လိုက်သည်။

တောင်ကိုရီးယားနိုင်ငံသည် မုဒိမ်းမှုနှင့် မိခင်၏ အသက်အန္တရာယ်ကို ထိခိုက်စေမည့် အခြေအနေများမှလွဲ၍ သန္ဓေသားဖျက်ချမှုကို ရာဇဝတ်မှုအဖြစ်အပြစ်ပေးအရေးယူသည့် စက်မှုထွန်းကားသည့် နိုင်ငံအနည်းငယ်တွင် ပါဝင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

မရေမတွက်နိုင်သော အမျိုးသမီးများသည် နှစ်ပေါင်းများစွာကြာအောင် ၎င်းတို့၏ အခွင့်အရေးအတွက် တိုက်ခိုက်ခဲ့ကြသည့်အတွက် ယင်းဆုံးဖြတ်ချက်ကိုချလိုက်ခြင်းဖြစ်ကြောင်း တက်ကြွလှုပ်ရှားသူအမျိုးသမီးတစ်ဦးဖြစ်သည့် ဘေဘော့ဂ်ဂျူက ပြောကြားခဲ့သည်။

သန္ဓေသားဖျက်ချမှုကို ပိတ်ပင်သည့် ဥပဒေသည် လာမည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အလိုအလျောက် ပျက်ပြယ်မည်ဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**




ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ

## ဘရီးဇစ်အတွက် အချိန်ခြောက်လဆိုင်းရန် သဘောတူညီမှုရရှိ

**လန်ဒန် ဧပြီ ၁၁**

ဥရောပခေါင်းဆောင်များသည် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မည့် ကိစ္စအတွက် အချိန်ခြောက်လနှင့်အထက် ရွှေ့ဆိုင်းရန် ဧပြီ ၁၁ ရက်တွင် ဗြိတိန်နှင့် သဘောတူညီလိုက်ပြီး ရက်သတ္တပတ်အကုန်လောက်တွင် သဘောတူညီချက်မဲ့ နုတ်ထွက်မည့် အရေးမှ ရှောင်လွှဲစေနိုင်ခဲ့ကြောင်း သိရသည်။

ဘရပ်ဆဲလ်၌ ပြီးခဲ့သည့်ညက ပြုလုပ်ခဲ့သည့် ဆွေးနွေးမှုအတွင်း အချိန်ခြောက်လရွှေ့ဆိုင်းရန် သဘောတူညီမှုရခဲ့ခြင်းဖြစ်ပြီး အကယ်၍ ဗြိတိန်အနေဖြင့် လာမည့်မေလ ၂၂ ရက်ပြီးနောက် ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်း ဆက်လက်ရှိနေဦးမည်ဆိုပါက ဗြိတိန်နိုင်ငံသား မဲပေးသူများသည် ဥရောပရွေးကောက်ပွဲတွင် ပါဝင်ကြရမည်ဟု သိရသည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက ၎င်းအနေဖြင့် အစီအစဉ်တကျ ခွဲထွက်နိုင်စေရေး ခိုင်မာသေချာစေရန် ပါလီမန်လွှတ်တော်နှင့်သဘောတူထားသည့် ၎င်း၏ ခွဲထွက်ရေး သဘောတူညီမှုအတွက် ယခုဆက်လက်ကြိုးပမ်းနေကြောင်း ပြောကြားခဲ့သည်။

အခြား ဥရောပခေါင်းဆောင် ၂၇ ဦးတို့သည် အောက်တိုဘာ ၃၁ ရက် မတိုင်မီ ပြုပြင်ပြောင်းလဲနိုင်သော အချိန်ဆိုင်းငံ့မှုတစ်ခုဟု ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ် တပ်စ်ကပြောခဲ့သည့်ကိစ္စ ပြီးဆုံးစေရန် ညစာစားပွဲအပြီးတွင် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ မပါဘဲ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ကမ္ဘာ့အကြီးကျယ်ဆုံး ရွေးကောက်ပွဲ သို့မဟုတ် အိန္ဒိယရွေးကောက်ပွဲ

ချိုးစန္ဒီနွေး

**ကမ္ဘာမှာ အကြီးကျယ်ဆုံးရွေးကောက်ပွဲလို့ တင်စားရတဲ့ အိန္ဒိယရွေးကောက်ပွဲရဲ့ပထမအဆင့် မဲပေးပွဲကို စတင်လိုက်ပြီပဲ ဖြစ်ပါတယ်။ ပြည်နယ်ပေါင်း ၂၀ မှာရှိတဲ့ သန်းပေါင်းများစွာသော ပြည်သူတွေဟာ မဲဆန္ဒနယ် ၉၁ နယ်အတွက် မဲတွေပေးကြတော့မှာပါ။ မဲရုံတွေမှာ အလုပ်လုပ်ကြမယ့် လုပ်သားတွေကတော့ ၁၁ သန်းခန့်ရှိပြီး အီလက်ထရွန်နစ် မဲပေးစက်ကတော့ ၂ ဒသမ ၃ သန်း ရှိပါတယ်။ ပါဝင်ယှဉ်ပြိုင်ကြတဲ့ နိုင်ငံရေးပါတီပေါင်းကတော့ ၂၀၀၀ ခန့် ရှိပါတယ်။ မဲပေးမှုနဲ့ သက်ဆိုင်တဲ့ပစ္စည်းတွေကို သယ်ယူပို့ဆောင်ပေးဖို့ အထူးရထား၊ သင်္ဘော၊ ရဟတ်ယာဉ်တို့ကို အဆင်သင့်ပြင်ဆင်ထားပြီး သယ်ယူပို့ဆောင်ရေးအတွက်ဆို ဆင်တွေကိုတောင် အသုံးပြုခဲ့တယ်လို့ သိရပါတယ်။**



ရွေးကောက်ပွဲတွင်အသုံးပြုမည့်ပစ္စည်းများကို သယ်ယူသွားကြသည့် ရွေးကောက်ပွဲအရာရှိများကို လုံခြုံရေးအစောင့်အရှောက်နှင့် တွေ့ရစဉ်။

### အကြီးဆုံးရွေးကောက်ပွဲ

အောက်လွှတ်တော်အသစ်အတွက် အမတ်တွေရွေးချယ်ရာမှာ အဆင့် ခုနစ်ဆင့်နဲ့ မဲပေးရွေးချယ်သွားမှာဖြစ်ပြီး မေ ၁၉ ရက်အထိ မဲပေးမှုတွေ ပြုလုပ်သွားမှာပါ။ နိုင်ငံတစ်ဝန်း မဲပေးနိုင်တဲ့ ပြည်သူသန်း ၉၀၀ ကျော်ရှိပြီး တွေ့ဖူးသမျှထဲမှာ အကြီးကျယ်ဆုံး ရွေးကောက်ပွဲလို့ ဆိုရမှာပါ။ လက်ရှိဝန်ကြီးချုပ်မိုဒီရဲ့ဟင်ဒီအမျိုးသားဝါဒီဖြစ်တဲ့ ဘာရာတီယ ဂျနတာပါတီ (ဘီဂျေပီ) ဟာ ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲမှာ သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ပါတယ်။ အောက်လွှတ်တော်မှာ အမတ်နေရာပေါင်း၅၄၃ နေရာရှိပြီး မည်သည့်ပါတီ သို့မဟုတ် ညွန့်ပေါင်းအဖွဲ့မဆို အနည်းဆုံး ပါလီမန်အမတ်နေရာ ၂၇၂ နေရာရရှိဖို့ လိုအပ်ပါတယ်။ လက်ရှိ ဝန်ကြီးချုပ်မိုဒီရဲ့ ဘီဂျေပီပါတီဟာလည်း အမတ်နေရာအများစု အနိုင်ရရှိဖို့ ကြိုးစား နေပါတယ်။

### စိန်ခေါ်မှုတွေများ

ဒါပေမယ့်လည်း စိန်ခေါ်မှုတွေကတော့ အများကြီးပါပဲ။ အင်အားကြီးမားတဲ့ နယ်မြေခံပါတီတွေ ရှိသလို ရာဟူးဂန္ဒီ ဦးဆောင်တဲ့ ကွန်ဂရက်ပါတီရဲ့အစဉ်အလာကြီးမားပုံကိုလည်း ထည့်စဉ်းစားဖို့ လိုပါလိမ့်မယ်။ ရာဟူးဂန္ဒီရဲ့အဖေ၊ အဘွားနဲ့ အဘိုးတော်စပ်သူတို့ဟာ အိန္ဒိယဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ခဲ့ကြဖူးသူတွေပါ။ ဒီတော့ ကွန်ဂရက်ပါတီရဲ့နိုင်ငံရေးအစဉ်အလာဟာ ဘယ်လောက်ထိ ကြီးမားတယ်ဆိုတာကို ခန့်မှန်းကြည့်လို့ ရပါတယ်။ ရာဟူးရဲ့ ညီမဖြစ်သူ ပရီယန်ကာ ဂန္ဒီဟာလည်း ပြီးခဲ့တဲ့ ဇန်နဝါရီလကစပြီး နိုင်ငံရေးလောကထဲကို ခြေစုံပစ်ဝင်ခဲ့ပါတယ်။

### အရေးကြီးဆုံးပွဲ

လေ့လာသုံးသပ်သူတွေကတော့ ယခုတစ်ကြိမ်ရွေးကောက်ပွဲဟာ ဆယ်စုနှစ်များစွာအတွင်း အရေးအကြီးဆုံးပွဲလည်း ဖြစ်တယ်လို့ သုံးသပ်ကြပါတယ်။ လက်ရှိဝန်ကြီးချုပ်မိုဒီဟာ သဘောထားတင်းမာစွာနဲ့ တိုင်းပြည်ကို ဦးဆောင်နေတဲ့ပုံရိပ်ရှိပြီး မိုဒီရဲ့ပုံရိပ်ကြောင့်လည်း ဘီဂျေပီပါတီအတွက် မဲထည့်မယ့်သူတွေကို ဆွဲဆောင်နိုင်ဆဲ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးမှုအပိုင်းမှာတော့ ဝန်ကြီးချုပ်ဟာ မျှော်မှန်းထားသလောက် အောင်မြင်မှုရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပါဘူး။

### မဲပေးမယ့် လူသန်း ၉၀၀

အသက် ၁၈ နှစ်ပြည့်ပြီးတဲ့ မဲပေးနိုင်ခွင့်ရှိသူ နိုင်ငံသားဦးရေဟာ သန်း ၉၀၀ ခန့်ရှိပါတယ်။ အဲဒီလူတွေဟာ မဲရုံပေါင်းတစ်သန်းခန့်မှာ မဲပေးကြမှာပဲ ဖြစ်ပါတယ်။ မဲပေးဖို့အတွက်ဆိုရင် မည်သည့်မဲဆန္ဒရှင်မျှ ၂ ကီလိုမီတာထက်ကျော်ပြီး မဲရုံကိုသွားဖို့ မလိုအပ်ဘူးလို့ သိရပါတယ်။ မဲရုံတွေကို နေရာအနှံ့အပြားမှာ ဆောက်လုပ်ပေးထားပြီး ရွေးကောက်ပွဲအရာရှိတွေ၊ လုံခြုံရေးအရာရှိတွေ အမြောက်အမြားတာဝန်ထမ်းဆောင်နေကြတယ်လို့ သိရပါတယ်။ ဧပြီ ၁၁ ရက်က စတင်ခဲ့တဲ့ မဲပေးပွဲဟာ မေ ၁၉ ရက်မှာ ပြီးဆုံးမှာဖြစ်ပြီး အဆင့်ခုနစ်ဆင့်နဲ့ မဲပေးပွဲ ပြုလုပ်သွားမှာဖြစ်ပါတယ်။

### အချိန်သုံးလကြာ

အိန္ဒိယရဲ့သမိုင်းဝင် ပထမဦးဆုံး ရွေးကောက်ပွဲကို ၁၉၅၁- ၅၂ မှာ ပြုလုပ်ခဲ့ပြီး အလုံးစုံပြီးမြောက်ဖို့အတွက် အချိန်သုံးလကြာမြင့်ပါတယ်။ ၁၉၆၂ ခုနှစ်နဲ့ ၁၉၈၉ ခုနှစ်တို့မှာတော့ ရွေးကောက်ပွဲပြီးစီးဖို့အချိန် လေးရက်ကနေ ၁၀ ရက်အထိ ကြာမြင့်ပါတယ်။ ၁၉၈၀ ပြည့်နှစ်မှာ ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲဟာတော့ လေးရက်ကြာမြင့်ပြီး အတိုဆုံးရွေးကောက်ပွဲလို့ ဆိုရမှာပါ။ ဧပြီ ၁၁ ရက်မှာ စတင်ခဲ့တဲ့ ရွေးကောက်ပွဲကို အန်ဒရာပရာဒေ့ရှ်၊ ဘီဟာ၊ မဏိပူရ၊ ဥတ္တရာပရာဒေ့ရှ်၊ မဟာရတ်ရှ်ထရာ၊ ဂျမ္မူ၊ ကက်ရှ်မီးယားတို့ အပါအဝင် ဒေသပေါင်း ၂၂ ခုမှာ မဲပေးပွဲ ပြုလုပ်ခဲ့ပါတယ်။ မဲရုံတွေကို ဒေသစံတော်ချိန်နံနက် ၇ နာရီမှာ စတင်ခဲ့ပါတယ်။ အန်ဒရာပရာဒေ့ရှ်နဲ့ နာဂလန်းတို့အပါအဝင် အချို့သော ပြည်နယ်တွေမှာ မဲပေးမှုကို တစ်ရက်နဲ့အပြီး ပြုလုပ်မှာဖြစ်ပြီး ဥတ္တရာပရာဒေ့ရှ်ကဲ့သို့သော ပြည်နယ်တွေမှာတော့ အဆင့်အချို့ ပြုလုပ်ပြီး မဲပေးသွားမယ်လို့ သိရပါတယ်။

### အလုပ်လက်မဲ့ပြဿနာရှိ

သန်းရာနဲ့ချီတဲ့ အိန္ဒိယနိုင်ငံသားတွေဟာ အလွန်အမင်း ဆင်းရဲမွဲတေမှုကနေ လွတ်မြောက်ခဲ့ကြပြီးဖြစ်ပေမယ့် ကြီးမားတဲ့စိန်ခေါ်မှုတွေကတော့ ရှိနေဆဲ ဖြစ်ပါတယ်။ ဝန်ကြီးချုပ်မိုဒီရဲ့လက်ထက်မှာတော့ ခြောက်ဆင့်မြောက် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ်ရပ်တည်ခဲ့တဲ့ အိန္ဒိယနိုင်ငံဟာ စီးပွားရေးတိုးတက်မှု အရှိန်အဟုန်မှာတော့ ထင်တိုင်းမပေါက်ခဲ့ဘူးလို့ ယူဆကြပါတယ်။ နှစ်စဉ် GDP တိုးတက်မှုနှုန်းဟာ ခုနစ်ရာခိုင်နှုန်းနားမှာပဲ ဝေ့ဝိုက်နေပြီး အလုပ်လက်မဲ့ပြဿနာဟာ အဓိကစိုးရိမ်စရာပြဿနာ ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် မိုဒီရဲ့အစိုးရကတော့ တချို့သော အလုပ်တွေဟာ တရားဝင်ဖော်ပြထားခြင်းမရှိဘဲ မြုပ်နေတဲ့အတွက်လို့ စွပ်စွဲခဲ့ပါတယ်။ ပေါက်ကြားခဲ့တဲ့ အစိုးရ အစီရင်ခံစာအရတော့ အလုပ်လက်မဲ့ ပမာဏဟာ ၁၉၇၀ ပြည့်နှစ် နောက်ပိုင်း အမြင့်မားဆုံးပဲလို့ ညွှန်ပြနေပါတယ်။ လယ်ယာကဏ္ဍကရတဲ့ ဝင်ငွေဟာလည်း တိုးတက်မှုမရှိဘဲ ရပ်တန့်နေပါတယ်။

### ကြွေးနွံထဲနစ်နေ

သီးနှံတွေပိုလျှံနေပြီး ဈေးကောင်းမရခဲ့တဲ့အတွက် လယ်သမားတွေဟာ အကြွေးနွံထဲနစ်ကုန်ပါတယ်။ နိုင်ငံရေးပါတီတွေဟာ မဲဆွယ်စည်းရုံးမှုတွေမှာ ကျေးလက်ဆင်းရဲသားပြည်သူတွေကို ဦးတည်ပြီး စည်းရုံးကြပါတယ်။ ဘီဂျေပီပါတီဟာလည်း လယ်သမားတွေအတွက် သက်သာချောင်ချိရေးကို ကတိပြုခဲ့ပြီး ကွန်ဂရက်ပါတီကတော့ နိုင်ငံတွင်းမှာရှိတဲ့ သန်း ၅၀ သော အိန္ဒိယလယ်သမားတွေအတွက် အနိမ့်ဆုံးရရှိရမယ့် ဝင်ငွေနဲ့ ပတ်သက်ပြီး ကတိပြုခဲ့ကြပါတယ်။

### လူကြိုက်များနေဆဲ

ဒါပေမယ့်လည်း နောက်ဆုံးကောက်ယူထားတဲ့ စစ်တမ်းတွေအရတော့ လက်ရှိဝန်ကြီးချုပ်မိုဒီဟာ ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက်ခံရနိုင်တယ်လို့ ဖော်ပြလျက်ရှိပါတယ်။ စီးပွားရေးစိန်ခေါ်မှုတွေ၊ အလုပ်လက်မဲ့ ပြဿနာတွေအပေါ် ကိုင်တွယ်တာကို မကျေနပ်နိုင်တာကြောင့် ဘီဂျေပီပါတီဟာ အောက်လွှတ်တော်မှာ အမတ်နေရာ နည်းနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။ ၂၀၁၄ ခုနှစ်ရွေးကောက်ပွဲမှာတော့ မိုဒီရဲ့ဘီဂျေပီပါတီဟာ အောက်လွှတ်တော်မှာ အဓိက အနိုင်ရခဲ့တာဖြစ်ပြီး မိုဒီဟာ လူလတ်တန်းစားတွေနဲ့ အိန္ဒိယနိုင်ငံမြောက်ပိုင်းတို့မှာ လူကြိုက်များနေပြီး ဆင်းရဲသားတွေကတော့ သဘောမကျလှပါဘူး။

### အမျိုးသားလုံခြုံရေး

ရွေးကောက်ပွဲကာလအတွင်း အမျိုးသားလုံခြုံရေးဟာလည်း အဓိကကျလှပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းမှာတော့ အကြမ်းဖက်အဖွဲ့အစည်းရဲ့တိုက်ခိုက်မှုကြောင့် အိန္ဒိယက အုပ်ချုပ်ထားတဲ့ ကက်ရှ်မီးယားဘက်မှာ လူပေါင်း ၄၀ ခန့် သေဆုံးခဲ့ရပါတယ်။ အဲဒီနောက်မှာတော့ အိန္ဒိယဟာ ပါကစ္စတန်ဘက်မှာ ပုန်းအောင်းနေတဲ့အကြမ်းဖက်အဖွဲ့ကို လေကြောင်းကနေ တိုက်ခိုက်မှုပြုလုပ်ခဲ့ပါတယ်။အဲဒီအချိန်ကစလို့ ဘီဂျေပီပါတီဟာ အမျိုးသားလုံခြုံရေးရဲ့အရေးပါပုံကို မဲဆွယ်စည်းရုံးမှုတွေမှာ အဓိကအချက်အဖြစ် ထည့်သွင်းခဲ့ပါတယ်။

### ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံ

အိန္ဒိယနိုင်ငံဟာ တရုတ်နိုင်ငံပြီးရင် လူဦးရေအများဆုံးနိုင်ငံဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံလည်း ဖြစ်ပါတယ်။ ရွေးကောက်ပွဲကိုစတင်လိုက်ပြီဖြစ်ပေမယ့် ရွေးကောက်ပွဲရလဒ်တွေကိုတော့ ချက်ချင်းသိနိုင်မှာ မဟုတ်ပါဘူး။ မေလလယ်လောက်အထိ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်နေမှာဖြစ်ပြီး နေရာအသီးသီးမှာ မဲပေးမယ့် ရက်တွေဟာလည်း ခြားနားပါတယ်။ နောက်ဆုံးမဲတွေကို ရေတွက်ပြီးတဲ့အခါမှာတော့ ရွေးကောက်ပွဲကော်မရှင်ဟာ ရလဒ်ကို မေ ၂၃ ရက်မှာ ကြေညာလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**
**ဘီဘီစီ**

# နိုင်ငံတကာသတင်းတိုထွာ

## တရုတ်သို့ ကမ္ဘောဒီးယား ဆန်တင်ပို့မှု ၅၉ ရာခိုင်နှုန်း တိုးတက်

**ဖနောင်ပင် ဧပြီ ၁၁**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်၏ ပထမသုံးလပတ်အတွင်း တရုတ်နိုင်ငံသို့ ဆန်တန်ချိန်ပေါင်း ၇၅၂၁၄ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်တင်ပို့မှုထက် ၅၉ ရာခိုင်နှုန်းမြင့်တက်လာကြောင်း သိရသည်။

ယခုနှစ်ဇန်နဝါရီလမှ မတ်လအထိ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားမှ ဆန်အများဆုံးဝယ်ယူခဲ့ကြောင်း One Window Service အတွင်းရေးမှူးချုပ်ရုံး၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ နိုင်ငံ၏ ဆန်တင်ပို့မှုများအနက် ၄၄ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

အစီရင်ခံစာအရ ယခုနှစ်၏ ပထမသုံးလပတ်အတွင်း ဆန်တန်ချိန်စုစုပေါင်း ၁၇၀၈၂၀ တန် တင်ပို့မှုရှိခဲ့ပြီး ယခင်နှစ်ကထက် ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ယခင်နှစ်က ကမ္ဘောဒီးယားနိုင်ငံမှ စပါးတန်ချိန် ၁၀ ဒသမ ၈ သန်း ထုတ်လုပ်ခဲ့ပြီး ၃ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မှုရှိလာခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ဖော်ပြသည်။

**ဆင်ဟွာ**

## အက်ဖ် - ၃၅ အေ လေယာဉ်ပျက်ကျခဲ့မှုအတွက် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ အကြီးအကဲ တောင်းပန်

**တိုကျို ဧပြီ ၁၁**

အိုမိုရီစီရင်စု ကမ်းခြေ၌ အက်ဖ် - ၃၅ တိုက်လေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့သည့်အတွက် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အကြီး အကဲ ကိုဂျီယာမာဇာကီက ဧပြီ ၁၁ ရက်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ တောင်းပန်လိုက်ကြောင်း သိရသည်။

အိုမိုရီစီရင်စုရှိ လေကြောင်းကာကွယ်ရေးတပ်ဖွဲ့၏ မီဆာဝါအခြေစိုက်စခန်းမှ အက်ဖ်- ၃၅ အေ တိုက်လေယာဉ်သည် အင်္ဂါနေ့ညနေပိုင်းတွင် ပျက်ကျခဲ့သည်။ ကိုယ်ပိုင်လေကြောင်း ကာကွယ်ရေးတပ်ဖွဲ့က လေယာဉ်ပျက်ကျမှုအတွင်း ပျောက်ဆုံးနေသည့် လေယာဉ်မှူးမှာ အသက် ၄၁ နှစ်ရှိပြီဖြစ်သည့် ဗိုလ်မှူး အာကီနိုရီဟိုဆိုမီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံတစ်လွှားရှိ ဒေသဆိုင်ရာ လူမှုအဖွဲ့အစည်းများအား စိုးရိမ်ပူပန်ကြောင့်ကြမှုများ ဖြစ်စေခဲ့သည့်အတွက် အလွန်ဝမ်းနည်းကြောင်း ယာမာဇာကီက တောင်းပန်စကားဆိုခဲ့သည်။ အက်ဖ် - ၃၅ အေ ဂျက်လေယာဉ်ပျက်ကျမှုမှာ နောက်ထပ်ဂျက်တိုက်လေယာဉ်များ ချထားမည့် အစီအစဉ်အပေါ် ရိုက်ခတ်မှုရှိလာနိုင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မဟာသင်္ကြန်ပွဲ ပျော်ရွှင်စွာဆင်နွှဲ

မြန်မာတို့၏ နှစ်စဉ် အစဉ်အလာမပျက်ကျင်းပမြဲဖြစ်သည့် မဟာသင်္ကြန်ပွဲတော်ကာလ မကြာမီကျင်းပတော့မည်ဖြစ်သည်။ ယခုနှစ်တွင် နိုင်ငံတစ်ဝန်း အမြို့မြို့အနယ်နယ်၌ သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲ နိုင်ရန် တာဝန်ရှိသူအသီးသီးတို့က စီစဉ်ဆောင်ရွက်ထားကြပြီ ဖြစ်သည်။

ထိုသို့ စီစဉ်ဆောင်ရွက်ရာတွင် မြို့ကြီးများ၌ ဗဟိုမဏ္ဍပ်များတွင် ယိမ်းအဖွဲ့များ ကပြဖျော်ဖြေမှု၊ သင်္ကြန်သီချင်းများ သီဆိုဖျော်ဖြေမှုတို့ ပါဝင်သလို လမ်းလျှောက်သင်္ကြန်ကဲ့သို့ သူငယ်ချင်းအပေါင်းအသင်းများဖြင့်သော် လည်းကောင်း၊ မိသားစုများဖြင့်သော် လည်းကောင်း စုစုဝေးဝေး ပျော်ပျော်ပါးပါး လမ်းလျှောက်ရေပက်ခံ ရေကစားခြင်းများ ဆင်နွှဲနိုင်ရန် စီစဉ်ထားခြင်းများလည်း ပါဝင်သည်။

သင်္ကြန်ကာလကို ပျော်ရွှင်စွာဆင်နွှဲရင်း ကောင်းခြင်းမင်္ဂလာ အဖြာဖြာဖြင့် နှစ်သစ်ကို ဖြတ်သန်းနိုင်ရန် အမြို့မြို့ အနယ်နယ်၌ မဟာသင်္ကြန်ပွဲတော်အတွက် ပြင်ဆင်ထားမှု ပုံရိပ်များကို တင်ပြလိုက်ပါသည်။ ။

မြန်မာ့အလင်း



မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားအတွက် ယိမ်းအဖွဲ့လုပျိုဖြူများ ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုက ဤသို့ . . .။ ဓာတ်ပုံ-အောင်ဖြိုးကျော်



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ အစဉ်အလာအဖြစ် ကျင်းပမြဲဖြစ်သည့် ကလေးသင်္ကြန်ကို ဧပြီ ၁၁ ရက်ကစတင် ရေကစားနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ကျော်ကျော်လတ် (ပြန်/ဆက်)



ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဥတ္တမပန်းခြံအတွင်း၌ မဟာသင်္ကြန်ကာလအတွင်း လာရောက်အပန်းဖြေမည့်သူများအတွက် လမ်းလျှောက်သင်္ကြန် ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)



ရမည်းသင်းမြို့၌ လမ်းလျှောက်သင်္ကြန်ကျင်းပမည့် မြို့လယ်နာရီစင်ထိပ်မှ ရန်အောင်မြင်ဘုရား လမ်းတစ်လျှောက် မုခ်ဦးဖြင့် အလှဆင်ဆောင်ရွက်ထားမှု။ ဓာတ်ပုံ-လှိုင်သန်းတင့်(ရမည်းသင်း)



မကွေးမြို့တွင် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ လမ်းလျှောက်သင်္ကြန်ကျင်းပမည့် မဲထီးလမ်းထိပ်မှ ကျောက်သားဥယျာဉ်အထိ လမ်းတစ်လျှောက် ပြင်ဆင်ထားမှုကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ - သန်းနိုင်ဦး (ဗဖဲ)



ပျဉ်းမနားမြို့၌ ဒုတိယအကြိမ်ကျင်းပမည့် လမ်းလျှောက်သင်္ကြန်ကို ကန်တော်မင်္ဂလာခန်းမရှေ့မြင်းရတနာအနီး၌ မုခ်ဦးဖြင့် ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-မင်းမင်းလတ်(မန်းတက္ကသိုလ်)



ကချင်ပြည်နယ် မိုးညှင်းမြို့ အတာသင်္ကြန်ပွဲတော် ပထမအကြိမ် လမ်းလျှောက်သင်္ကြန်ပွဲကို ဒေသထွက် ဝါးခမောက်များ အလှဆင်၍ ပြင်ဆင်ထားစဉ်။

ဓာတ်ပုံ - ကျော်ကျော်ထွေး (ပြန်/ဆက်)

# မဟာသင်္ကြန်ပွဲတော်ကာလ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အား ၃၃၀၀ ကျော် အသုံးပြုမည်

**ယခုနှစ် မြန်မာနိုင်ငံ၏ မဟာသင်္ကြန်ကာလသည် ခါတိုင်းနှစ်များထက် ထူးခြားသည်ဟု ဆိုနိုင်ပါသည်။ နိုင်ငံတစ်ဝန်းနေရာအနှံ့အပြား လမ်းလျှောက်သင်္ကြန်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြမည်ဖြစ်ပြီး နေရာအလိုက်၊ ဒေသအလိုက်လည်း လမ်းလျှောက်သင်္ကြန်နှင့်အတူ ရိုးရာဓလေ့များ ထည့်သွင်း ကျင်းပကြမည်ဖြစ်သည်။ ပြည်သူအများသည် မဟာသင်္ကြန်ကာလ၌ ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်များ ရရှိကြသဖြင့် မိသားစုအလိုက်သော်လည်းကောင်း၊ မိတ်ဆွေများနှင့်သော်လည်းကောင်း အတူစုပေါင်းကာ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲနိုင်ကြမည်ဖြစ်သည်။ အဆိုပါသင်္ကြန်ပွဲ ဆင်နွှဲကြမည့်ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်မတော်တဆမှု မဖြစ်ပွားစေရေး၊ မှုခင်းဖြစ်ပွားမှုလျော့နည်းစေရေး၊ အေးချမ်းပျော်ရွှင်မှုအတွက် စောင့်ရှောက်ပေးနိုင်စေရေးတို့အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပုံများကို သိရှိနိုင်ရန် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး (နေပြည်တော်)မှ ရဲမှူးဝင်းမြင့်၊ ဌာနခွဲမှူး(ဦးစီး)နှင့် တွေ့ဆုံမေးမြန်းမှုကို ဖော်ပြလိုက်ပါသည်။**



ရဲမှူးဝင်းမြင့်

**မေး။ လမ်းလျှောက်သင်္ကြန်ကျင်းပတဲ့နေရာတွေမှာ ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ဘယ်လိုဆောင်ရွက်ထားရှိပါသလဲ။**

ဖြေ။ လမ်းလျှောက်သင်္ကြန်ကျင်းပတဲ့နေရာတွေမှာ ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် လမ်းလျှောက်သင်္ကြန် ကျင်းပတဲ့ရေိယာအတွင်း ယာဉ်များမောင်းနှင်ဝင်ရောက်မှုမရှိစေရေးကို ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနဲ့ ပူးပေါင်းပြီး အတားအဆီးများ၊ ကပ်တုံးများ ချထားခြင်း၊ လမ်းပိတ်/လမ်းလွှဲ ပြုလုပ်ပေးခြင်း၊ ယာဉ်ရပ်နေရာ သတ်မှတ်ပေးခြင်း၊ ယာဉ်လမ်းရှင်းလင်းပေးခြင်းများဖြင့် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ လမ်းလျှောက်သင်္ကြန်နဲ့ ရေကစားမဏ္ဍပ်တွေမှာ လာရောက်ရေကစားသူတွေရဲ့ ယာဉ်တွေကို ယာဉ်ရပ်နားဖို့ ဘယ်လိုစီစဉ်ဆောင်ရွက်ပေးထားပါသလဲ။**

ဖြေ။ လမ်းလျှောက်သင်္ကြန်နဲ့ ရေကစားမဏ္ဍပ်တွေမှာ ရေကစားသူတွေရဲ့ ယာဉ်တွေ ရပ်တန့်နိုင်ဖို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး လမ်းလျှောက်သင်္ကြန်ကျင်းပရာ အနီးဝန်းကျင်နဲ့ ရေကစားမဏ္ဍပ်အနီးဝန်းကျင်မှာရှိတဲ့ နေရာကွက်လပ်တွေမှာ ယာဉ်ရပ်နေရာများ ရွေးချယ်သတ်မှတ်ပေးထားမှာ ဖြစ်ပါတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ ယာဉ်တွေကို စနစ်တကျ ဝင်/ထွက်နိုင်ဖို့ ရှင်းလင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မြေပြင်အခြေအနေပေါ် မူတည်ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကို လိုအပ်သလို ဖြန့်ခွဲတာဝန်ချထားပေးသွားမှာ ဖြစ်ပတယ်။

**မေး။ ထိန်းသိမ်းဆောင်ရွက်တဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ ထိန်းသိမ်းကြပ်မတ်မှုကို မလိုက်နာဘဲ လမ်းလျှောက်သင်္ကြန်အတွင်း ယာဉ်တွေဝင်ရောက်မယ်ဆိုရင် ဘယ်လိုအရေးယူ ဆောင်ရွက်သွားမလဲ သိပါရစေ။**

ဖြေ။ အဲဒီလိုဝင်ရောက်လို့ လူကိုတိုက်မိပြီး ထိခိုက်ဒဏ်ရာရရင် ယာဉ်တိုက်မှုအတွက် ရာဇသတ်ကြီးဥပဒေနဲ့ အရေးယူသွားမှာ ဖြစ်ပါတယ်။ လူကို မတိုက်မိဘူးဆိုရင်တော့ မော်တော်ယာဉ်ဥပဒေနဲ့ အရေးယူသွားမှာ ဖြစ်ပါတယ်။ စည်းကမ်းမဲ့ယာဉ်တွေ မဝင်ရောက်နိုင်အောင် သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းတွေ၊ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်တွေနဲ့အတူ အတားအဆီးများ၊ ကပ်တုံးများ ချထားပြီး ပူးပေါင်းထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ သင်္ကြန်ပွဲတော်ကာလအတွင်း တစ်နိုင်ငံလုံးမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အင်အားဘယ်လောက်နဲ့ တာဝန်ယူဆောင်ရွက်သွားပါမလဲ။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေပေါ်မှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အား ဘယ်လောက်နဲ့ တာဝန်ချထား ဆောင်ရွက်သွားမလဲဆိုတာ သိရှိလိုပါတယ်။**

ဖြေ။ သင်္ကြန်ပွဲတော်ကာလမှာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာရှိတဲ့ ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲများ၊ တပ်ဖွဲ့စုများအလိုက် ယာဉ်လမ်းရှင်းလင်းပေးခြင်းနဲ့ ယာဉ်စည်းကမ်းထိန်းသိမ်းပေးခြင်း တာဝန်တွေကို စုစုပေါင်း တပ်ဖွဲ့ဝင်အင်အား ၃၃၆၇ ဦးနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြို့ကြီးတွေဖြစ်တဲ့ နေပြည်တော်မှာ တပ်ဖွဲ့ဝင်အင်အား ၂၆၆ ဦး၊ ရန်ကုန်မှာ တပ်ဖွဲ့ဝင်အင်အား ၁၂၃၉ ဦးတို့နဲ့ မန္တလေးမှာ တပ်ဖွဲ့ဝင်အင်အား ၄၇၅ ဦးတို့နဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။

**မေး။ လမ်းလျှောက်သင်္ကြန် ကျင်းပတဲ့အပေါ်မှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးအနေနဲ့ ဘယ်လိုမြင်ပါသလဲ သိရှိလိုပါတယ်။**

ဖြေ။ လမ်းလျှောက်သင်္ကြန်ပွဲ ကျင်းပတဲ့ နယ်မြေထဲကို ယာဉ်တွေ ဝင်/ထွက်ခွင့် မရှိလို့ ရေကစားသူများ ယာဉ်အန္တရာယ် ကင်းရှင်းစေတဲ့အပြင် ကလေးသူငယ်တွေပါ ပျော်ရွှင်စွာ ရေကစားနိုင်ပါတယ်။ လမ်းလျှောက် သင်္ကြန်ပွဲဟာ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ အားလုံးစိတ်အေးချမ်းမြေ့ပျော်ရွှင်စွာ လမ်းလျှောက်ပြီး ယာဉ်အန္တရာယ်လည်း ကင်းဝေးကာ လည်ပတ်သွားလာနိုင်တဲ့အတွက် အခုလိုကျင်းပတာ အလွန်ကောင်းမွန်မှုရှိကြောင်း ပြောကြားလိုပါတယ်။

**မေး။ မဟာသင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် ယာဉ်မောင်းနှင်မှုနဲ့ ပတ်သက်ပြီး စည်းကမ်းချက်တွေ သတ်မှတ်ထုတ်ပြန်ဖို့ ရှိပါသလား။**

ဖြေ။ မဟာသင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံတင်ပြပြီး ယာဉ်မောင်းသူတွေ လိုက်နာဖို့ - အရက်/မူးယစ်ဆေးဝါး သောက်စား၍ ယာဉ်ကို မောင်းနှင်ခြင်း မပြုရန်။ မဆင်မခြင်အရှိန်ပြင်း မောင်းနှင်ခြင်းမပြုရန်။ တရားဝင်ယာဉ်နံပါတ်ပြားများ ပြည့်စုံစွာ တပ်ဆင်မောင်းနှင်ရန်။ လမ်းပြောင်းပြန် မောင်းနှင်ခြင်း လုံးဝမပြုရန်။ ဘေးတံခါး၊ နောက်တံခါးများ ဖြုတ်၍ မောင်းနှင်ခြင်း မပြုရန်။ သုံးဘီးယာဉ်၊ ပစ်ကပ်ယာဉ်၊ လိုက်ထရပ်ယာဉ်များ သတ်မှတ်လူဦးရေထက် ပိုမိုတင်ဆောင် မောင်းနှင်ခြင်းမပြုရန်။ ကားခေါင်းမိုးပေါ်တက်စီးခြင်း၊ ကခုန်ခြင်းများ မပြုလုပ်ရန်။ ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မေးသိုင်းကြိုးစနစ်တကျ တပ်ဆင်ရန်။ ဆိုင်ကယ်များ စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်း၊ ရင်ပေါင်တန်းမောင်းနှင်ခြင်းများ မပြုလုပ်ရန်။ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောဖြုတ်၍ မောင်းနှင်ခြင်း၊ အသံကျယ်လောင်စွာပြုပြင်၍ မောင်းနှင်ခြင်း၊ သံစုံဟွန်းများ တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရန်။ ကား/ဆိုင်ကယ်မောင်းနှင်စဉ် တယ်လီဖုန်းပြောဆိုခြင်း မပြုရန်။ မော်တော်ဆိုင်ကယ်များကို နှစ်ဦးထက်ပို၍ စီးနင်းမောင်းနှင်ခြင်း၊ လက်နှစ်ဖက်လွှတ်၍ မောင်းနှင်ခြင်း၊ စတန့်ထွင်၍ မောင်းနှင်ခြင်း မပြုရန် စသည်ဖြင့် စည်းကမ်းချက်များထုတ်ပြန်သွားမှာ ဖြစ်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း/ဓာတ်ပုံ-မင်းမင်းလတ် (မန်းတက္ကသိုလ်)**



ယခုနှစ် ပျဉ်းမနားမြို့ လမ်းလျှောက်သင်္ကြန် ကျင်းပရန် ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၁-၄-၂၀၁၉

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၂၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၄၀/၉၈၅ ကျပ် | ၁၀၀၅/၁၀၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀/၉၉၅ ကျပ် | ၁၀၁၅/၁၀၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၉၀/၈၅၀ ကျပ် | ၈၈၅/၉၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၇၀/၉၂၀ ကျပ် | ၉၆၅/၉၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၃ ・ ၈ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၇ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၈ ・ ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၉ ・ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၂ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၃ ・ ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ ・ ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၂ ・ ၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၈ ・ ၁၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၆၁၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ပရီမီယာလိဂ်ပွဲစဉ် (၃၄)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၂-၄-၁၉** |
| လက်စတာ | - | ကာဆယ် | နံနက် ၁း၃၀ |
| **စနေနေ့** | | | **၁၃-၄-၁၉** |
| စပါး | - | ဟက်ဒါဖီးလ် | ည ၆း၀၀ |
| ဘရိုက်တန် | - | ဘုန်းမောက် | ည ၈း၃၀ |
| ဘန်လေ | - | ကာဒစ်ဖ် | ည ၈း၃၀ |
| ဖူလ်ဟမ် | - | အဲဗာတန် | ည ၈း၃၀ |
| ဆောက်သမ်တန် | - | ဝုဖ် | ည ၈း၃၀ |
| မန်ယူ | - | ဝက်စ်ဟမ်း | ည ၁၁း၀၀ |
| **တနင်္ဂနွေနေ့** | | | **၁၄-၄-၁၉** |
| ပဲလေ့စ် | - | မန်စီးတီး | ည ၇း၃၅ |
| လီဗာပူး | - | ချယ်လ်ဆီး | ည ၁၀း၀၀ |
| **တနင်္လာနေ့** | | | **၁၅-၄-၁၉** |
| ဝက်ဖို့ဒ် | - | အာဆင်နယ် | နံနက် ၁း၃၀ |

## လာလီဂါပွဲစဉ် (၃၂)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၁၃-၄-၁၉** |
| အက်စ်ပန်ညို | - | အလာဗက်စ် | ညနေ ၅း၃၀ |
| ဝက်စ်ကာ | - | ဘာစီလိုနာ | ည ၈း၄၅ |
| အက်သလက် | - | ဆယ်တာ | ည ၁၁း၀၀ |
| ဆီဗီလာ | - | ဘက်တစ် | နံနက် ၁း၁၅ |
| **တနင်္ဂနွေနေ့** | | | **၁၄-၄-၁၉** |
| ဗယ်လာဒိုးလစ် | - | ဂီတာဖေး | ညနေ ၄း၃၀ |
| ဘီဘာအို | - | ဗယ်လီကာနို | ည ၆း၃၀ |
| ဆိုစီဒက် | - | အီဘာ | ည ၈း၄၅ |
| ဂျီရိုနာ | - | ဗီလာရီးရဲ | ည ၁၁း၀၀ |
| ဗလင်စီယာ | - | လီဗန်တေး | နံနက် ၁း၁၅ |
| **တနင်္လာနေ့** | | | **၁၅-၄-၁၉** |
| လီဂါနက်စ် | - | ရီးရဲ | နံနက် ၁း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၃၂)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၂-၄-၁၉** |
| နန့်စ် | - | လိုင်ယွန် | နံနက် ၁း၁၅ |
| **စနေနေ့** | | | **၁၃-၄-၁၉** |
| မာဆေး | - | နီမက်စ် | ည ၉း၃၀ |
| ကိန်း | - | အန်ဂျာ | နံနက် ၀၀း၃၀ |
| ဒီဂျွန် | - | အာမီယန် | နံနက် ၀၀း၃၀ |
| မိုနာကို | - | ရိမ်းစ် | နံနက် ၀၀း၃၀ |
| စထရက်ဘော့ချ် | - | ဂူအင်ဂမ့် | နံနက် ၀၀း၃၀ |
| **တနင်္ဂနွေနေ့** | | | **၁၄-၄-၁၉** |
| မောင့်ပယ်လီယာ | - | တူးလောက်စ် | ည ၇း၃၀ |
| ရိန်းနက်စ် | - | နိုက်စ် | ည ၇း၃၀ |
| စိန့်အေတီယန် | - | ဘော်ဒိုး | ည ၉း၃၀ |
| လိုင်လီ | - | ပီအက်စ်ဂျီ | နံနက် ၁း၃၀ |

## စီးရီးအေပွဲစဉ် (၃၂)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၁၃-၄-၁၉** |
| SPAL | - | ဂျူဗင်တပ်စ် | ည ၇း၃၀ |
| ရိုးမား | - | အူဒီးနိစ် | ည ၁၀း၃၀ |
| မီလန် | - | လာဇီယို | နံနက် ၁း၀၀ |
| **တနင်္ဂနွေနေ့** | | | **၁၄-၄-၁၉** |
| တိုရီနို | - | ကက်ဂလီယာရီ | ညနေ ၅း၀၀ |
| ဖီအိုရင်တီးနား | - | ဘိုလော့ဂ်နာ | ည ၇း၃၀ |
| ဆမ်ဒိုးရီးယား | - | ဂျီနိုအာ | ည ၇း၃၀ |
| ဆက်ဆူအိုလို | - | ပါးမား | ည ၇း၃၀ |

## ချန်ပီယံလိဂ်ကွာတားဖိုင်နယ်

| | | | |
|---|---|---|---|
| **အင်္ဂါနေ့** | | | **၁၆-၄-၁၉** |
| ဂျူဗင်တပ်စ် | - | အိုင်းယက်စ် | နံနက် ၁း၃၀ |
| ဘာစီလိုနာ | - | မန်ယူ | နံနက် ၁း၃၀ |
| **ဗုဒ္ဓဟူးနေ့** | | | **၁၇-၄-၁၉** |
| ပေါ်တို | - | လီဗာပူး | နံနက် ၁း၃၀ |
| မန်စီးတီး | - | စပါး | နံနက် ၁း၃၀ |



# လီဗာပူးအတွက် နောက်ဆုံးစာမေးပွဲ

● ဝေမိုးဆက်

ပရီမီယာလိဂ်ပွဲစဉ် ၃၄ မှာတော့ လီဗာပူးနဲ့ ချယ်လ်ဆီးတို့ ဆုံတွေ့မယ့်ပွဲပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့အပြင် ဒီပွဲစဉ်မှာ မန်ယူ၊ မန်စီးတီးတို့ကလည်း ပထမအကျော့မှာ ရှုံးနိမ့်ခဲ့ရတဲ့ ဝက်စ်ဟမ်း၊ ပဲလေ့စ်တို့နဲ့ ပြန်လည်ရင်ဆိုင်ရမှာဖြစ်တာကြောင့် ရှုံးကြွေးပြန်ဆပ်နိုင်ပါ့မလားဆိုတာ စိတ်ဝင်တစားစောင့်ကြည့်ဖို့ကောင်းနေပါတယ်။

### လီဗာပူး Vs ချယ်လ်ဆီး

ပထမအကျော့ရလဒ် - ချယ်လ်ဆီး ၁-၁ လီဗာပူး

လီဗာပူးအတွက် ချန်ပီယံလိဂ်ကြောင့် ပွဲဆက်တွေများနေချိန်ဖြစ်နေတဲ့အတွက် ခြေကုန်ထုတ်နိုင်ဖို့ဆိုတာတော့ ခက်ပါတယ်။ ချယ်လ်ဆီးကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် အမှားမခံတဲ့အခြေအနေရောက်နေတဲ့အတွက် အားစိုက်ကစားနေသလို ခြေစွမ်းပိုင်းလည်း ပြန်လည်ထက်မြက်လာတာတွေ့ရပါတယ်။ သရေကျဖို့များတယ်။

### လက်စတာ Vs ကာဆယ်

ပထမအကျော့ရလဒ် - ကာဆယ် ၀-၂ လက်စတာ

ကာဆယ်က တန်းမဆင်းရရေးအတွက် အမှတ်လိုနေတာကြောင့် အားစိုက်ကစားနေပါတယ်။ ဒါပေမယ့် လက်ရှိခြေစွမ်းပိုင်းကတော့ အားနည်းမှုတွေ ရှိနေပါတယ်။ လက်စတာက ခြေစွမ်းပိုင်းရော တိုက်စစ်ပိုင်းပါ ထက်မြက်နေတာကြောင့် ကာဆယ်ကို ဖိအားပေးသွားနိုင်ဖို့ရှိနေပါတယ်။ အိမ်ကွင်းမှာ လက်စတာ နိုင်ပွဲကပ်ရမယ်။

### ဘရိုက်တန် Vs ဘုန်းမောက်

ပထမအကျော့ရလဒ် - ဘုန်းမောက် ၂-၀ ဘရိုက်တန်

လက်ရှိအချိန်မှာ နှစ်သင်းစလုံးရဲ့ခြေစွမ်းပိုင်း အားနည်းနေတာမှန်ပါတယ်။ ဒါပေမယ့် ဘုန်းမောက်ကတော့ လက်ရှိအချိန်မှာ မျှော်လင့်ချက်အတွက် အားစိုက်ခြေကုန်ထုတ်ရမယ့်အခြေအနေမရှိတော့ဘဲ ဘရိုက်တန်က တန်းမဆင်းရဖို့ ရုန်းကန်ရဦးမယ့် အခြေအနေမှာရှိနေတယ်။ အိမ်ကွင်းလည်းဖြစ်လို့ ဘရိုက်တန်ကိုသာ နှစ်သက်မိပါတယ်။

### စပါး Vs ဟက်ဒါဖီးလ်

ပထမအကျော့ရလဒ် - ဟက်ဒါဖီးလ် ၀-၂ စပါး

ချန်ပီယံလိဂ်ကြောင့် ပွဲဆက်တွေများနေတဲ့ စပါးတို့ ဒီပွဲမှာ ပွဲပန်းမှုတွေ ရှိလာနိုင်ပေမယ့်လည်း ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အရေးပါနေချိန်ဖြစ်တာကြောင့် နိုင်ပွဲရရှိဖို့တော့ ဂရုတစိုက်ကစားသွားမှာ သေချာနေတယ်။ ဟက်ဒါဖီးလ်က တန်းဆင်းခဲ့ရပြီဖြစ်တာကြောင့် ရှုန်းအားရော ခံစစ်ပိုင်းပါကျဆင်းနေပါတယ်။ စပါးပဲနိုင်ပွဲရမယ်။

### ဘန်လေ Vs ကာဒစ်ဖ်

ပထမအကျော့ရလဒ် - ကာဒစ်ဖ် ၁-၂ ဘန်လေ

ကာဒစ်ဖ်က တန်းမဆင်းရဖို့မျှော်လင့်လို့ရနိုင်သေးတာကြောင့် ခြေကုန်ထုတ်လာမှာဖြစ်ပါတယ်။ ဒါပေမယ့် အခုအချိန်မှာ ကာဒစ်ဖ်ရဲ့ခြေစွမ်းပိုင်းနဲ့ ခံစစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေတယ်။ ဘန်လေကတော့ ဒီပွဲအနိုင်ရလိုက်တာနဲ့ တန်းတင်ကျန်ရစ်သွားနိုင်တာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဘန်လေကိုပဲ ရွေးမယ်။

### ဆောက်သမ်တန် Vs ဝုဖ်

ပထမအကျော့ရလဒ် - ဝုဖ် ၂-၀ ဆောက်သမ်တန်

ဆောက်သမ်တန်က တန်းမဆင်းရဖို့အတွက် အမှားခံလို့မရသေးပါဘူး။ ဒါကြောင့်လည်း အခုလိုအိမ်ကွင်းပွဲမှာနိုင်ပွဲရယူနိုင်ရေးအားစိုက်ကစားလာမှာသေချာနေပါတယ်။ ဝုဖ်ကတော့ ခြေစွမ်းပိုင်းကောင်းမွန်တယ်လို့ဆိုနိုင်ပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဆောက်သမ်တန်ကိုသာ နှစ်သက်မိပါတယ်။

### ဖူလ်ဟမ် Vs အဲဗာတန်

ပထမအကျော့ရလဒ် - အဲဗာတန် ၃-၀ ဖူလ်ဟမ်

ဖူလ်ဟမ်က လက်ရှိအချိန်မှာ တန်းဆင်းရဖို့ သေချာသွားခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း ဖူလ်ဟမ်တို့ ရှုန်းအားကျဆင်းသွားနိုင်သလို ခံစစ်ပိုင်းကလည်းကျစ်လျစ်မှုမရှိတာကြောင့် အိမ်ကွင်းဖြစ်ပေမယ့်အဲဗာတန်ကို ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ အထူးသဖြင့် အဲဗာတန်က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းတည်ငြိမ်လို့ အဲဗာတန်နဲ့သာ ရပ်တည်ရမယ်။

### မန်ယူ Vs ဝက်စ်ဟမ်း

ပထမအကျော့ရလဒ် - ဝက်စ်ဟမ်း ၃-၁ မန်ယူ

မန်ယူက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကျဆင်းနေသလို ချန်ပီယံလိဂ်လည်းရှိနေလို့ ဒီပွဲမှာ ခြေကုန်ထုတ်နိုင်ဖို့ခက်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်တဲ့အပြင် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့လည်း အရေးပါနေချိန်ဖြစ်တာကြောင့် မန်ယူတို့အမှားတော့ခံမှာမဟုတ်ပါဘူး။ ဝက်စ်ဟမ်းကလည်း ခံစစ်ပိုင်းအနည်းငယ်အားနည်းတတ်လို့ မန်ယူကပ်နိုင်မယ်။

### ပဲလေ့စ် Vs မန်စီးတီး

ပထမအကျော့ရလဒ် - မန်စီးတီး ၂-၃ ပဲလေ့စ်

ချန်ပီယံဆုရယူနိုင်ဖို့အတွက် မန်စီးတီးတို့ ပွဲတိုင်းကို အားစိုက်ကစားနေတယ်။ လက်ရှိအချိန်မှာ မန်စီးတီးရဲ့တိုက်စစ်ပိုင်းက ဂိုးသွင်းခြေကျဆင်းလာပေမယ့် ခံစစ်ပိုင်းကတော့ ကောင်းမွန်နေပါတယ်။ ဒါ့အပြင်မန်စီးတီးချန်ပီယံလိဂ်ကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပေမယ့် အမှားတော့ခံမှာမဟုတ်ပါဘူး။ မန်စီးတီးကိုပဲ အရဲစွန့်ရွေးမယ်။

### ဝက်ဖို့ဒ် Vs အာဆင်နယ်

ပထမအကျော့ရလဒ် - အာဆင်နယ် ၂-၀ ဝက်ဖို့ဒ်

ယူရိုပါလိဂ်ပွဲတွေကြောင့် အာဆင်နယ်ပွဲပန်းမှုတွေ ရှိနေနိုင်ပါတယ်။ အာဆင်နယ်အနေနဲ့ အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းအနည်းငယ် ကျဆင်းတတ်ပါတယ်။ အထူးသဖြင့် ဝက်ဖို့ဒ်က အိမ်ကွင်းပွဲတွေမှာဆိုရင် ခြေစွမ်းပိုင်းက ပိုမိုကောင်းမွန်တတ်တယ်။ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အာဆင်နယ် အားစိုက်ပေမယ့်နိုင်ရင်တောင် ဂိုးမပြတ်ဘူး။



## ချယ်လ်ဆီး၏အနာဂတ်တွင် ဒရင့်ဝါးတား မပါဝင်တော့ကြောင်း မန်နေဂျာ ဆာရီ ပြောဆို

ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား ဒန်နီဒရင့်ဝါးတား၏ ကစားဟန်သည် မိမိ၏ နည်းစနစ်များနှင့် ကိုက်ညီမှုမရှိသောကြောင့် အသင်း၏ အနာဂတ်တွင် ဒရင့်ဝါးတား ပါဝင်ခြင်းမရှိတော့ကြောင်း ချယ်လ်ဆီးအသင်း မန်နေဂျာ ဆာရီက ထုတ်ဖော်ပြောဆိုလိုက်သည်။

အင်္ဂလန်ကစားသမား ဒရင့်ဝါးတား (၂၉ နှစ်) သည် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် လက်စတာအသင်းမှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်းဖြင့် ပြောင်းရွှေ့လာကာ ငါးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုထားသူ ဖြစ်သည်။ ကွင်းလယ်ကစားသမား ဒရင့်ဝါးတားသည် ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအတွက် ကွန်မြူနတီဒိုင်းပွဲ တစ်ပွဲတည်းတွင်သာ ပါဝင်ကစားခွင့်ရရှိထားသူဖြစ်သည်။

မန်နေဂျာ ဆာရီက “ဒရင့်ဝါးတားဟာ ချယ်လ်ဆီးအသင်းအတွက် နောက်ထပ် ပါဝင်ကစားခွင့် ရရှိတော့မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ကစားပုံက ကျွန်တော့်နည်းစနစ်၊ နည်းဗျူဟာတွေနဲ့ ကိုက်ညီမှုမရှိတာကြောင့်ပါ။ ဒရင့်ဝါးတားကို အသင်းမှာ အသုံးမပြုတော့ဖို့ ဆုံးဖြတ်ခဲ့ခြင်းက မှားယွင်းကောင်း မှားယွင်းနိုင်ပါတယ်။ ဒါပေမယ့် ဒါက ကျွန်တော့်ရဲ့ရွေးချယ်မှုပါ။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက ကျွန်တော်နဲ့ ဒရင့်ဝါးတားတို့ စကားပြောဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ကစားသမားအပြောင်းအရွှေ့ဈေးကွက်က ဖွင့်လှစ်ထားဆဲပါ။ ကျွန်တော်က ဒရင့်ဝါးတားကို အသင်းမှာ ပါဝင်ကစားခွင့် ရရှိတော့မှာမဟုတ်လို့ အသင်းသစ်ရှာဖွေဖို့ ပြောဆိုခဲ့ပါတယ်။ ဘာကြောင့် သူအသင်းသစ်မရှာဖွေလဲဆိုတာကိုတော့ ကျွန်တော် မသိပါဘူး။ ဖြစ်နိုင်တာကတော့ ကျွန်တော်တို့အနေနဲ့ နည်းဗျူဟာတွေကို ပြောင်းလဲလိမ့်မယ်လို့ သူတွေးထင်လို့ ဖြစ်နိုင်ပါတယ်။ ကျွန်တော်နဲ့ ဒရင့်ဝါးတားတို့ကြားမှာ အလွန်ကောင်းမွန်တဲ့ ဆက်ဆံရေးရှိပါတယ်။ ဒါပေမယ့် ဒရင့်ဝါးတားဟာ ကျွန်တော့်ရဲ့နည်းဗျူဟာတွေနဲ့ မကိုက်ညီပါဘူး” ဟု ပြောဆိုခဲ့သည်။

လက်စတာအသင်းနှင့်အတူ ပရီမီယာလိဂ် ချန်ပီယံဆုဖလား ရယူနိုင်ခဲ့သူ ကွင်းလယ်ကစားသမား ဒရင့်ဝါးတားသည် ချယ်လ်ဆီးအသင်းအတွက် စုစုပေါင်း ၂၃ ပွဲ ပါဝင်ကစားခဲ့ကာ တစ်ဂိုးသွင်းယူထားသူဖြစ်သည်။

**ထက်အောင်**



## မန်ယူအသင်း ချန်ပီယံလိဂ်ဝင်ခွင့် ဆုံးရှုံးပါက ကစားသမားများ လုပ်ခငွေ လျှော့ချခံရမည်

ပရီမီယာလိဂ် မန်ယူအသင်းအနေဖြင့် လာမည့် ၂၀၁၉-၂၀၂၀ ပြည့် နှစ် ဘောလုံးရာသီ၏ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခြင်းမရှိခဲ့ပါက မန်ယူကစားသမားများသည် လက်ရှိလုပ်ခငွေ၏ ၂၅ ရာခိုင်နှုန်းကို လျှော့ယူရမည်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မန်ယူအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပွဲစဉ် ၃၂ ကစားပြီးချိန်၌ ရမှတ် ၆၁ မှတ်ဖြင့် အမှတ်ပေးဇယား၏ အဆင့် ၆ နေရာတွင်သာ ရပ်တည်နေရပြီး ချန်ပီယံလိဂ်ဝင်ခွင့် ရရှိနိုင်မည့် အဆင့် ၄ နေရာမှ စပါးအသင်းထက် ရမှတ်သုံးမှတ် လျော့နည်းနေခြင်းကြောင့် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိရေး မရေမရာဖြစ်နေသည့်အသင်းဖြစ်သည်။ မန်ယူအသင်းသည် ပရီမီယာလိဂ်လက်ကျန်ခြောက်ပွဲအဖြစ် အိမ်ကွင်းတွင် ဝက်စ်ဟမ်း၊ မန်စီးတီး၊ ချယ်လ်ဆီး၊ ကာဒစ်ဖ်အသင်းတို့နှင့်လည်းကောင်း၊ အဝေးကွင်းတွင် အဲဗာတန်၊ ဟက်ဒါဖီးလ်အသင်းတို့နှင့်လည်းကောင်း ယှဉ်ပြိုင်ရမည် ဖြစ်သည်။

မန်ယူနှင့် ကစားသမားများ ချုပ်ဆိုထားသည့် စာချုပ်များတွင် ချန်ပီယံလိဂ် ဝင်ခွင့်ရရှိခြင်းမရှိပါက ကစားသမားများ၏ လုပ်ခငွေအနက်မှ ၂၅ ရာခိုင်နှုန်းအား လျှော့ချသွားမည်ဖြစ်သည်ဟု ထည့်သွင်းချုပ်ဆိုထားသည်ဟုဆိုသည်။

မန်ယူအသင်းအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့် ဆုံးရှုံးပြီး ကစားသမားများ လုပ်ခငွေ လျှော့ချခံရမည့်အခြေအနေ ရှိနေခြင်းသည် မန်ယူကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာအား ခေါ်ယူရန် စိတ်ဝင်စားနေသည့် ရီးရဲမက်ဒရစ်အသင်းအတွက် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်လာနိုင်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ပြင်သစ်ကစားသမား ပေါ့ဂ်ဘာသည် မန်ယူအသင်းနှင့်အတူ ၂၀၁၆-၁၇ ခုနှစ်ဘောလုံးရာသီတွင် ယူရိုပါလိဂ် ချန်ပီယံဆုဖလား ရယူနိုင်ခဲ့ပြီးနောက် ၎င်း၏ လုပ်ခငွေမှာ တစ်ပတ်လျှင် ပေါင် ၃၀၀၀၀၀ အထိ တိုးမြင့်လာခဲ့သည်။ သို့သော်လည်း မန်ယူအသင်းအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်မရရှိပါက ပေါ့ဂ်ဘာအနေဖြင့် လုပ်ခငွေအများအပြား လျော့ကျဖွယ်ရှိနေသည်။

မန်ယူအသင်းမန်နေဂျာ အိုလေ ဂန်နာဆိုးလ်ရှားကမူ ပေါ့ဂ်ဘာအနေဖြင့် လာမည့် ရာသီတွင် မန်ယူအသင်း ကစားသမားအဖြစ် ရှိမနေစရာအကြောင်းအရင်းမရှိဟု ပြောဆိုထားသည်။

မန်ယူအသင်းနှင့် ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာတို့ လက်ရှိချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ နှစ်နှစ်ကျန်ရှိနေသေးသည်။ **ထက်အောင်**

## PFA ဆုအတွက် စတာလင်းအား မဲပေးခဲ့သည်ဟု လီဗာပူးခံစစ်မှူး ဗန်ဒိုက်ခ် ဖွင့်ဟ

လီဗာပူးအသင်း၏ အဓိကဗဟို ခံစစ်မှူး ဗန်ဒိုက်ခ်က ၂၀၁၈-၁၉ ခုနှစ် ဘောလုံးရာသီအတွက် PFA Player's Player of the Year ဆုအတွက် မန်စီးတီးအသင်း တောင်ပံတိုက်စစ်ကစားသမား စတာလင်းအား မဲပေးခဲ့ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အဆိုပါဆုအတွက် ဟော်လန်ကစားသမား ဗန်ဒိုက်ခ်သည် ရေပန်းအစားဆုံးဖြစ်နေကာ အင်္ဂလန်ကစားသမား စတာလင်းနှင့် မန်စီးတီးအသင်း ကစားသမားတစ်ဦးဖြစ်သူ ပေါ်တူဂီ ကွင်းလယ်ကစားသမား ဘာနာဒို ဆေးလ်ဗားတို့လည်း ရေပန်းစားလျက်ရှိသည်။ မဲပေးမှုစည်းကမ်းသတ်မှတ်ချက်အရ ကစားသမားတစ်ဦးသည် မိမိ ပါဝင်ကစားနေသည့် အသင်းမှ ကစားဖော်များကို မဲပေးခွင့် ပိတ်ပင်ထားသည်။ ခံစစ်မှူး ဗန်ဒိုက်ခ်၏ လီဗာပူးအသင်း ကစားဖော်များသည်လည်း ကွင်းလယ်ကစားသမား စတာလင်းအား မဲပေးသွားမည်ဟု ပြီးခဲ့သည့် သီတင်းပတ်အတွင်းက သတင်းများ ထွက်ပေါ်ခဲ့သည်။

ခံစစ်မှူး ဗန်ဒိုက်ခ်သည် ယခုနှစ် ဘောလုံးရာသီတွင် လီဗာပူးအသင်းခံစစ်အတွက် အကောင်းဆုံး ခြေစွမ်းပြ ကစားနေသူဖြစ်ကာ လီဗာပူးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၌ သွင်းဂိုး ၂၀ သာ ခွင့်ပြုထားရသေးကာ ပေးဂိုးအနည်းဆုံးအသင်းအဖြစ် ရပ်တည်နေသည်။

ခံစစ်မှူး ဗန်ဒိုက်ခ်က “PFA Player's Player of the Year ဆု အတွက် စတာလင်းကို ကျွန်တော် မဲပေးခဲ့ပါတယ်။ သူဟာ ဒီဆုနဲ့ ထိုက်တန်တယ်လို့ ကျွန်တော်ထင်တာကြောင့် အခုလို မဲပေးခဲ့တာပါ။ ဒီရာသီက စတာလင်းအတွက် တကယ့်ကို ကောင်းမွန်တဲ့ရာသီဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘာနာဒိုဆေးလ်ဗား ဒါမှမဟုတ် အခြား မန်စီးတီးကစားသမားတွေကိုလည်း မဲပေးလို့ရပါတယ်။ ဒါပေမယ့် ပွင့်ပွင့်လင်းလင်းပြောရရင် စတာလင်းဟာ အများကြီးတိုးတက်လာတဲ့ ကစားသမားဖြစ်တာကြောင့် သူ့ကို မဲပေးခဲ့တာ ဖြစ်ပါတယ်။ ဒီဆုကို စတာလင်း ရရှိမလားဆိုတာကိုတော့ စောင့်ကြည့်ရမှာပါ”ဟု ပြောဆိုခဲ့သည်။

တောင်ပံတိုက်စစ်ကစားသမား စတာလင်းကမူ PFA Player's Player of the Year ဆု အတွက် မဲပေးရာတွင် စပါးအသင်းမှ အင်္ဂလန်အသင်းကစားဖော် တိုက်စစ်မှူး ဟယ်ရီကိန်းအား မဲပေးခဲ့သည်ဟု ယုံကြည်ရကြောင်း The Guardian သတင်းစာက ရေးသားဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ခုနှစ် ဘောလုံးရာသီအတွက် PFA Player's Player of the Year ဆုအား လီဗာပူးအသင်းတိုက်စစ်ကစားသမား မိုဟာမက်ဆာလက်က ရရှိထားသည်။ **ထက်အောင်**

# ကြိုးကြာနီရဲ့တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဘယ်သူရမလဲ

**အောင်က**

**လီဗာပူးအသင်းဟာ ပြီးခဲ့တဲ့နှစ်ပိုင်းအတွင်း ဂျာဂျင်ကလော့ရဲ့လက်အောက်မှာ သိသိသာသာတိုးတက်မှုတွေ ရရှိလာခဲ့တယ်။ သူ့ရဲ့အသင်းကို အကောင်းဆုံးတည်ဆောက်မှုတွေကတော့ အောင်မြင်တယ်လို့ဆိုရလောက်အောင် ပရီမီယာလိဂ်မှာသာမက ဥရောပအသင်းတွေကြားမှာပါ ဝင်ဆံ့လာခဲ့တယ်။ အခုဆိုရင်လည်း လီဗာပူးအသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ထိပ်ဆုံးမှာရပ်တည်နေပြီး မန်စီးတီးအသင်းနဲ့ ၂ မှတ်အကွာမှာ ရှိနေတယ်။ ဒါပေမယ့်လီဗာပူးအသင်းအနေနဲ့ ကစားဖို့ ငါးပွဲသာကျန်နေသေးပေမယ့် မန်စီးတီးအသင်းကတော့ ခြောက်ပွဲကျန်နေသေးတာကြောင့် မန်စီးတီးရဲ့လက်ထဲမှာ တစ်ပွဲရှိနေတယ်လို့ဆိုရမယ်။ ဒီနှစ်ရာသီမှာ လီဗာပူးအသင်းအနေနဲ့ အခုလိုရလဒ်ကောင်းတွေရရှိနေဖို့ အဓိကအခန်းကဏ္ဍမှာ ပါဝင်နေတဲ့ကစားသမားတွေလည်းရှိတယ်။ သူတို့ဟာ လီဗာပူးအသင်းရဲ့တစ်နှစ်တာအကောင်းဆုံးကစားသမားဆုရဖို့အတွက် အဓိကဖြစ်နေတဲ့ကစားသမားတွေလည်း ဖြစ်ပါတယ်။ ဒါပေမယ့်သူတို့ထဲမှာ ဘယ်သူတွေကဒီဆုအတွက် ထိုက်တန်ဆုံးလဲ။**

**ဗန်ဒိုက်ခ်**


ဒီနှစ်ရာသီမှာတော့ ဗန်ဒိုက်ခ်လောက် လီဗာပူးအသင်းအပေါ်အကျိုးပြုနိုင်တဲ့ကစားသမားမရှိဘူးလို့ ပြောရမှာပါ။ သူဟာ ဒီတစ်ရာသီလုံးအသင်းရဲ့ ခံစစ်ပိုင်းအတွက် အဓိကအကျဆုံးသူဖြစ်သလို ခြေစွမ်းပိုင်းကလည်း မကျတမ်း ကစားနိုင်စွမ်းရှိသူလို့ ပြောရမှာပါ။ ဗန်ဒိုက်ခ်ဟာ ဒီနှစ်ရာသီမှာလည်း အသင်းနဲ့အတူ ပွဲတိုင်းနီးပါး ပါဝင်ကစားထားသူလည်း ဖြစ်ပါတယ်။ သူဟာအသင်းကို ဂိုးမပေးရရေးအတွက် ၁၆ ကြိမ်ကာကွယ်မှုပေးထားသူဖြစ်ပြီး ပရီမီယာလိဂ်ရဲ့ အကောင်းဆုံး ခံစစ်ကစားသမားတစ်ဦး အဖြစ် ရပ်တည်နေသူလည်း ဖြစ်ပါတယ်။ တကယ်တော့ လီဗာပူးအသင်းဟာ ဗန်ဒိုက်ခ်ကို ပေါင် ၇၅ သန်း အထိ အသုံးပြုပြီးခေါ်ယူခဲ့ရတာ ဖြစ်ပါတယ်။ ခေါ်ယူခဲ့စဉ်ကသူ့ရဲ့ပြောင်းရွှေ့ကြေးနဲ့ပတ်သက်ပြီး ဝေဖန်မှုတွေရှိနေခဲ့ပေမယ့် အခုတော့ သူ့ရဲ့ခြေစွမ်းကြောင့် သူ့ရဲ့တန်ကြေးကပေါင်သန်း ၁၀၀ အထိတောင် တက်သွားခဲ့ပါတယ်။ ဗန်ဒိုက်ခ်ရဲ့အားသာချက်က မြင့်မားတဲ့အရပ်အမောင်းကြောင့် အမြင့်ဘောတွေနဲ့ ပတ်သက်လာရင်ပိုင်နိုင်သူတစ်ဦး ဖြစ်ပါတယ်။ သူဟာဒီနှစ်ရာသီမှာ လီဗာပူးအသင်းအတွက် သုံးဂိုး သွင်းယူပေးပြီး ဂိုးရရှိဖို့အတွက် တစ်ကြိမ် ပံ့ပိုးပေးထားသူဖြစ်ပါတယ်။ ဒါကြောင့်လည်း လီဗာပူးအသင်းရဲ့တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုအတွက် အဖြစ်နိုင်ဆုံး ကစားသမားအဖြစ် ဗန်ဒိုက်ခ်က ထိပ်ဆုံးမှာရှိနေတာပါ။

**ရော်ဘက်ဆန်**

ရော်ဘက်ဆန်ဟာ ဒီနှစ်ရာသီမှာ လီဗာပူးအသင်းရဲ့နောက်တန်းခံစစ်ပိုင်းကိုအတောင့်တင်းဆုံးဖြစ်ဖို့အတွက် အဓိကကျတဲ့ အစိတ်အပိုင်းအဖြစ်ရှိနေခဲ့သူဖြစ်ပါတယ်။ သူဟာလီဗာပူးအသင်းရဲ့နောက်တန်းဘယ်အစွန်နေရာကို ပိုင်စိုးထားသူလည်းဖြစ်ပါတယ်။ သူဟာအသင်းရဲ့ကစားဖော်တွေကို ဂိုးသွင်းယူနိုင်ဖို့အတွက်အကောင်းဆုံးပံ့ပိုးပေးထားသူလည်းဖြစ်ပါတယ်။

ရော်ဘက်ဆန်ဟာဒီနှစ်ရာသီမှာ လီဗာပူးအသင်းနဲ့အတူ ပရီမီယာလိဂ် ၃၃ ပွဲမှာ ၃၁ ပွဲပါဝင်ကစားထားပြီး ဂိုးရရှိဖို့အတွက် ကိုးကြိမ်တိုင်ပံ့ပိုးပေးထားသူဖြစ်ပါတယ်။ သူဟာလီဗာပူးအသင်းအတွက် အရေးပါတဲ့ကစားသမားတစ်ဦးအဖြစ်သာမက စကော့တလန်အသင်းအတွက် အဓိကကျတဲ့ ခေါင်းဆောင်တစ်ဦးလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း သူဟာပြီးခဲ့တဲ့နှစ်ပိုင်းတွေအတွင်း လီဗာပူးအသင်းရဲ့အကောင်းဆုံးခေါ်ယူမှုတစ်ခုလို့လည်း ပြောရမှာ ဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ရော်ဘက်ဆန်ကို ၂၀၁၇ ခုနှစ်က ဟားလ်အသင်းကနေ ပေါင် ၈ သန်းနဲ့ခေါ်ယူခဲ့တာဖြစ်ပါတယ်။ အခုဆိုရင်သူ့ရဲ့တန်ကြေးကလည်း ဈေးကွက်အရ ပေါင်သန်း ၅၀နဲ့အထက်ရှိနေပြီ ဖြစ်ပါတယ်။ ဒါကြောင့်လည်းအသက် ၂၅ နှစ်သာရှိသေးတဲ့ ရော်ဘက်ဆန်ဟာ ဗန်ဒိုက်ခ် ပြီးရင်တော့ လီဗာပူး အသင်းရဲ့ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆု ကို အရသင့်ဆုံးသူလို့လည်းပြောရမှာဖြစ်ပါတယ်။







**ဆာလက်**

မိုဟာမက်ဆာလက်ဟာ ပြီးခဲ့တဲ့ ရာသီကတော့ မယုံနိုင်လောက်တဲ့ရာသီတစ်ခုကို ပိုင်ဆိုင်ခဲ့ရသူလို့ ပြောရမှာပါ။ သူ့ရဲ့ကူညီပေးမှုနဲ့အတူ လီဗာပူးအသင်းရဲ့ရလဒ်ပိုင်းကလည်း အကောင်းဆုံးရှိခဲ့သလို သူဟာ ၃၂ ဂိုးအထိ သွင်းယူနိုင်ခဲ့ပါတယ်။ ဒီနှစ်ရာသီမှာတော့ သူ့ရဲ့ခြေစွမ်းဟာ ပြီးခဲ့တဲ့ရာသီကိုမမီပေမယ့် သူဟာ ပရီမီယာလိဂ်ရဲ့ ဂိုးသွင်းအကောင်းဆုံး ကစားသမားတစ်ဦးဖြစ်တယ်ဆိုတာကိုတော့ သံသယဖြစ်စရာ မလိုပါဘူး။

သူဟာဒီနှစ်ရာသီမှာတော့ ပွဲတော်တော်များများမှာ ဂိုးမိုးခေါင်ခဲ့မှုတွေရှိနေခဲ့ပေမယ့် လက်ရှိအချိန်မှာ ၁၈ ဂိုးအထိ သွင်းယူပေးထားပြီး ဂိုးရရှိဖို့အတွက် ရှစ်ကြိမ်တိုင်ပံ့ပိုးပေးထားသူဖြစ်ပါတယ်။ ဖာမီနို၊ မာနေးတို့ ဂိုးသွင်းယူနိုင်ဖို့အတွက် အဓိကကျတဲ့နေရာမှာရှိနေတဲ့သူလည်း ဖြစ်ပါတယ်။ သူဟာ ဒီနှစ်ရာသီမှာတော့ အသင်းနဲ့အတူ ပရီမီယာလိဂ် ၃၃ပွဲလုံးပါဝင်ကစားထားသူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီကုန်မှာတော့ ဆာလက်ဟာ လီဗာပူးအသင်းရဲ့တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုအတွက် ရသင့်တဲ့ကစားသမားတစ်ဦးလို့ ပြောရတာဖြစ်ပါတယ်။ ။

**လီဗာပူးအသင်းရဲ့တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုအတွက် အဖြစ်နိုင်ဆုံး ကစားသမားအဖြစ် ဗန်ဒိုက်ခ်က ထိပ်ဆုံးမှာ ရှိနေတာဖြစ်**

# ကျွန်းသင်္ကြန်ပွဲတော်ဆင်နွှဲဖို့ မြိတ်ကျွန်းစုသို့ အရောက်သွားစို့

**ဇော်မျိုးနိုင် (မြိတ်)**

**ကမ္ဘာကျော်မြန်မာ့ပုလဲနှင့် ရိုးသားဖြူစင်လှသည့် ပင်လယ်ပျော်မော်ကင်း(ဆလုံ)လူမျိုးတို့ သန္ဓေတည်ရာ မြိတ်ကျွန်းစုသည် စိမ်းလန်းစိုပြည်သည့် တောတောင်များနှင့် ကြည်လင်စိမ်းမြမြ ရေပြင်အထက်တွင် ရင်သပ်ရှုမောဖွယ် လှပနေသည့် ပင်လယ်ကျွန်းများကြောင့် လူသိများကျော်ကြားလာပြီး ဘဝအမောဖြေဖျောက်ပေးသည့် နေရာအဖြစ် ခရီးသွားပြည်သူများအကြား ရေပန်းစားလာလျက်ရှိသည်။**



ပင်လယ်ကျွန်းများသို့ ပို့ဆောင်ပေးရန် အသင့်အနေအထားဖြစ်နေသော မော်တော်ဘုတ်များကို တွေ့ရစဉ်။

ယခုအခါ မြန်မာ့ရိုးရာမဟာသင်္ကြန်ရေသဘင်ပွဲတော်ရက်များတွင် မြိတ်ကျွန်းစုမှ ပင်လယ်ကျွန်းများသို့ သွားရောက်၍ ကျွန်းသင်္ကြန်ပွဲဆင်နွှဲရန် ပင်လယ်ကျွန်းခရီးသွားကုမ္ပဏီများနှင့်ဆက်သွယ်ကာ ခရီးစဉ်များတွင် လိုက်ပါရန်စာရင်းပေးသွင်းသည့် ခရီးသွားဧည့်သည်များ အများအပြားရှိနေပြီဖြစ်ရာ ပင်လယ်ကျွန်းသင်္ကြန်ပွဲသို့ ပို့ဆောင်ပေးမည့် ခရီးသွားကုမ္ပဏီများသည်လည်း ခရီးသည်များအတွက် ပြည့်စုံကောင်းမွန်သည့် ဝန်ဆောင်မှုပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်သည်။

လက်ရှိတွင် မြိတ်ကျွန်းစုရှိ ပင်လယ်ကျွန်းများဖြစ်သည့် စမတ်ကျွန်း(ပါပန့်ကျွန်း)၊ ဒုံးညောင်မှိုင်း၊ ဒုံးရေတံခွန်၊ သမီးလှကျွန်း၊ လေးကျွန်း၊ ကြယ်လိပ်ကျွန်း၊ ခနသိဒ္ဓိကျွန်း၊ ဘောလီကျွန်း (ဂျာဘုတ်ကျွန်း) တို့မှာ သဘာဝအလှတရားများဖြင့် ပြည့်စုံလွန်းသဖြင့် ခရီးသွားဧည့်သည်များအကြား ရေပန်းစားနေသည့်ကျွန်းများဖြစ်ကာ မြိတ်မြို့မှ ခရီးသွားလုပ်ငန်း ၃၃ ခုက အဆိုပါကျွန်းများသို့ သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ပို့ဆောင်ပေးသွားမည်ဖြစ်သည်။

**စမတ်ကျွန်း**

စမတ်ကျွန်းသည် မြိတ်မြို့မှ ရေမိုင် ၄၁ မိုင်အကွာတွင်ရှိကာ ကျွန်း၏တစ်ဖက်ကမ်းခြေမှာ သဲဖြူဖြူများဖြင့် လှပသည့် ကမ်းခြေအဖြစ် တည်ရှိနေပြီး ကျန်ကျွန်းတစ်ဖက်ခြမ်းမှာ အရောင်သွေးစုံလှသည့် လှပသည့် ကျောက်တုံးများဖြင့် သဘာဝအလျောက် အစီအရီတည်ရှိနေသည့် ကျောက်စရစ်ကမ်းခြေဖြစ်သည်။ စိမ်းမြမြပင်လယ်ပြင်အထက် စိမ်းစိုသည့် တောအုပ်များဖြင့် ခရီးသွားပြည်သူများအကြား ရေပန်းစားနေသည့် ကျွန်းဖြစ်သည်။ ကမ်းခြေတွင် ရေကူးနိုင်သကဲ့သို့ လှပသောရေအောက် သန္တာကျောက်တန်းများကို ရေငုပ်ကိရိယာများဖြင့် ရေငုပ်လေ့လာနိုင်ပြီး ခရီးစဉ်ပို့ဆောင်သူများက ရေငုပ်ကိရိယာများကို အဆင်သင့်ဆောင်ရွက်ပေးထားသည်။

**ဒုံးညောင်မှိုင်း**

ဒုံးညောင်မှိုင်းသည် မြိတ်မြို့မှ ရေမိုင် ၄၈ မိုင်အကွာတွင်ရှိကာ ရိုးသားဖြူစင်သည့် ပင်လယ်ပျော်မော်ကင်း (ဆလုံ) လူမျိုးများ နေထိုင်သည့်ရွာ ကျွန်းလေးတစ်ခုဖြစ်သည်။ လှပသည့် ကျွန်း၏အလှတရားကို ရှုစားရင်း ကမ္ဘာကျော်သည့် ပင်လယ်ပျော်မော်ကင်းတို့၏ ချစ်စဖွယ်ဘဝနေထိုင်မှုဓလေ့ကို လေ့လာနိုင်သဖြင့် ခရီးသွားပြည်သူများ အကြိုက်တွေ့လျက်ရှိကြသည်။

**ဒုံးရေတံခွန်**

ရေပတ်လည်ဝန်းရံနေသည့် ဆားငန်ပင်လယ်ရေပြင်အလယ်တွင် ထူးထူးခြားခြား ရေချိုရေတံခွန်ကြီးတစ်ခု တည်ရှိနေမှုကို တအံ့တသြမြင်တွေ့ရမည့် ဒုံးရေတံခွန်သည် မြိတ်မြို့မှ ရေမိုင် ၃၈ မိုင်ကွာ ဒုံးညောင်မှိုင်းရွာအနီးတွင် တည်ရှိကာ သဘာဝတရားက အံ့သြမှင်သက်ဖွယ် လှလှပပဖန်တီးပေးထားသည်။

**ဘောလီကျွန်း**

မြိတ်ဒေသခံများက ဂျာဘုတ်ကျွန်းဟုခေါ်လေ့ရှိသည့် ဘောလီကျွန်းသည် မြိတ်မြို့မှ စပီဘုတ်ဖြင့် သွားရောက်ပါက နှစ်နာရီခွဲမျှအကြာတွင် ရောက်ရှိမည်ဖြစ်ကာ မြိတ်ကျွန်းစု၏ လျှို့ဝှက်ရတနာကျွန်းဟု တင်စားလောက်သည်။ ရေအောက်အလှအပများ၊ အရောင်အသွေးစုံ ငါးငယ်လေးများ အုပ်စုလိုက်ကူးခတ်နေပုံကို ရေငုပ်ကြည့်ရှုခံစားရန် အကောင်းဆုံးနေရာတစ်ခုဖြစ်ကာ ရေပြာအိုင်ကမ်းခြေ၊ သဲသောင်ကမ်းခြေများဖြင့် လှပလျက်ရှိသဖြင့် ခရီးသွားများအကြား ရေပန်းစားလျက်ရှိသည်။

ကျွန်တော်တို့သည် နေ့စဉ်နေ့တိုင်း မိသားစုစားဝတ်နေရေးနှင့် ဘဝရပ်တည်ရေးအတွက် နေရာဒေသအသီးသီးတွင် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အလုပ်လုပ်ရင်း အချိန်ကုန်နေကြရသည်။ ထို့ကြောင့် ယခုကဲ့သို့သော မြန်မာနှစ်သစ်ကူး သင်္ကြန်ပွဲတော် အားလပ်ရက်ရှည်များတွင် မိသားစုအလိုက်ဖြစ်စေ၊ ချစ်သူခင်သူများဖြင့်ဖြစ်စေ ခရီးသွားရင်း ဘဝအမောဖြေဖျောက်ရန် ဆန္ဒရှိပါက မြိတ်မြို့သို့ အလည်လာရောက်ကာ မြိတ်ကျွန်းစု၏ ကျွန်းသင်္ကြန်ပွဲတော်ကို ဆင်နွှဲရင်း မြန်မာ့အလှတရားများ ပိုင်ဆိုင်ထားမှုကို ဂုဏ်ယူနိုင်စေရန် လာရောက်ကြည့်ရှုခံစားလှည့်ပါဟု ဖိတ်ခေါ်လိုက်ရပါသည်။ ။



မြိတ်ကျွန်းစုများမှ ကြယ်လိပ်ကျွန်း။

---

## ရော်ဘာဈေးနှုန်း အနည်းငယ် မြင့်တက်လာသော်လည်း အထွက်နှုန်းလျော့နည်း

**သုဝဏ္ဏဝတီ ဧပြီ ၁၁**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ပတ်ဝန်းကျင်ကျေးရွာများမှ တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ပျိုးသူများသည် ယခုနွေရာသီတွင် ရော်ဘာအထွက်နှုန်း လျော့ကျသည့်အတွက် ရော်ဘာပြားရရှိမှု နည်းလာပြီး ရော်ဘာဈေးနှုန်း အနည်းငယ် တိုးမြှင့်ဝယ်ယူလာရကြောင်း ရော်ဘာရောင်းဝယ်သူများထံမှ သိရသည်။



မွန်ပြည်နယ်ရှိ ရော်ဘာအဝယ်ဒိုင်တစ်ခုကို တွေ့ရစဉ်။

"ရော်ဘာတစ်ပေါင်ဈေးနှုန်းက အခုနှစ်ရာသီစကတည်းက မှိုင်းကျတစ်ပေါင်ကျပ် ၈၀၀ အောက် ဝန်းကျင်လောက်ပဲ ရပါတယ်။ အခု ဒေသပေါက်ဈေး မှိုင်းကျတစ်ပေါင်ကျပ် ၈၄၀ ရပါတယ်။ ဒီနှစ် ရော်ဘာဈေးနှုန်းက တည်ငြိမ်နေပြီး ပုံမှန်ဈေးလောက်ပဲရတယ်။ ဈေးလည်း မရှာဘူး။ ရော်ဘာရာသီလည်း ကုန်တော့မယ်။ ဒီနှစ်အတွက် ရော်ဘာတောင်သူတွေအနေနဲ့တော့ သိပ်အဆင်မပြေပါဘူး" ဟု ဝင်းပကျေးရွာမှ တစ်နိုင်တစ်ပိုင် ရော်ဘာခြံလုပ်ကိုင်သူတစ်ဦးက ပြောသည်။

"အဝယ်ကတော့ လျော့နည်းသွားပါတယ်။ ရာသီအစမှာ ပေါင်တစ်သောင်းကျော် နေ့စဉ်ဝယ်ရပေမယ့်လည်း အခု ပေါင် ခုနစ်ထောင်နီးပါးပဲ ဝယ်ယူလို့ ရနေပါသေးတယ်။ ဈေးနှုန်းကတော့ အရင်ပေါက်ဈေးထက် ဈေးနှုန်း နည်းနည်းတက်လာပါတယ်။ ဒီနှစ် ရော်ဘာရာသီမှာ အမြင့်ဆုံးဈေးနှုန်းက ကျပ် ၈၅၀ အထိပဲ ဝယ်ရပါတယ်။ ဒီဈေးနှုန်းအတိုင်းပဲ တက်လာလည်း နည်းနည်း၊ လျော့သွားလည်း နည်းနည်း၊ ရော်ဘာတစ်ပေါင်ကို ဒီနှစ်မှာ ကျပ် ၈၀၀ ဝန်းကျင်လောက်ပဲ အရောင်းအဝယ်ဖြစ်နေပါတယ်" ဟု သိမ်ဆိပ်ရပ်ကွက်မှ ရော်ဘာရောင်းဝယ်သူတစ်ဦးက ဆိုသည်။

သုဝဏ္ဏဝတီမြို့တွင် ရော်ဘာရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးခန့်သာရှိပြီး ၎င်းတို့မှတစ်ဆင့် ကုမ္ပဏီများနှင့် ချိတ်ဆက်၍ တတိယလက်ခွဲဒိုင်အဖြစ် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင် စသောမြို့ကြီးများသို့ တင်ပို့ရောင်းချကြကြောင်း ရော်ဘာရောင်းဝယ်သူများထံမှ သိရသည်။

**ခွန် (ဝင်းပ)**

---

## ဆမ်ဆောင်း၏ Galaxy A Series စမတ်ဖုန်းသစ်များ ပြည်တွင်းဈေးကွက်သို့ စတင်မိတ်ဆက်

**ရန်ကုန် ဧပြီ ၁၁**

ဆမ်ဆောင်း၏ တန်ဖိုးနည်းဖုန်းစီးရီးစ်ဖြစ်သော Galaxy A Series ထဲမှ နောက်ဆုံးပေါ် မျိုးဆက်သစ် စမတ်ဖုန်းများဖြစ်သော Galaxy A10 နှင့် A20 မော်ဒယ်သစ်နှစ်မျိုးကို ဆမ်ဆောင်းက ပြည်တွင်းဈေးကွက်သို့ ဧပြီ ၁၀ ရက်က စတင်မိတ်ဆက်ခဲ့သည်။ အဆိုပါ Galaxy A10 နှင့် A20 တွင် ကြာရှည်ခံသော ဘက်ထရီ၊ စွမ်းဆောင်ရည်မြင့် ကင်မရာနှင့် နည်းပညာသစ်များ ပါဝင်ကြောင်း သိရသည်။

Galaxy A10 တွင် ၆ ဒသမ ၂ လက်မအရွယ် Full Screen HD+ မျက်နှာပြင် ပါဝင်ပြီး ကင်မရာပိုင်းတွင် 13MP ရှိသော နောက်ကင်မရာနှင့် 5MP ဆယ်လ်ဖီကင်မရာ ပါဝင်သည်။ Octa-core Exynos 7884 Processor နှင့် RAM 2GB ပါဝင်သည့်အတွက် ဂိမ်းနှင့် အက်ပလီကေးရှင်းအမျိုးမျိုးကို ကောင်းမွန်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။ အင်တာနယ်မင်မိုရီ 32GB ပါဝင်ပြီး မင်မိုရီကတ်ထပ်စိုက်သုံးလျှင် 512 GB အထိ ထည့်သုံးနိုင်မည်ဖြစ်သည်။ ဘက်ထရီမှာ 3400 mAh ရှိပြီး Face Unlock စနစ်ကို အသုံးပြုထားသည်။ ဖုန်းကိုယ်ထည်ကို ချောမွတ်တောက်ပြောင်ပြီး လက်ထဲတွင် မြဲမြံစွာကိုင်ထားနိုင်မည့် ကိုယ်ထည်ပုံစံ ဖန်တီးထားသည်။

Galaxy A20 မှာ A10 ထက် အနည်းငယ် ပိုကြီးပြီး ၆ ဒသမ ၄ လက်မအရွယ် HD+ Super AMOLED မျက်နှာပြင် ဖြစ်သည်။ ကင်မရာပိုင်းတွင် နောက်ကင်မရာသည် 13MP နှင့် 5MP ရှိသော Dual Wide Camera များဖြစ်၍ လူသားတစ်ဦး၏မျက်လုံးနှင့် အမှန်တကယ်မြင်တွေ့ရသည့်အတိုင်း ရိုက်ကူးနိုင်မည်ဖြစ်သည်။ Intelligent Switch လုပ်ဆောင်ချက်ကလည်း ကင်မရာမှ Wide Shot Mode အသုံးပြုနိုင်မည့်အချိန်ကို ခွဲခြားအကြံပြုပေးမည်ဖြစ်သည်။ ဆယ်လ်ဖီကင်မရာမှာ 8MP ဖြစ်သည်။ 3GB RAM နှင့် အင်တာနယ်မင်မိုရီ 32GB ပါဝင်ပြီး 512GB အထိ မင်မိုရီကတ် ထပ်စိုက်သုံးနိုင်မည်ဖြစ်သည်။ ဘက်ထရီမှာ 4000mAh ဖြစ်ကာ အလျင်အမြန်အားသွင်းနိုင်မည့် Fast Charging စနစ်လည်း ပါဝင်သည်။ ဖုန်းလုံခြုံမှုအတွက် Fingerprint နှင့် Face Recognition စနစ်နှစ်မျိုးလုံး ပါဝင်သည်။

ဆမ်ဆောင်း၏ Galaxy A စီးရီးစ်သည် Galaxy J စီးရီးစ်ကို ဈေးနှုန်းပိုချိုသာပြီး ပိုခေတ်မီသော စီးရီးစ်အဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းဖြစ်ပြီး သုံးစွဲသူများအနေနှင့် တီထွင်ဆန်းသစ်ထားသည့်လုပ်ဆောင်ချက်များကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ Galaxy A ဖုန်းများတွင် အချိန်မရွေး ချိတ်ဆက်မှုဝေနိုင်မည့် လုပ်ဆောင်ချက်များကို ထည့်သွင်းထားပြီး လက်တွေ့ဘဝနှင့်ထပ်တူကျစွာ ချိတ်ဆက်မှုဝေနိုင်စေရန် ဖန်တီးထားကြောင်း ဆမ်ဆောင်းမြန်မာမှ တာဝန်ရှိသူ ကိုဇာနည်ဝင်းထက်က ပြောသည်။

ဆမ်ဆောင်း၏ Galaxy A Series ဖုန်းများသည် သုံးစွဲသူများအနေဖြင့် အဆင့်မြင့်သော စမတ်ဖုန်းလုပ်ဆောင်ချက်များကို ပိုမိုချိုသာသောဈေးနှုန်းများဖြင့် ရရှိနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်ပြီး ယခု ဈေးကွက်အတွင်း စတင်မိတ်ဆက်ချိန်တွင် Mytel နှင့်ပူးပေါင်း၍ ပရိုမိုးရှင်းအစီအစဉ်များလည်း ပြုလုပ်ထားကာ ဈေးနှုန်းမှာ Galaxy A10 က ကျပ် ၁၈၉၀၀၀ နှင့် Galaxy A20 က ကျပ် ၂၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်**

# တံတားဦးမြို့နယ်မှ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**တံတားဦး မေ ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် မြေငူကျေးရွာအုပ်စု ပုဏ္ဏားခြံကျေးရွာ၌ တည်ဆောက်လျက်ရှိသော ကျောက်စီတမံအပါအဝင် ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မေ ၁၁ ရက်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများအား ကမ်းပါးပြိုကာကွယ်ရေးတည်ဆောက်မှုလုပ်ငန်း ရှင်းလင်းဆောင်၌ မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၅)မှ ညွှန်ကြားရေးမှူး ဦးတိုးလင်းအောင်က ကျောက်စီတမံအပါအဝင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိသည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုဏ္ဏားခြံကျေးရွာမှ ဒေသခံပြည်သူများနှင့်လည်း တွေ့ဆုံ၍ ကျေးရွာ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြေငူကျေးရွာအုပ်စုအတွင်း၌ ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်သန်း ၉၄၀ ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းများအနေဖြင့် Bored Pile အခြေပြု ကျောက်စီတမံ ပေ ၈၁၀ တည်ဆောက်ခြင်း၊ ထန်းလုံးတိုင်အခြေပြု ကျောက်ဖြည့်မျောကရစ် ပေ ၇၀ တည်ဆောက်ခြင်းနှင့် အရှည် ပေ ၃၀ ရှိ နှစ်တန်းသွား ထန်းလုံးတိုင်ရေကာအတို ၁၀ ခု တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်ကြောင်း မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြစဉ်။

## ကျေးရွာ ၂၂ ရွာ မီးလင်းရေးလုပ်ငန်းများ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဖွင့်လှစ်ပေး

**မိတ္ထီလာ မေ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ ဖလံကျင်းဓာတ်အားခွဲရုံ(၃၃/၁၁ ကေဗွီ၊ ၅အမ်ဗွီအေ) ဖွင့်ပွဲနှင့် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းဘေးရှိ ဖလံကျင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၂ ရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲကို မေ ၁၀ ရက်က ဖလံကျင်းဓာတ်အားခွဲရုံရှေ့၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်အတူ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်တို့က ဖလံကျင်းဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဓာတ်အားခွဲရုံအတွင်း လိုက်လံကြည့်ရှုခဲ့သည်။

အဆိုပါ ဖလံကျင်းဓာတ်အားခွဲရုံ တည်ဆောက်ခြင်းနှင့်အတူ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၇ ဒသမ ၆ မိုင် တည်ဆောက်ခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၃ ဒသမ ၇၄ မိုင် တည်ဆောက်ခြင်းနှင့် ကျေးရွာ ၂၂ ရွာ၌ ထရန်စဖော်မာ ၂၂ လုံး တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် အောင်သောင်းကုမ္ပဏီက တာဝန်ယူ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ယခု လုပ်ငန်းများပြီးစီးသဖြင့် ဖလံကျင်း၊ မြောက်လည်၊ ထိန်ကန်၊ သိမ်ကုန်း၊ မုန်တိုင်၊ သရက်ခြံ၊ လဲတော၊ ညောင်ပင်သာ၊ အိုင့်ကုန်း၊ ဆပ်ပြာကျင်း၊ သရက်ပင်(ရှေ့)၊ သရက်ပင်(နောက်)၊ မကျည်းတန်း၊ လက်ပံအိုင့်၊ ကြာကန်၊ သဲတော၊ သပြေကုန်း၊ ဂုတ်ကုန်း၊ ညောင်လည်၊ ရေဝေ၊ အင်းမနှင့် ကန်သာရွာတို့တွင် လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း သိရသည်။

မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇောင်ချမ်းကုန်းကျေးရွာအုပ်စုမှ ညောင်ကုန်းရွာဦးဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး အဆိုပါကျောင်းဝင်းအတွင်း ဆောက်လုပ်ထားသည့် သိဒ္ဓိအောင်မေတ္တာဗုဒ္ဓသိမ်တော်အတွက် မြေဂရန်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်**

## နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထားဝယ်မြို့၌ပြုလုပ်

**ထားဝယ် မေ ၁၁**

နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တရားစီရင်ရေးနှင့်ဆက်စပ်သည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီးတရားလွှတ်တော်က ကြီးမှူး၍ မေ ၁၁ ရက်က ထားဝယ်မြို့ရှိ တိုင်းဒေသကြီးတရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် လုပ်ငန်းအဆင့်ဆင့်ကို ပိုမိုသိရှိနားလည်နိုင်ရန် ထားဝယ်ခရိုင်တရားရုံးနှင့် ထားဝယ်မြို့နယ်တရားရုံးတို့တွင် ဆောင်ရွက်ခဲ့မှုများနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်အရ အမှုများစစ်ဆေးရာတွင် ပါဝင်ဆောင်ရွက်နေသော ဆက်စပ်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ရှေ့နေရှေ့ရပ်များအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တရားရုံးအသီးသီးတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အောင်မြင်မှုရရှိအောင် ယခင်ကထက်ပို၍ အလေးထားပူးပေါင်းပေးကြရန် စသည်ဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးတင်အောင်က မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ဆောင်ရွက်မှုများကိုလည်းကောင်း၊ တရားရေးဦးစီးမှူး ဒေါ်အေးအေးသန်းက မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီး ဥပဒေချုပ် ဦးစိုးမြင့်နှင့် တက်ရောက်လာသူများက အကြံပြု ဆွေးနွေးခဲ့ကြသည်။

အငြင်းပွားမှုများကို မျှတစွာဖြေရှင်းနိုင်ရန်၊ မှုခင်းများကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးစီရင်နိုင်ရန်၊ အမှုလက်ကျန်များနှင့် ကြန့်ကြာနေသည့်မှုခင်းများကို လျှော့ချရန်နှင့် တရားရုံးများအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို မြှင့်တင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မကွေး တောင်သူဖွံ့ဖြိုးရေးအဖွဲ့ဝင်များနှင့် A Bank တို့ စိုက်ပျိုးစရိတ်ချေးငွေ ချေးယူမှုဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုး




ချေးငွေဆိုင်ရာ လက်မှတ်ရေးထိုးပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် အမှာစကားပြောကြားစဉ်။

**မကွေး မေ ၁၁**

မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် မကွေးတိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့ဝင်များနှင့် A Bank တို့ကြား စိုက်ပျိုးစရိတ်ချေးငွေ ချေးယူမှုဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးပွဲကို မေ ၁၀ ရက်က မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ဝန်ကြီးချုပ်က တောင်သူများအနေဖြင့် သွင်းအားစုများ လက်ငင်းဝယ်ယူနိုင်ရန် A Bank က ဘဏ်ချေးငွေကို အတိုး ၁ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့် ချေးပေးမည်ဖြစ်ကြောင်း၊ A Bank အနေဖြင့် တောင်သူဖွံ့ဖြိုးရေးအဖွဲ့များနှင့်ပူးပေါင်း၍ ယခု နှမ်းစိုက်ရာသီတွင် စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူရန် ကျပ်သိန်း ၁၆၀၀ နှင့် စိုက်ပျိုးစရိတ် လုပ်သားငှားရမ်းခအတွက် ကျပ်သိန်း ၈၀၀၀ ကျော်တို့ကို စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ဘဏ်အနေဖြင့် တောင်သူများထံမှ ပုံစံ(၇)ကဲ့သို့ အပေါင်ပစ္စည်းများ မယူထားသည့်အတွက် တောင်သူများအနေဖြင့်လည်း ပြန်ဆပ်ရမည့်ငွေကြေးများကို ကျေအောင် တာဝန်သိစွာ ပြန်လည်ပေးဆပ်ရန်လိုအပ်ကြောင်း၊ တောင်သူများအနေဖြင့် ချေးငွေများကို မိမိတို့လယ်ယာမြေများအတွက်သာ အသုံးပြုပြီး ဇိမ်ခံပစ္စည်းများ ဝယ်ယူသုံးစွဲခြင်းမျိုး မပြုလုပ်ကြရန် တိုက်တွန်းလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့ဝင်များနှင့် A Bank မှ တာဝန်ရှိသူများက စိုက်ပျိုးစရိတ်ချေးငွေ ချေးယူမှုဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ကြသည်။

စိုက်ပျိုးရေးဦးစီးဌာနသည် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းကို သီးနှံ ၁၅ မျိုးအတွက် ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီးတွင်လည်း နှမ်း၊ မြေပဲ၊ ကော်ဖီ၊ ပဲတီစိမ်း၊ စပါး၊ သခွားမွှေး၊ ကြက်သွန်နီနှင့် သရက်တို့ကို GAP စနစ်ဖြင့် စိုက်ပျိုးလျက်ရှိသည်။

ထို့အပြင် နှမ်းကို ဓာတုဓာတ်ကြွင်းကင်းစင်သော အရည်အသွေးကောင်းသီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရန် ၂၀၁၇-၂၀၁၈ ခုနှစ်မှစ၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် NAG အဖွဲ့တို့၏ ဦးဆောင်မှုဖြင့် နတ်မောက်၊ မကွေး၊ မင်းဘူးနှင့် မင်းလှမြို့နယ်တို့တွင် ဧက ၃၀၀၀ ကျော် စိုက်ပျိုးခဲ့ရာ အရည်အသွေးကောင်း နှမ်းနက် ၇၁ တန်ကို ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးရေးကို တောင်သူများ ပိုမိုစိတ်ဝင်စားလာပြီး ၂၀၁၈-၂၀၁၉ စိုက်ပျိုးရာသီတွင် မြို့နယ် ၂၅ မြို့နယ်၌ စိုက်ဧက ၂၂၀၀၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးခဲ့ရာ သဘာဝဘေးကြောင့် ဧက ၇၀၀၀ ကျော် ပျက်စီးမှုရှိခဲ့သည့်တိုင် ၈၈ တန်ကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရှိရသည်။

**သန်းနိုင်ဦး (ငဖဲ)**

## မယ်စဲ့မြို့နယ်၌ (၁၉)ကြိမ်မြောက် ကယန်းအမျိုးသားနေ့အခမ်းအနားကျင်းပ

**မယ်စဲ့ မေ ၁၁**

(၁၉)ကြိမ်မြောက် ကယန်းအမျိုးသားနေ့ အခမ်းအနားကို ကယားပြည်နယ် မယ်စဲ့မြို့နယ် ပန်တိန်းကျေးရွာ၌ မေ ၁၀ ရက် ညနေပိုင်းက ကျင်းပခဲ့ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဆို၊ ရှမ်းပြည်နယ် ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ခွန်အေးမောင်၊ ကယန်းစာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ခွန်းရှမူအေးလာနှင့် သံလွင်အရှေ့ဘက်ခြမ်းဒေသနာယက ဦးရဲသွေးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကယားအမျိုးသားတစ်ရပ်လုံး စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးနိုင်ခဲ့သည့် ၂၀၀၀ ပြည့်နှစ် မေ ၁၀ ရက်ကို ကယန်း အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ပြီး သံလွင်မြစ်အရှေ့ဘက်ခြမ်းဒေသတွင် ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၁၉)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်အတွင်း ကယားတိုင်းရင်းသားလူမျိုးစု ကိုးမျိုးရှိပြီး လူမျိုးစုအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြစေလိုကြောင်း၊ ကယန်းအမျိုးသားနေ့ အခမ်းအနားကို နှစ်စဉ် ဆက်လက်ကျင်းပနိုင်ရေးအတွက် စိတ်ရောကိုယ်ပါ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။




ကယန်းအမျိုးသားနေ့ အခမ်းအနားတွင် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ ဖျော်ဖြေနေစဉ်

ထို့နောက် ရှမ်းပြည်နယ် ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကယန်းအမျိုးသားနေ့အတွက် ဂုဏ်ပြုစကားပြောကြားပြီး ကယန်းတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကများဖြင့်ဖျော်ဖြေ၍ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ အန်ရှမ်းမြို့သို့ ရောက်ရှိလေ့လာ



**နေပြည်တော် မေ ၁၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ Nanyuan တပ်မတော်လေဆိပ်မှ ထွက်ခွာကြရာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးရုံး ညွှန်ကြားရေးမှူး Major General Ci Guowei နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**လှည့်လည်ကြည့်ရှုလေ့လာ**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အန်ရှမ်းမြို့ရှိ Huangshu လေဆိပ်သို့ ရောက်ရှိကြရာ ကွေ့ကျိုးပြည်နယ် စစ်ဒေသအကြီးအကဲနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အန်ရှမ်းမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး အန်ရှမ်းမြို့ရထားဘူတာရုံမှ ကွေ့ယန်းမြို့ရှိ မြောက်ပိုင်းဘူတာရုံသို့ လျှပ်စစ်အမြန်ရထားဖြင့် လိုက်ပါစီးနင်းလေ့လာကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွေ့ယန်းမြို့ မြောက်ပိုင်းဘူတာရုံသို့ ရောက်ရှိကြရာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အန်ရှမ်းမြို့ရှိ Huangshu လေဆိပ်သို့ ရောက်ရှိကြရာ ကွေ့ကျိုးပြည်နယ် စစ်ဒေသအကြီးအကဲနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။**

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

---

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပ** စာ ၈

**အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ရွေးကောက်ပွဲ၌ ငါးကြိမ်မြောက် ထပ်မံအနိုင်ရရှိ** စာ ၁၄

# ရှမ်းတိုင်းရင်းသားများရိုးရာသင်္ကြန် မန္တလေးမြို့တွင် ပထမအကြိမ် ကျင်းပ

**မန္တလေး မေ ၁၁**

မန္တလေးမြို့ ရှမ်းတိုင်းရင်းသားများ၏ ပထမအကြိမ် ရိုးရာသင်္ကြန်ပွဲတော်ကို မေ ၁၁ ရက် နံနက် ၁၀ နာရီက ရှမ်းတိုင်းရင်းသား သာရေးနာရေးအသင်းတွင် စတင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ နာယကများ၊ ရှမ်းတိုင်းရင်းသားအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် သင်္ကြန်ချစ်သူများ တက်ရောက်ပါဝင်ဆင်နွှဲခဲ့ကြသည်။

"ရှမ်းရိုးရာသင်္ကြန်ကို ဖော်ထုတ်ပြီး ရှမ်းမိသားစုများ၊ အခြားမိသားစုများနှင့်အတူ ပျော်ရွှင်စွာ ဆင်နွှဲလိုသည့်အတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ရှမ်းရိုးရာသင်္ကြန် ဝိသေသအရ ဗုဒ္ဓဆင်းတုတော် ရေသပ္ပာယ်ခြင်းကို (ကုန်းဆွန်း)ဟုခေါ်ကာ ကုန်း ဆိုသည့် လည်နေသည့် ရေပန်းမှ ဆွန်းဆိုသည့် ရေသပ္ပာယ်ခြင်း ဖြစ်သည့်အတွက် လည်နေသော ရေဖြင့် ရေသပ္ပာယ်ခြင်းဟု ရှမ်းရိုးရာအရ ခေါ်ကြောင်း၊ ရှမ်းပြည်နယ်တွင် နှစ်စဉ်ဆောင်ရွက်နေပြီး ယခုနေရာတွင် ပထမဆုံးအကြိမ် ရိုးရာသင်္ကြန်

*စာမျက်နှာ ၇ ကော်လံ ၄* ❐



ရှမ်းတိုင်းရင်းသားရိုးရာသင်္ကြန်ပွဲတော်ကို စည်ကားပျော်ရွှင်စွာ ဆင်နွှဲနေကြစဉ်။



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
သောကြာ၊ ဧပြီ ၁၂၊ ၂၀၁၉

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပအိုဝ်းအမျိုးသားနေ့(အကြို)အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ တတိယ(၁)နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲမှုစကားသံများ

**တွေ့ဆုံမေးမြန်း - နန္ဒာဝင်း**
**ဓာတ်ပုံ-အေးသန်း**



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်

တိုင်းရင်းသားလူမျိုးများ၏ စကားစာပေအနုပညာ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများရရှိရေး အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

အစိုးရသစ်နှင့်အတူ ပေါ်ပေါက်လာသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် ယခုဆိုလျှင် သုံးနှစ်တာကာလကို ဖြတ်သန်းခဲ့ပြီး ယင်းဖြတ်သန်းခဲ့မှုများနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည် -

**နိုင်သက်လွင်**
**ပြည်ထောင်စုဝန်ကြီး**

**မေး။ ။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေနဲ့ တတိယ(၁)နှစ်တာ ဆောင်ရွက်ခဲ့မှုကို သိပါရစေရှင့်။**

ဖြေ။ ။ တိုင်းရင်းသားတွေအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ပြည်ထောင်စု စိတ်ဓာတ်ပေါ်ပေါက်လာဖို့၊ စာတတ်မြောက်ပြီး အသိပညာဗဟုသုတတိုးပွားစေဖို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေနဲ့ အဓိကထားပြီး ဆောင်ရွက်နေသလို အခြားဝန်ကြီးဌာနတွေနဲ့ ချိတ်ဆက်လုပ်ဆောင်နေပါတယ်။ နှစ်ပေါင်း ၇၀ ကျော် ပြည်တွင်းစစ်ကို ငြိမ်းချမ်းဖို့ကြိုးစားပေမယ့် မရရှိနိုင်သေးပါဘူး။ တိုင်းရင်းသားတွေ စာတတ်မှ ခေတ်ရေစီးကြောင်းထဲမှာလိုက်နိုင်မှ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ တိုင်းရင်းသားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်ကနေ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကြီး ဖွဲ့စည်းနိုင်မှုကို သိပါရစေရှင့်။**

ဖြေ။ ။ တိုင်းရင်းသားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလက နေပြည်တော်မှာ ကျင်းပခဲ့ပြီး စီးပွားရေးဆိုင်ရာ ဆွေးနွေးချက်ရလဒ် ၂၈ ချက်ကို

**အချပ်ပို(ခ)သို့**

**တိုင်းရင်းသားလူမျိုးစုအချင်းချင်းတွေ့ဆုံပြီး ရင်းနှီးချစ်ခင်လေးစားမှုရှိအောင် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ ပဲခူးတိုင်းဒေသကြီးက တိုင်းရင်းသားတွေကို ဖိတ်ခေါ်ပြီး နေပြည်တော်အတွင်း လေ့လာရေးခရီး ပို့ဆောင်ပေးခဲ့ပါတယ်။ ဒီလေ့လာရေးခရီးကနေ နေပြည်တော်တိုးတက်သလို သူတို့ဒေသတွေ တိုးတက်ဖို့ အဓိကလိုအပ်နေတာက ငြိမ်းချမ်းရေးပဲဆိုတာ သူတို့ အသိအမြင် ပွင့်လင်းသွားပါတယ်**



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေမူကြမ်းအပေါ် သုံးသပ်ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။

**အချပ်ပို(က)မှ**

ဖော်ထုတ်နိုင်ခဲ့ပါတယ်။ တိုင်းရင်းသားဒေသတွေရဲ့ထွက်ကုန်တွေကို အသေးစား၊ အငယ်စားနဲ့ အလတ်စား လုပ်ငန်းရှင်တွေက စျေးကွက်ဝင်အောင် ကျန်တဲ့ဖွံ့ဖြိုးပြီးဒေသကို သွားရောက်ရင်းနှီးပြီး ဆက်စပ်မှုရှိအောင် လုပ်ကြရမယ်။ မဖွံ့ဖြိုးသေးတဲ့ တိုင်းရင်းသားဒေသတွေမှာ တိုင်းရင်းသားလုပ်ငန်းရှင်အသင်း ဖွဲ့စည်းခဲ့ပါတယ်။ ပြီးတော့ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကြီးကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

အသင်းက ကြီးမှူးပြီး ရန်ကုန်ကျိုက္ကဆံကွင်းမှာ **"သွေးချင်းတို့ရဲ့ပွဲတော်ဆီ"** ပွဲတော်ကို ကျင်းပခဲ့ပါတယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဝနဲ့ ကိုးကန့်အပါအဝင် တိုင်းရင်းသားတွေအားလုံး မိမိတို့ဒေသထွက်ကုန်ဖြစ်တဲ့ အဝတ်အစား၊ အထည်အလိပ်၊ အသုံးအဆောင်နဲ့ ရိုးရာတူရိယာ ခင်းကျင်းပြသရောင်းချကြတာ နိုင်ငံခြားသားတွေကအစ စိတ်ဝင်စားကြပါတယ်။ ဒီလို တိုင်းရင်းသားဝတ်စုံနဲ့ အခမ်းအနားမျိုး ကမ္ဘာပေါ်မှာ မရှိဘူးလို့ဆိုပါတယ်။ ပြည်ထောင်စုမှာ တိုင်းရင်းသားတွေက ဝတ်စုံတွေနဲ့ ရောင်စုံဝတ်လာတော့ သူတို့တွေ စိတ်ဝင်စားကြတယ်။ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ကြိုးစားအကုန်ကျခံခဲ့တယ်။ ဒီလိုမျိုးကြားရတော့ ပင်ပန်းရကျိုးနပ်ပါတယ်။ နောက်နှစ်မှာ ကယားပြည်နယ်မှာ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ဦးဆောင်ပြီး ဒီလိုပွဲမျိုး နောက်ထပ်လုပ်ဖို့ အစီအစဉ်ရှိပါတယ်။

**မေး။ ॥ တိုင်းရင်းသားဒေသ အသီးသီးက တိုင်းရင်းသားတွေကို အမြင်ချင်းဖလှယ်နိုင်စေဖို့ လေ့လာရေးခရီးတွေ ဖိတ်ခေါ်ခဲ့မှုကို သိပါရစေရှင်။**

ဖြေ။ ॥ တိုင်းရင်းသားလူမျိုးစု အချင်းချင်း တွေ့ဆုံပြီး ရင်းနှီးချစ်ခင်လေးစားမှုရှိအောင် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ ပဲခူးတိုင်းဒေသကြီးက တိုင်းရင်းသားတွေကို ဖိတ်ခေါ်ပြီး နေပြည်တော်အတွင်း လေ့လာရေးခရီးပို့ဆောင်ပေးခဲ့ပါတယ်။ ဒီလေ့လာရေးခရီးကနေ နေပြည်တော်တိုးတက်သလို သူတို့ဒေသတွေတိုးတက်ဖို့ အဓိကလိုအပ်နေတာက ငြိမ်းချမ်းရေးပဲဆိုတာ သူတို့ အသိအမြင် ပွင့်လင်းသွားပါတယ်။

**မေး။ ॥ အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းပြီး တိုင်းရင်းသားရေးရာ ဆောင်ရွက်နေမှုတွေကို ရှင်းပြပေးပါဦး။**

ဖြေ။ ॥ ဝန်ကြီးဌာန စတင်တည်ထောင်ချိန်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ဖိတ်ကြားချက်အရ လေ့လာရေးခရီး သွားရောက်ခဲ့ပါတယ်။ သူတို့နိုင်ငံမှာ လူမျိုးစု ၅၆ မျိုးရှိပြီး အဲဒီတိုင်းရင်းသားတွေကို ဘယ်လိုပံ့ပိုးကူညီသလဲဆိုတာ တွေ့ရှိခဲ့ရတယ်။ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်ဖြစ်တဲ့ မင်ဇူတက္ကသိုလ်ကို သွားရောက်လေ့လာခွင့်ရခဲ့တာ အတော်အားရဖို့ ကောင်းပါတယ်။ ကူမင်းမှာ တိုင်းရင်းသားကျေးရွာက ဧက ၆၀၀ လောက်ရှိပြီး ကျွန်တော်တို့ မြန်မာနဲ့ တရုတ်နယ်စပ်မှာရှိတဲ့ တိုင်းရင်းသားတွေ ဥပမာ - ကချင်၊ ရှမ်း၊ လီဆူလူမျိုးတွေကိုလည်း အဲဒီမှာ တွေ့ရှိရပါတယ်။

ကျွန်တော်တို့ဘက်က အပြန်အလှန်ဖိတ်ကြားခဲ့တာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားလူမျိုးစုရေးရာကော်မရှင်မှ ဒုတိယဝန်ကြီး Mr. LI Changping ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့မြန်မာနိုင်ငံကို ပထမဦးဆုံးခရီးစဉ်အဖြစ် ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း လာရောက်ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့မှ တိုင်းရင်းသားရေးရာကော်မတီဝင်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ တိုင်းရင်းသားရေးရာကိစ္စရပ်တွေ၊ နှစ်နိုင်ငံတိုင်းရင်းသားလူမျိုးတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့၊ နှစ်နိုင်ငံနယ်စပ်ဒေသတွေမှာရှိတဲ့ မြန်မာနိုင်ငံက တိုင်းရင်းသားတွေ အနေနဲ့ အခွင့်အရေးတွေ နစ်နာဆုံးရှုံးနေမှုကို လက်နက်ကိုင်မဖြေရှင်းဘဲ ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲတွေမှာ ပါဝင်ညှိနှိုင်းဆွေးနွေးလာဖို့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါတယ်။

**မေး။ ॥ ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ တိုင်းရင်းသားတွေရဲ့ အခန်းကဏ္ဍကို ပြောပြပေးစေချင်ပါတယ်။**

ဖြေ။ ॥ တိုင်းရင်းသားတွေအားလုံးက သူတို့ရဲ့ဒေသ၊ သူတို့ရဲ့နယ်မြေမှာ သူတို့ကိုယ်တိုင် စီမံအုပ်ချုပ်ချင်တဲ့အတွက် လုပ်ပိုင်ခွင့် ခွဲဝေတဲ့စနစ်ဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို အဓိကတောင်းဆိုပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေ၊ တိုင်းရင်းသားပြည်သူတွေနဲ့ သဘောတူချုပ်ဆိုခဲ့ကြတဲ့ ပင်လုံစာချုပ်ကြီးရဲ့ ကတိကဝတ်တွေအရ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးဆိုတဲ့ အခန်းကဏ္ဍ ပါဝင်ခဲ့ပေမယ့် အကောင်အထည်မဖော်နိုင်ခဲ့ပါဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ညှိညှိနှိုင်းနှိုင်းနဲ့ သဘောထားကြီးမှ မြန်မာပြည်ကြီး အေးချမ်းသာယာပြီး ကမ္ဘာ့အလယ်ဝင့်ထည်နိုင်မှာ ဖြစ်ပါတယ်။ ခေါင်းဆောင်တွေကလည်း အပစ်အခတ်ရပ်စဲဖို့ အရေးကြီးပါတယ်။ တိုင်းရင်းသားပြည်သူတွေကလည်း ကြိုးစားကြဖို့ လိုအပ်ပါတယ်။

**မေး။ ॥ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဖြည့်စွက်ပြောကြားလိုတာများရှိရင် ပြောပြပေးစေချင်ပါတယ်။**

ဖြေ။ ॥ ဒို့တာဝန်အရေး (၃) ပါးဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟာ ငြိမ်းချမ်းရေးရဲ့ သင်္ကေတဖြစ်ပါတယ်။ ဥပဒေကို မလိုက်နာဘူး၊ တရားဥပဒေစိုးမိုးမှုမရှိဘူးဆိုရင် အချုပ်အခြာအာဏာ ဘယ်လိုမှမတည်မြဲနိုင်ဘူး။ တိုင်းရင်းသားပြည်သူတွေရဲ့ လိုက်နာမှုအပေါ်မှာ မိမိတို့လိုချင်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ရရှိနိုင်မယ်၊ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ (Mission) (Vision) (Objectives) တွေကို တိုင်းရင်းသားပြည်သူတွေ သိရှိနိုင်ဖို့ သတင်းမီဒီယာတွေက ဖြန့်ဖြူးပေးပါ။ ဝိုင်းဝန်းပံ့ပိုးပေးပါလို့ ပြောကြားချင်ပါတယ်။

**ဦးလှမော်ဦး**

**ဒုတိယဝန်ကြီး**

**မေး။ ॥ ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုရည်မှန်းချက်တွေ ဆောင်ရွက်နေတယ်ဆိုတာ သိပါရစေရှင့်။**

ဖြေ။ ॥ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနကို ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်မှာ ဖွဲ့စည်းခဲ့ပြီး ရည်မှန်းချက် (Mission) (၅)ရပ် ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ပထမရည်မှန်းချက်က - တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်ရေးနဲ့ ရိုင်းပင်းကူညီရေး၊ ပြည်ထောင်စုစိတ်ဓာတ်များ တိုးတက်ရှင်သန်စေရေး၊ ဒုတိယရည်မှန်းချက်က - တိုင်းရင်းသားတွေရဲ့အခွင့်အရေးတွေကို ဥပဒေပါ သတ်မှတ်ချက်တွေအတိုင်း အပြည့်အဝခံစားရရှိစေရေး၊ တတိယရည်မှန်းချက်က - တိုင်းရင်းသားတွေရဲ့ စကား၊ စာပေ၊ သမိုင်း၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ ရိုးရာဓလေ့ထုံးစံတွေကို ထိန်းသိမ်းစောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ စတုတ္ထရည်မှန်းချက်က - တိုင်းရင်းသားတွေရဲ့မူလဝိသေသလက္ခဏာ မပျောက်ပျက်ရေးအတွက် ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးဆောင်ရွက်ပေးရေး၊ ပဉ္စမရည်မှန်းချက်က - တိုင်းရင်းသားလူမျိုးတွေရဲ့ဒေသတွေမှာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ လူမှုစီးပွားဘဝတိုးတက်ရေးဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**မေး။ ॥ ဝန်ကြီးဌာနအနေနဲ့ သုံးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့တဲ့ အခြေအနေတွေနဲ့ ရရှိခဲ့တဲ့ရလဒ်တွေကို ရှင်းပြပေးပါရှင်။**

ဖြေ။ ॥ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ကြရန် ရည်ရွယ်လျက် ပွဲတော်များ၊ ရိုးရာဓလေ့စကားဝိုင်းများ၊ ငြိမ်းချမ်းရေးစကားဝိုင်းများ၊ စာပေပွဲတော်များ၊ အမျိုးသားနေ့ပွဲတော် တိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်များ၊ ပြည်နယ်နေ့များ၊ ရိုးရာစျေးပွဲတော်များကို တိုင်းရင်းသားလူမျိုးများနေထိုင်ကြတဲ့ ဒေသများမှာ သက်ဆိုင်ရာအစိုးရအဖွဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းများနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလ နေပြည်တော်မှာ ကျင်းပခဲ့တဲ့ တိုင်းရင်းသားစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ရဲ့ စီးပွားရေးဆိုင်ရာ ဆွေးနွေးချက်ရလဒ် ၂၈ ချက်ကို ဖော်ထုတ်နိုင်ခဲ့ပြီး ဆွေးနွေးပွဲရဲ့ အကျိုးသက်ရောက်မှုဖြစ်တဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးကို အထောက်အကူပြုတဲ့ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို ၂၀၁၈ ခုနှစ် မတ်လ ၁၇ ရက်မှာ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ဒီအသင်းကြီးရဲ့ ကြိုးပမ်းမှုနဲ့ပဲ မြန်မာနိုင်ငံသမိုင်းမှာ ပထမဦးဆုံး တိုင်းရင်းသားပေါင်းစုံပါဝင်ဆင်နွှဲတဲ့ **"သွေးချင်းတို့ရဲ့ ပွဲတော်ဆီ"** ပွဲတော်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ဒီပွဲတော်ကြီးကျင်းပခြင်းဖြင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အုတ်တစ်ချပ် သဲတစ်ပွင့်ဖြစ်စေခဲ့ပါတယ်။ တိုင်းရင်းသားတွေရဲ့ မတူကွဲပြားတဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံများကို သိရှိနားလည်နိုင်ပြီး မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပေါင်းစုံချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့ပါတယ်။

လှပတဲ့ရှုခင်း၊ စိတ်ကြည်နူးစရာကောင်းတဲ့ သဘာဝတောတောင်ရေမြေတွေကို မြန်မာနိုင်ငံအတွင်းသာမက နိုင်ငံခြားတိုင်းပြည်များကပါ လေ့လာသိရှိနိုင်စေဖို့၊ တိုင်းရင်းသားတွေရဲ့ ဒေသထွက်ကုန်ပစ္စည်းတွေ၊ ရိုးရာအဝတ်အထည်တွေကိုလည်း မြန်မာနိုင်ငံတွင်းသာမက နိုင်ငံတကာကပါ သိရှိစေဖို့ စျေးကွက်တင်ပို့နိုင်ဖို့ ဖြစ်ပါတယ်။ နောက်တစ်ခုက တိုင်းရင်းသားလူငယ်တွေအတွက် စီးပွားရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာဖို့ ရည်ရွယ်ကျင်းပခဲ့တာဖြစ်ပါတယ်။ တိုင်းရင်းသားအလှမယ်ရွေးချယ်ပွဲ "Miss Ethnic Myanmar 2019"၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းမြှင့်တင်ဖို့၊ တိုင်းရင်းသားတွေ ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ဖို့၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းရဲ့ သံတမန်အဖြစ် ကိုယ်စားပြုနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပခဲ့ပါတယ်။ **အချပ်ပို(ဂ)သို့**



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရုံးအဆောက်အအုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

အချပ်ပို(ခ)မှ

**မေး။ ။ ပွဲတော်အတွင်း ကျင်းပခဲ့တဲ့ "အပြောင်းအလဲ စိန်ခေါ်မှုများမှ အခွင့်အလမ်းများဆီသို့" ဖိုရမ်ကနေ ဘယ်လိုထူးခြားမှုတွေ ရရှိခဲ့လဲဆိုတာ သိပါရစေရှင်။**

ဖြေ။ ။ **"အပြောင်းအလဲ စိန်ခေါ်မှုများမှ အခွင့်အလမ်းများဆီသို့"** ဖိုရမ်ကနေ ဘာတွေရရှိလာခဲ့သလဲဆိုရင် စိန်ခေါ်မှုဆိုတာ တစ်နည်းအားဖြင့် အကျပ်အတည်းပါပဲ။ ဒါပေမယ့် စိန်ခေါ်မှုကိုသာ သေချာစဉ်းစားပြီး ဖြေရှင်းမယ်ဆိုရင် အခွင့်အလမ်းပဲဆိုတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။

**မေး။ ။ တိုင်းရင်းသား အခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောပွဲတွေကို တိုင်းရင်းသားဒေသတွေမှာ ဘယ်လိုရည်ရွယ်ချက်နဲ့ ပြုလုပ်ခဲ့တယ်ဆိုတာ သိပါရစေရှင့်။**

ဖြေ။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကျွန်တော်တို့ဦးတည်တာက တိုင်းရင်းသားတွေအနေနဲ့ သူတို့ရဲ့ ရိုးရာဓလေ့ ယဉ်ကျေးမှုတွေကို လွတ်လပ်စွာ ကျင့်သုံးခွင့်၊ စာပေတွေကို လွတ်လပ်စွာရေးသားနိုင်ခွင့်တွေနဲ့ပတ်သက်ပြီး ရဲဝံ့စွာလုပ်ဆောင်နိုင်ဖို့ ဦးဆောင်ဦးရွက်ပြုခြင်းဖြစ်ပါတယ်။ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ တိုင်းရင်းသားမျိုးနွယ်တွေကို ဖော်ထုတ်ပြီး သူတို့ရဲ့ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုတွေကို ဖော်ထုတ်ပေးခြင်းဖြင့် အခွင့်အရေးအနေနဲ့ ကာကွယ်ပေးခြင်းဖြစ်ပါတယ်။

**မေး။ ။ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ တိုင်းရင်းသားလူမျိုးတွေအကြောင်း Documentary ရိုက်ထားရတဲ့ ရည်ရွယ်ချက်ကို သိပါရစေ။**

ဖြေ။ ။ တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်နေတဲ့ တိုင်းရင်းသားလူမျိုး ငါးမျိုးကနေ ခုနစ်မျိုး လောက်ရှိနေပါတယ်။ သူတို့က လူမျိုးကြီးတွေထဲမှာ ရောနှောနေထိုင်တဲ့အခါ တဖြည်းဖြည်းနဲ့ဘေးက ယဉ်ကျေးမှုတွေ ကူးစက်သွားပြီး သူတို့ရဲ့ ရိုးရာယဉ်ကျေးမှုတွေ ပျောက်ပျက်လုနီးပါးဖြစ်လာခဲ့ပါတယ်။ ဥပမာ ထနော့လူမျိုးပါ။ ဒီလူမျိုးတွေရဲ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေကို မဖော်ထုတ်နိုင်ရင် ပျောက်ကွယ်သွားမှာ စိုးရပါတယ်။ ဒါကြောင့် Documentary ရိုက်ကူးထားခြင်းဖြစ်ပါတယ်။

**မေး။ ။ ဝန်ကြီးဌာနရဲ့ ရှေ့ဆက်လုပ်ဆောင်သွားမယ့် လုပ်ငန်းစဉ်တွေရှိရင် ပြောပြပေးစေချင်ပါတယ်။**

ဖြေ။ ။ တိုင်းဒေသကြီးနဲ့ပြည်နယ်ရုံး ခြောက်ရုံး ဆောက်လုပ်ဖွင့်လှစ်ပြီး ဖြစ်တယ်။ ရန်ပုံငွေခွဲဝေချထားပေးမှု အခြေအနေပေါ် မူတည်ပြီး ကျန်ရှိနေတဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ကိုယ်ပိုင်ရုံးတွေ ဆောက်လုပ်ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။ ဒုတိယတစ်ခုက တိုင်းရင်းသားလူမျိုးတွေရှိတဲ့ နိုင်ငံများနဲ့ ချိတ်ဆက်ပြီး အပြန်အလှန် သင်တန်းပေးတာမျိုးတွေ၊ အပြန်အလှန် ဆွေးနွေးပွဲတွေ လုပ်နိုင်အောင် ကြိုးစားနေပါတယ်။

တတိယတစ်ခုက တိမ်မြုပ်ပျောက်ကွယ်လု ဖြစ်နေတဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေ ဖော်ထုတ်ခြင်း၊ တိုင်းရင်းသားစာပေတွေ ဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်ဆောင်ရွက်ဖို့ရှိပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတွေကို နယ်ချဲ့တွေက တောင်တန်းဒေသနဲ့ ပြည်မဆိုပြီး ခွဲခြားသွေးခွဲအုပ်ချုပ်ခဲ့လို့ စိတ်ဝမ်းတွေကွဲခဲ့ကြတာ ယခုအချိန်ထိလည်း နီးလို့မရသေးဘူး။ လက်ရှိအခြေအနေကို သိကြတဲ့ အတိုင်းပါပဲ။ တညီတညွတ်တည်းဖြစ်သွားဖို့က အလုံးစုံ ငြိမ်းချမ်းရေးရမှ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရှိမှ ဖွံ့ဖြိုးမှုရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့တွေက တစ်ဆင့် တိုင်းရင်းသားလူမျိုးစုတွေကြားထဲမှာ စိတ်နေသဘောထားတွေ သွင်းပေးနေပါတယ်။

**ဒေါက်တာအယ်လ်တူးမိန်းခေါင်**
**ညွှန်ကြားရေးမှူးချုပ်**
**တိုင်းရင်းသားအခွင့်အရေး**
**ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန**

**မေး။ ။ နည်းဥပဒေထုတ်ပြန် ပြီးခဲ့ရင် ဘယ်လို အကျိုးကျေးဇူးတွေ ရရှိမှာလဲ။**

ဖြေ။ ။ တိုင်းရင်းသားလူမျိုးတွေ တန်းတူညီမျှတဲ့ နိုင်ငံသားအခွင့်အရေးရရှိစေဖို့နဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့အခွင့်အရေးကို ဥပဒေနဲ့အညီ ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်ဖို့ အတွက် တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ နည်းဥပဒေထုတ်ပြန်နိုင်ရေးဆောင်ရွက်နေပါတယ်။

နည်းဥပဒေထုတ်ပြန်နိုင်ပြီးရင် ဥပဒေကို ပြည့်စုံပြီး ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ပိုမိုရှင်းလင်းစွာ လုပ်ဆောင်နိုင်မှာဖြစ်သလို ဖြစ်ပွားနေတဲ့ အငြင်းပွားမှုကိစ္စတွေကို နည်းဥပဒေအရ ဖြေရှင်းနိုင်တဲ့ အကျိုးကျေးဇူးတွေရရှိမှာ ဖြစ်ပါတယ်။

**မေး။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဒေသခံတိုင်းရင်းသားတွေကို အလုပ်ခန့်အပ်တဲ့ ရည်ရွယ်ချက်နဲ့ ရွေးချယ်ခန့်အပ်ခြင်းရဲ့ အကျိုးကျေးဇူးတွေကို ပြောပြပေးပါရှင်။**

ဖြေ။ ။ ဝန်ကြီးဌာနစတင်ကတည်းက အခြားဝန်ကြီးဌာနတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေကို ခေါ်ယူလွှဲပြောင်းထားရာမှာ တိုင်းရင်းသားအရေးကို ဆောင်ရွက်ဖို့ စိတ်ဝင်စားတဲ့သူတွေကို စိစစ်ပြီး ရွေးချယ်ခန့်အပ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရုံးတွေ ဖွင့်လှစ်တဲ့အခါမှာ ဒေသမှာရှိတဲ့ တိုင်းရင်းသားပြည်သူတွေထဲကနေ ရွေးချယ်ခန့်အပ်ခဲ့ပါတယ်။

ဒီလိုခန့်အပ်တဲ့အခါမှာ အားသာချက်က အလုပ်အကိုင်အခွင့်အလမ်းတိုးလာတာနဲ့ တစ်ပြိုင်နက်မှာ ကိုယ့်ဒေသရဲ့ တိုင်းရင်းသားအခွင့်အရေးစောင့်ရှောက်ရေးလုပ်ငန်းတွေမှာ သူတို့ကိုယ်တိုင်လည်း ပါဝင်ဆောင်ရွက်ခွင့်ရပါတယ်။ ဒေသခံတိုင်းရင်းသားတွေ ကိုယ်တိုင်ပါဝင်တဲ့အတွက် ဘာသာစကား ဆက်သွယ်ဆောင်ရွက်ရာမှာ အဆင်ပြေချောမွေ့မှုရှိတဲ့အတွက် လုပ်ငန်းတွေ ပိုမိုထိရောက်အောင်မြင်မှု ရရှိမှာ ဖြစ်ပါတယ်။

**မေး။ ။ ဥပဒေပါ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ အကြောင်းအရာများ၊ အသိပညာတိုးပွားဖို့အတွက် ဌာနရဲ့ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းတွေရှိရင် ဖြေကြားပေးပါရှင်။**

ဖြေ။ ။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရုံးတွေ အသီးသီးကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ တိုင်းရင်းသားပြည်သူတွေနဲ့ ထိတွေ့မှုကို စတင်ခဲ့တယ်။ သူတို့ရဲ့အခက်အခဲတွေကို ဆောင်ရွက်ပေးခဲ့တယ်။ တတိယနှစ်မှာ ခန့်ထားတဲ့ ဝန်ထမ်းတွေက ကျေးရွာအရောက် ပြည်သူတွေဆီ ၂၉ ကြိမ် ကွင်းဆင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီလုပ်ငန်းထဲမှာ ဝန်ကြီးဌာနရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေက ဘယ်လိုရှိတယ်၊ ကျွန်တော်တို့ လုပ်ပေးနိုင်တဲ့ နယ်ပယ်တွေက ဘယ်လိုရှိတယ်ဆိုတာ တိုင်းရင်းသားပြည်သူတွေကို ရှင်းပြပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တိုင်းရင်းသားတွေအကြား ဘယ်လိုလုပ်ငန်းနယ်ပယ်တွေမှာ ဦးစားပေးဆောင်ရွက်ချင်သလဲဆိုတာ စစ်တမ်းလုပ်ပါတယ်။ တိုင်းရင်းသားရေးရာ အခြေခံအချက်အလက်စစ်တမ်းကိုပါ တစ်ပါတည်းဆောင်ရွက်ခဲ့ပါတယ်။ ရလာတဲ့ရလဒ်တွေပေါ်အခြေခံပြီး မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးဆိုင်ရာမဟာဗျူဟာကို ရေးဆွဲသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ယခုနှစ်မှာရေးဆွဲမယ့် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာမူကြမ်းမှာ ဘယ်လိုအကြောင်းအရာတွေ ပါလဲဆိုတာ ရှင်းပြပေးပါရှင်။**

ဖြေ။ ။ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာမှာ နယ်ပယ် (၁၇)ရပ်ပါဝင်ပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးနဲ့ ရပိုင်ခွင့်ဆိုင်ရာတွေ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးနွယ်စုအမည် မှန်ကန်စွာမှတ်တမ်းပြုရေး၊ အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ ကာကွယ်ရေး၊ ကျား၊ မ တန်းတူရေး၊ လူငယ်ရေးရာများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေကို ထိန်းသိမ်းရေး၊ ပျောက်ကွယ်လုနီးပါးဖြစ်တဲ့ တိုင်းရင်းသားမျိုးနွယ်စုများ တည်တံ့ခိုင်မြဲရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ စီမံကိန်းတွေဆောင်ရွက်ရာမှာ ဒေသခံတွေကို ကြိုတင်ညှိနှိုင်းခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ဒေသခံတွေပါဝင်ရေး၊ ဆေးဖက်ဝင်အပင်တွေကို ထိန်းသိမ်းရေး၊ အငြင်းပွားမှုဖြေရှင်းရေး၊ ပဋိပက္ခဖြစ်ပွားမှုကို လျော့လာဆန်းစစ်ရေးစတဲ့ နယ်ပယ်တွေ ပါဝင်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာမူကြမ်းရေးဆွဲတဲ့ကာလ ဘယ်နနှစ်လဲဆိုတာ ပြောပြပေးပါဦးရှင်။**

ဖြေ။ ။ ၂၀၁၉-၂၀၂၈ အထိ ၁၀ နှစ်ကာလအတွက် ရေးဆွဲထားပါတယ်။ နောက်ပြီး အကောင်အထည်ဖော်မယ့် Strategic Planning ရေးဆွဲရမှာပါ။ ကနဦးရေးဆွဲမှာက မဟာဗျူဟာ ဖြစ်ပါတယ်။ အဲဒီမဟာဗျူဟာကို ရရှိနိုင်ဖို့ အကောင်အထည်ဖော်မယ့် နှစ်အလိုက် စီမံချက်တွေကို အတိအကျရေးဆွဲသွားမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတွေကနေ အဆိုပြုလာတာတွေကို ကာလအပိုင်းအခြားအလိုက် ဦးစားပေး အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ တိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို သိပါရစေရှင်။**

ဖြေ။ ။ တိုင်းရင်းသားတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနတွေ အားလုံးနဲ့ ကဏ္ဍစုံက ပူးပေါင်းဆောင်ရွက်နေတာတွေ ရှိပါတယ်။ One Stop Service ဝန်ဆောင်မှုပေးပါတယ်။ ကဏ္ဍအလိုက် တိုင်းဒေသကြီး၊ ပြည်နယ်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပါတယ်။ ချိတ်ဆက်တဲ့အခါမှာ လိုအပ်တယ်ဆိုရင် ပြည်ထောင်စုအဆင့်ကို တင်ပြတာတွေ ရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးရုံးကတစ်ဆင့် အခြားဝန်ကြီးဌာနတွေကို ချိတ်ဆက်ပြီး ဆောင်ရွက်သွားတာရှိပါတယ်။

**မေး။ ။ တိုင်းရင်းသားတွေကို ထောက်ပံ့ပေးမှုနဲ့ ပတ်သက်ပြီး သိပါရစေရှင်။**




ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဖြေ။ ။ ကွင်းဆင်းတွေ့ရှိချက်တွေကို ကရင် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးက ဦးဆောင်တင်ပြခဲ့ပြီး ဆလုံလူမျိုးတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေနဲ့ ထောက်ပံ့ပေးဖို့ ခွင့်ပြုခဲ့ပြီး စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်တွေကို တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက ကော်မတီတွေဖွဲ့စည်းပြီး အဲဒီဒေသတွေကို ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနဲ့ ပတ်သက်ပြီး ဆရာတို့ ဌာနအနေနဲ့ ပြောကြားချင်တာများ ရှိပါသေးလားရှင်။**

ဖြေ။ ။ ကျွန်တော်တို့ တိုင်းပြည်မှာ အဓိက လိုအပ်တာ ငြိမ်းချမ်းရေးပဲ။ တိုင်းရင်းသားတွေ ကြားထဲမှာ တူညီစွာခံစားရမှု မရှိဘူးဆိုတဲ့ စိတ်ခံစားချက်ကို လျှော့ပါးစေဖို့လိုပါတယ်။ ကွာဟချက်တွေ လျှော့ချဖို့ဆိုတာ ကဏ္ဍစုံ၊ ဘက်စုံဆောင်ရွက်နေတာတွေရှိသလို သူတို့ရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ဖို့ အရေးပါတဲ့ မူဘောင်ရှိပါတယ်။

တိုင်းရင်းသားတွေ ကြားထဲမှာ မတူညီမှုတွေ၊ ကွာဟချက်တွေ တဖြည်းဖြည်း ကျဉ်းမြောင်းလာတာနဲ့အမျှ သူတို့ရဲ့ပြည်ထောင်စုစိတ်ဓာတ်တွေ ပိုမိုခိုင်မာလာမယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေ အေးအတူပူအမျှ ပြည်ထောင်စုကြီးမှာ နေထိုင်လာမယ်။ နိုင်ငံတော်က ရည်မှန်းထားတဲ့ ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံတော်ကို အောင်မြင်စွာ ထူထောင်နိုင်အောင် ကျွန်တော်တို့ ဦးစီးဌာနက တစ်ထောင့်တစ်နေရာက ကြိုးပမ်းဆောင်ရွက်သွားပါမယ်လို့ ပြောကြားလိုပါတယ်။

**ဦးဝင်းနိုင်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန**

**မေး။ ။ တိုင်းရင်းသား ဝတ်စားဆင်ယင်မှုတွေ၊ အသုံးအဆောင်ပစ္စည်းတွေကို ပြခန်းနဲ့ ခင်းကျင်း ပြသထားရှိခြင်း ရည်ရွယ်ချက်ကို ရှင်းပြပေးပါဦး။**

ဖြေ။ ။ တိုင်းရင်းသား ဝတ်စားဆင်ယင်မှုတွေ၊ အသုံးအဆောင်ပစ္စည်းနဲ့ တူရိယာပစ္စည်းတွေကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကစပြီး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနရုံးမှာ ခင်းကျင်းပြသထားတာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုး ၅၀ ရဲ့ဝတ်စားဆင်ယင်မှုကို ပြသထားပြီးဖြစ်ပါတယ်။ နောက်ထပ်လည်း တိုင်းရင်းသားလူမျိုး ၃၀ ရဲ့ဝတ်စားဆင်ယင်မှုကို ဝန်ကြီးဌာနရဲ့ အစည်းအဝေးခန်းမကြီးမှာ ပြသထားဖို့ရှိပါတယ်။ ရည်ရွယ်ချက်က တစ်နေရာတည်းမှာ တိုင်းရင်းသား လူမျိုးစုတွေရဲ့ ဝတ်စားဆင်ယင်မှုတွေ၊ ရိုးရာအသုံးအဆောင်ပစ္စည်းတွေကို သိရှိနိုင်ဖို့ ရည်ရွယ်ထားရှိတာ ဖြစ်ပါတယ်။

**မေး။ ။ အခြေခံပညာကျောင်းတွေမှာ တိုင်းရင်းသားစာပေသင်ကြားပေးမယ့် ဆရာ၊ ဆရာမတွေ ခန့်ထားမှုနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦးရှင်။**

ဖြေ။ ။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ဒေသခံတိုင်းရင်းသား စာပေသင်ကြားနေတဲ့ ပြင်ပပုဂ္ဂိုလ် ဆရာဆရာမ ၅၁၆၁ ဦးကို နေ့စားလပေး (Teaching Assistant)တွေအဖြစ် ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းခန့်ထားခဲ့တာကြောင့် ဒေသခံတိုင်းရင်းသားတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ခဲ့ပါတယ်။

၂၀၂၀ ပညာသင်နှစ်မှာ နေ့စားလပေး (Teaching Assistant) ဆရာ ဆရာမတွေနဲ့ Language Teacher ဦးရေ ၁၀၀၀၀ ထပ်မံခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ အဓိက ရည်ရွယ်ချက်က အစိုးရစာသင်ကျောင်းတွေမှာ ဗမာစကားနားမလည်တဲ့ ကလေးတွေကို တိုင်းရင်းသားဘာသာစကားနဲ့ တွဲပြီး တိုင်းရင်းသားပညာရေးက ပြဋ္ဌာန်းထားတဲ့ စာကိုသင်ကြားမယ်ဆိုရင် ပိုပြီးအောင်မြင်တဲ့အတွက် လုပ်ဆောင်နေခြင်း ဖြစ်ပါတယ်။ ကလေးတွေရဲ့ကျောင်းထွက်နှုန်းကို လျှော့ကျသွားစေတဲ့ အပြင် တိုင်းရင်းသားစာပေကို ထိန်းသိမ်းမြှင့်တင် ဖော်ထုတ်ဖို့ကိုလည်း တစ်ပါတည်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

**မေး။ ။ ရှေ့ဆက် ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်များရှိရင် ပြောပြပေးပါရှင်။**

ဖြေ။ ။ တိုင်းရင်းသားကလေးငယ်တွေ အသိပညာဖွံ့ဖြိုးတိုးတက်စေဖို့ အခြေခံဖြစ်တဲ့ ပုံပြင်စာအုပ်(ရုပ်ပြ)တွေကို တိုင်းရင်းသားဘာသာ ၆၆ မျိုး ထုတ်ဝေဖို့ ဆောင်ရွက်နေပါတယ်။

အချပ်ပို(ဃ)သို့




ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ရိုးရာကောက်သစ်စားပွဲတော်ကို မောင်းတီး၍ ဖွင့်လှစ်ပေးစဉ်။

**အချပ်ပို(ဂ)မှ**

အဲဒီလုပ်ငန်းအတွက် တိုင်းရင်းသားဘာသာစကားသင် ဆရာဆရာမတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာတယ်။ တိုင်းရင်းသားစာပေကိုလည်း ပိုပြီးစိတ်ဝင်စားလာမယ်။

**မေး။ ။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး ဆောင်ရွက်ခဲ့တာ သိပါရစေရှင်။**

ဖြေ။ ။ ကျန်းမာရေးနဲ့ အားကစား ဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ကျန်းမာရေးစံပြုဆိုင်ရာ အချက်အလက်များ စာအုပ်ကို ၅၅ ဘာသာနဲ့ ဘာသာပြန်ထားပြီး မကြာမီထုတ်ဝေတော့မှာ ဖြစ်ပါတယ်။

**မေး။ ။ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ တိုင်းရင်းသားတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ခဲ့တာတွေ သိပါရစေရှင်။**

ဖြေ။ ။ ၂၀၁၈ ခုနှစ် မေလမှာ ရှမ်းမျိုးနွယ်စုထဲမှာပါဝင်ပြီး လူဦးရေ ၄၀၀၀ လောက်သာ ကျန်ရှိတော့တဲ့ ထနော့လူမျိုးတွေ အများစုနေထိုင်တဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမြို့နယ်နောင်အင်းကျေးရွာ၊ အောင်ပန်းမြို့နဲ့ ပင်လောင်းမြို့ကြားရှိ တောင်ပို့လုကျေးရွာတို့ကို ကွင်းဆင်းပြီး Documentary ရိုက်ကူးခဲ့တာ အခွေထွက်ရှိပြီး ဖြစ်ပါတယ်။ နောက်ထပ်လည်း ကယားပြည်နယ်မှာရှိတဲ့ ယင်းသလဲလူမျိုးတွေအကြောင်းကို မှတ်တမ်းတင်ရိုက်ကူးဖို့ အစီအစဉ်ရှိပါတယ်။

**မေး။ ။ ရိုက်ကူးပြီးသား Documentary ကို တိုင်းရင်းသားပြည်သူတွေ သိရှိဖို့ အစီအစဉ် ဆောင်ရွက်မှုတွေကို ပြောပြပေးစေချင်ပါတယ်။**

ဖြေ။ ။ ရိုက်ကူးပြီးတဲ့ Documentary ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ပေးအပ်ပြီး မီဒီယာတွေကို ပေးပို့ထားပါတယ်။ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ တိုင်းရင်းသားတွေက သူတို့ရဲ့အကြောင်းတွေကို ရိုက်ကူးတဲ့အခါ သူတို့ရဲ့ဝတ်စုံတွေအပေါ်မှာ တန်ဖိုးထားရကောင်းမှန်းသိလာပြီး သူတို့ကို အလေးထားတယ်ဆိုတဲ့ ခံစားချက်တွေ၊ သူတို့ အမျိုးကို သူတို့ထိန်းသိမ်းကာကွယ်စောင့်ရှောက်ချင်တဲ့စိတ်တွေ ပိုပြီး ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

**မေး။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ညွှန်ကြားရေးမှူးရုံးတွေမှာ ဆောင်ရွက်နေမှု အခြေအနေကို ပြောပြပေးပါရှင့်။**

ဖြေ။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ညွှန်ကြားရေးမှူးရုံးတွေမှာရှိတဲ့ ဝန်ထမ်းတွေ အနေနဲ့ တိုင်းရင်းသားစာပေ၊ ဘာသာစကားဆိုင်ရာတွေ၊ ရိုးရာဓလေ့နဲ့ ပတ်သက်တာတွေ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေကို ညွှန်ကြားချက်အတိုင်း လုပ်ဆောင်နေသလို ဝန်ကြီးရုံးက အခြားဝန်ကြီးဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။

**မေး။ ။ ဦးစီးဌာနအနေနဲ့ စာပေနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်ပေးခြင်းဖြင့် တိုင်းရင်းသားတွေကြားမှာ ဘယ်လိုအထောက်အကူ ပြုနိုင်မလဲရှင်။**

ဖြေ။ ။ နေ့ထူးနေ့မြတ် အခမ်းအနားတွေကို ဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနဲ့ အကြီးအကဲတွေ သွားရောက်ခြင်းဖြင့် တိုင်းရင်းသားတွေရဲ့စိတ်ထဲမှာ သူတို့ကို နိုင်ငံတော်က စောင့်ရှောက်တယ်၊ သူတို့တောင်းဆိုတင်ပြတဲ့ အခွင့်အရေးတွေကို ပစ်ပယ်ခြင်းမရှိဘူး၊ ဖြည့်ဆည်းပေးတယ်ဆိုတဲ့ စိတ်ခံစားမှုတွေ ဖြစ်လာပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စတွေအတွက် ပိုပြီး အထောက်အကူပြုမှာ ဖြစ်ပါတယ်။

**ဒေါက်တာနုမြင့်**

**ပြတိုက်ပညာရှင်**

**မေး။ ။ တိုင်းရင်းသားတွေရဲ့ ဒြပ်မဲ့ယဉ်ကျေးမှုကို ရှင်းပြပေးပါဦးရှင်။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ ဒြပ်ရှိယဉ်ကျေးမှုနဲ့ ဒြပ်မဲ့ယဉ်ကျေးမှုဆိုပြီး နှစ်ပိုင်း ရှိပါတယ်။ ဒြပ်ရှိယဉ်ကျေးမှုက မြေပြင်ပေါ်မှာ မြင်တွေ့နေရတဲ့ ဘုရားပုထိုးတွေ၊ နန်းတော်ရာ၊ ကျုံး၊ တံတိုင်း၊ တူးမြောင်း အစရှိတာတွေ ပြတိုက်တိုင်းမှာ ပြသထားတဲ့ ရှေးဟောင်းအမွေအနှစ်ပစ္စည်းတွေ၊ ဘုန်းတော်ကြီးကျောင်းမှာ စုဆောင်းထားတဲ့ ပစ္စည်းတွေ၊ ကိုယ်ပိုင် စုဆောင်းထားတဲ့ ပစ္စည်းတွေ ဒါတွေကို တစ်နည်းအားဖြင့် Tangible Culture Heritage (TCH)၊ လက်နဲ့ ထိတွေ့ကိုင်တွယ်လို့ရတဲ့ ရုပ်ဒြပ်ရှိပစ္စည်းတွေ ဖြစ်ပါတယ်။ ဒြပ်မဲ့ယဉ်ကျေးမှု Intangible Culture Heritage(ICH)က ပိုပြီးကျယ်ပြန့်သိမ်မွေ့ပါတယ်။ လက်နဲ့ ထိတွေ့လို့ မရဘူး၊ စိတ်နဲ့ပဲ ခံစားလို့ရပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသား ၁၃၅ မျိုးမှာ ကိုယ်ပိုင်ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တွေ အများကြီးရှိကြပါတယ်။ ဒါတွေကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက စာရင်းကောက်ယူပြီး နိုင်ငံတော်ကို တင်သွင်းမယ်။ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆိုတာ ဘာလဲဆိုတာ သိအောင် တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးက တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေကို နေပြည်တော်က ဝန်ကြီးရုံးမှာ သင်တန်းပေးပါတယ်။ ကျွန်မက ဒြပ်မဲ့ယဉ်ကျေးမှုရဲ့ဇဟိုကော်မတီဝင် တစ်ယောက်အနေနဲ့ သာမက ပညာရှင်အဖွဲ့ဝင်လည်း ဖြစ်တဲ့အတွက် အဲဒီသင်တန်းမှာ ပါဝင်ပြီး သင်တန်းပို့ချနေပါတယ်။

**မေး။ ။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရဲ့ ဒြပ်မဲ့ယဉ်ကျေးမှုကို ထိန်းသိမ်းထားတဲ့ အပေါ်မှာ ဆရာမရဲ့အမြင်လေးကို ပြောပြပေးပါရှင့်။**

ဖြေ။ ။ နိုင်ငံတိုင်းမှာ ကိုယ်ပိုင် ဒြပ်မဲ့ ယဉ်ကျေးမှုဆိုတာရှိကြပါတယ်။ ဒြပ်မဲ့အမွေအနှစ်ရဲ့ သဘောကို သင်တန်းပေးမှသာလျှင် နောင်လာနောက်သားမျိုးဆက်သစ်တွေ နားလည်မှာပါ။ သူတို့နားလည်မှ မပျောက်ပျက်အောင် ဘယ်လိုထိန်းသိမ်းရမလဲဆိုတာ သိမှာပါ။ ကျွန်မအနေနဲ့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနရဲ့ လုပ်ငန်းတွေဖြစ်တဲ့ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းမှာရော ပြတိုက်ပြခန်းလုပ်ငန်းတွေမှာပါ ပါဝင်ဆောင်ရွက်ခွင့်ရတဲ့အတွက် အများကြီးဝမ်းသာဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

**ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်**

**နာယက**

**မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်း**

**မေး။ ။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက သံတမန်အဖြစ် ဆောင်ရွက်တဲ့ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကြီးအပေါ်မှာ ဆရာ့ရဲ့ သုံးသပ်ချက်ကို ပြောပြပေးစေချင်ပါတယ်။**

ဖြေ။ ။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးတဲ့ အချိန်ကစပြီး ဒီနေ့အထိ ပဋိပက္ခတွေရှိတယ်။ ပဋိပက္ခအများစုဟာ တိုင်းရင်းသားတွေနဲ့ ပတ်သက်နေတယ်။ တိုင်းရင်းသားနဲ့ ငြိမ်းချမ်းရေးဟာ ဆက်စပ်နေတယ်။ ငြိမ်းချမ်းရေးကို ထဲထဲဝင်ဝင်လုပ်မယ့် ဝန်ကြီးဌာနတစ်ရပ်၊ သံသယတွေကို ယုံကြည်မှုတည်ဆောက်တဲ့ လုပ်ငန်းကို ဒီဝန်ကြီးဌာနက ဆောင်ရွက်နေတာပါ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ငြိမ်းချမ်းရေးက ချိတ်ဆက်နေပါတယ်။ စီးပွားရေးလုပ်ဖို့ ဖွဲ့တဲ့ အသင်းအဖွဲ့မဟုတ်ဘဲ တိုင်းရင်းသားလုပ်ငန်းရှင်တွေ စီးပွားရေးလုပ်ချင်အောင် ပံ့ပိုးကူညီပေးပြီး ပျိုးထောင်ပေးတဲ့ အသင်းဖြစ်အောင် တိုက်တွန်းလိုပါတယ်။

**မေး။ ။ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးတွေရဲ့ ရိုးရာအဝတ်အစား အသုံးအဆောင်ပစ္စည်းတွေနဲ့ပတ်သက်လို့ နိုင်ငံတကာ ဈေးကွက်ဝင်နိုင်အောင် ဘယ်လိုဆောင်ရွက်ဖို့လိုမယ်လို့ အန်ကယ်အနေနဲ့ ထင်ပါသလဲ။**

ဖြေ။ ။ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရဲ့ အဝတ်အစားတွေ၊ အသုံးအဆောင်တွေဟာ ကမ္ဘာ့ဈေးကွက်ထဲ ဝင်နိုင်ပါတယ်။ ထူးခြားတဲ့ဝိသေသရှိတဲ့ အပြင်အဆင် အနေအထိုင်၊ အစားအသောက်တွေရှိတဲ့ အာဆီယံနိုင်ငံ ၁၀ နိုင်ငံဟာ ယဉ်ကျေးမှုတူတယ်။ အနေအထိုင် အစားအသောက် နည်းနည်းလေးတူတဲ့ နိုင်ငံအချင်းချင်း ဒါတွေကို ဖလှယ်နိုင်ရင် သိပ်ကောင်းမယ်လို့ ယူဆပါတယ်။ တိုင်းရင်းသားတွေရဲ့ လိုအပ်ချက်က ဥပဒေတွေ ဖြစ်ပါတယ်။ ဥပဒေရဲ့ လွှမ်းမိုးမှုရှိရင် စီးပွားရေးအတွက်ရော အားလုံးအတွက် အထောက်အကူ ဖြစ်ပါတယ်။ တိုင်းရင်းသားအရေးကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေတွေဆိုတာ ကြိုဆိုရမှာပါ။

**မင်းဗညားစန်း**

**အထွေထွေအတွင်းရေးမှူး**

**မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း**

**မေး။ ။ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းရဲ့ ရည်မှန်းချက်နဲ့ မျှော်မှန်းချက်ကို သိပါရစေရှင်။**

ဖြေ။ ။ ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ လုပ်ငန်းရှင်အဆင့် မဟုတ်သေးပါဘူး။ အရေးကြီးဆုံးက တိုင်းရင်းသားလုပ်ငန်းရှင်တွေ ပေါ်ထွန်းလာအောင်၊ တိုင်းရင်းသားလုပ်ငန်းရှင်တွေက တိုင်းရင်းသားတွေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို ကြိုးစားရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်နဲ့ ငြိမ်းချမ်းရေးအတွက် တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်မယ်လို့ မျှော်မှန်းပါတယ်။ တရုတ်နိုင်ငံနဲ့ အခြားနိုင်ငံတွေကို စီးပွားရေးလုပ်ငန်းတွေမှာ နည်းပညာတွေ ပံ့ပိုးပေးဖို့ကို ကမ်းလှမ်းထားပြီး အခြားဆွေးနွေးထားတဲ့ နိုင်ငံတွေတော်တော်များများရှိပါတယ်။ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနဲ့ချိတ်ဆက်ပြီး တိုင်းရင်းသားဒေသတွေကို ဦးစားပေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ အသင်းကြီးရဲ့ဆောင်ရွက်ချက်တွေကို သိပါရစေရှင်။**

ဖြေ။ ။ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းပြီးတဲ့နောက် ၇ လအကြာမှာ ဒီအသင်းကြီးရဲ့ အောက်ခြေအသင်းတွေကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီနောက်မှာ ပထမဆုံး တိုင်းရင်းသားလုပ်ငန်းတွေရဲ့စီးပွားရေး တိုးတက်ဖို့နဲ့ အထောက်အကူဖြစ်ဖို့အတွက် **“သွေးချင်းတို့ရဲ့ပွဲတော်ဆီ”** ပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ဒီပွဲတော်မှာ လူဦးရေ စုစုပေါင်း ၁၀ သိန်းခန့် တက်ရောက်ပါတယ်။

**မေး။ ။ သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ပွဲတော်ကျင်းပခြင်းဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ဘယ်လိုအကျိုးကျေးဇူး ရရှိခဲ့ပါသလဲ။**

ဖြေ။ ။ ပွဲတော်မှာ တိုင်းရင်းသား တစ်မျိုးချင်းအလိုက် ဒေသတွေကို ပြသထားတယ်။ ပွဲတော်ပြီးတော့ တိုင်းရင်းသားဒေသတွေကို ခရီးသွားတွေတော်တော်များများ သွားကြတာ တွေ့ရပါတယ်။ အခုက ပြည်တွင်းကို စိတ်ဝင်စားကြတယ်။ ပြည်တွင်းခရီးသွားလာမှုကို တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီနိုင်ပါတယ်။ ပြည်ပဧည့်သည်တွေက ပံ့မှန်ဝင်ရောက်လာတာ တွေ့ရပါတယ်။

**ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ်ရှင်။ ။**